# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၅၅)

၁၂၇၅ ခုနှစ်က ၀ တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၂၀၁၅ ခုနှစ်၊ မတ် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။


ဒီမိုကရေစီနိုင်ငံတိုင်း ပါတီအမျိုးမျိုးရှိတယ်။ ယခုတလော အစိုးရအမှုထမ်းတွေ နိုင်ငံရေးထဲ ဝင်သင့်/မဝင်သင့်ဆိုတဲ့ ပြဿနာတစ်ခု ပေါ်နေတယ်။ သာမန်အားဖြင့် အစိုးရအမှုထမ်းတွေ နိုင်ငံရေးကို ထိရောက်စွာဝင်ရောက်ဆောင်ရွက်လျှင် အကျိုးထက် အပြစ်ကပိုလိမ့်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့၌ ပြောကြားခဲ့သောသြဝါဒစကားမှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း သာသနာ့မဟာဗိမာန်တော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၃**

၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တာဝန်ရှိသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ *စာမျက်နှာ ၈ ကော်လံ ၆* ✳



# ရန်ကုန်မြို့၌ အသေးစားစက်မှုဥယျာဉ်တည်ဆောက်မည်

သတင်း- ဝေယံဦး

**ရန်ကုန် မတ် ၃**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးရန် လိုအပ်လျက်ရှိရာ ယခုအခါ ရန်ကုန်မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အသေးစားစက်မှုဥယျာဉ်တစ်ခု တည်ဆောက်ရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်နေပြီဖြစ်သည်။

မြန်မာနိုင်ငံ၌ ပထမဆုံးပေါ်ထွက်လာမည့် ပုဂ္ဂလိကပိုင် အသေးစား စက်မှုဥယျာဉ်ကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မလစ်ကျေးရွာအနီး မြေဧရိယာအကျယ်အဝန်းဧက ၄၀၀ ပေါ်၌ တည်ဆောက်သွားရန် စီစဉ်ထားသည်။ အသေးစားပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ပတ်ဝန်းကျင်အနှောင့်အယှက်ကင်းကင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အသေးစား စက်မှုဥယျာဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြီးခဲ့သည့် ဇန်နဝါရီ ၂၆ ရက်မှ စတင်ကာ တင်ဒါလျှောက်လွှာများ စတင်ရောင်းချခဲ့ပြီးဖြစ်ရာ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၄ ရက် နောက်ဆုံးထားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လျှောက်ထားခဲ့ကြသည်။

အသေးစား စက်မှုဥယျာဉ်ကို ရန်ကုန်မြို့ ဒဂုံမြို့သစ်မြို့နယ် မလစ်ရွာအနီး ကွင်းအမှတ် ၁၁၀၄ ဦးပိုင် *စာမျက်နှာ ၁၁ ကော်လံ ၆* ●

## အီရတ်သို့ ဩစတြေးလျတပ်ဖွဲ့ဝင် ၃၀၀ ထပ်မံစေလွှတ်မည်

*စာမျက်နှာ » ၄*

## ဥပဒေစကား ပြောကြားပါရစေ

*ဆောင်းပါး*

*စာမျက်နှာ » ၆*




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သမဝါယမချေးငွေနှင့် ကျေးလက်ဖွံ့ဖြိုးရေး

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြပါသည်။ အများစုမှာ လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်ကြခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ကြပါသည်။ နိုင်ငံတော်က ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းလျှော့ချသွားရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိပါသည်။ ဤသို့ ဆင်းရဲမှုလျှော့ချရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးသည် အခြေခံအကျဆုံးဖြစ်ပါသည်။

ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းမှုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ကျေးလက်နေ ပြည်သူများ၏ အခြေခံစီးပွားရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရာတွင် နည်းပညာနှင့် ငွေကြေး အရင်းအနှီးသည် အလိုအပ်ဆုံးဖြစ်ပါသည်။ ထို့ကြောင့်လည်း သမဝါယမဝန်ကြီးဌာနက လိုအပ်သော အရင်းအနှီးချေးငွေများ ထုတ်ချေးလျက်ရှိရာ တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ချေးယူ၍ အရင်းအနှီးချေးငွေမရသေးသော လယ်သမားမိသားစုများအား ထုတ်ချေးပေးရန် စီစဉ်လျက်ရှိပါသည်။

အဆိုပါအမေရိကန်ဒေါ်လာ သန်း ၃၀၀ ချေးယူရေးအတွက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့တွင် အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ ယင်းအစီအစဉ်တွင် အမေရိကန်ဒေါ်လာသန်း ၂၂၀ ကို အသေးစားနှင့် အရင်းအနှီးချေးငွေမရရှိသေးသည့် အသင်းသားပြည်သူများသို့ ထုတ်ချေးပေးသွားရန် ပါဝင်လျက်ရှိသည်။

ချေးငွေရရှိပြီးသူများအတွက် ငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ပေးရန် အမေရိကန် ဒေါ်လာ သန်း ၅၀ သုံးစွဲသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ထို့အတူ လယ်ယာသုံးပစ္စည်းများကို လယ်သမားများက ကြိုက်နှစ်သက်ရာဝယ်ယူမှုအပေါ် အရစ်ကျငွေချေးစနစ်ဖြင့် ကြားခံဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ သန်း ၃၀ လျာထားကြောင်း သိရသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ ကျေးရွာပေါင်း ၆၃၉၈၃ ရွာရှိပြီး အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း လွှမ်းခြုံနိုင်သော ကျေးရွာ ၂၃၄၅၁ ရွာသာရှိပါသည်။ ကျန်ရှိကျေးရွာများ ယခုချေးငွေဖြင့် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိပါသည်။ ကျေးလက်နေပြည်သူများအနေဖြင့်လည်း ယခုရရှိသောချေးငွေကို အသုံးပြုကာ စိုက်ပျိုးရေး၌ဖြစ်စေ၊ မွေးမြူရေး၌ဖြစ်စေ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ရရှိသော ချေးငွေများကိုအခြားနည်းလမ်းဖြင့် ဖြုန်းတီးမပစ်ရန် အထူးဂရုပြုရမည့်အချက်ဖြစ်ပါသည်။

သို့ပါ၍ အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ အရစ်ကျချေးငွေစနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတို့ကို တစ်နိုင်ငံလုံး ကျယ်ပြန့်ထိရောက်အောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု၊ လယ်ယာထုတ်ကုန်တိုးပွားပြီး တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကို မလွဲမသွေ ရရှိလာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။

★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

# မြို့တော်အင်္ဂါရပ်နှင့်ညီသော ဈေးလေးဖြစ်စေလို

**နေပြည်တော် မတ် ၃**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင်ရှိသော ချယ်ရီဈေးလေးမှာ အလွန်စည်ကားသော ဈေးလေးဖြစ်သည်။ ၎င်းဈေးလေးသည် အရာထမ်း/ဝန်ထမ်းအိမ်ရာတွင်ရှိသော ဈေးလေးဖြစ်သောကြောင့် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ပိုမိုစည်ကားသည်။

ရပ်ကွက်အတွင်းရှိ ပြည်သူများ သာမက အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)တွင် နေထိုင်ကြသော ရပ်နီးရပ်ဝေးမှ အားကစားမောင်မယ်များ၊ စိုက်ခင်းသုံးကျေးရွာမှပြည်သူများ လာရောက်ဝယ်ယူအားပေးကြသော ဈေးလေးဖြစ်သည်။

အဆိုပါဈေးလေးတွင် ဈေးရုံသုံးရုံသာ ဖွဲ့စည်းပေးထားသော်လည်း ဝယ်လိုအား များလာသည့်အတွက် ရောင်းချနေသည့် ဆိုင်ခန်းအင်အားနည်းနေ၍ ခေါင်းရွက်ဗျပ်ထိုးဈေးသည်(ပျံကျ)သာ ရောင်းချခွင့်ပြုထားသော နေရာတွင် မိမိအစီအစဉ်နှင့် ဆိုင်ခန်းများ ဆောက်လုပ်၍ရောင်းချနေသည်ကို တွေ့ရသည်။

ထိုဈေးသို့ လာရောက်ဝယ်သော ပြည်သူတစ်ဦးက "ဒီဈေးလေးက အလွန်စည်ကားနေပြီ။ ဒါကြောင့်လည်း ဈေးရောင်းချလိုသူတွေက ရုံသုံးရုံပေါ်မှာ ဆိုင်ခန်းတွေမရှိတော့လို့လား တော့မသိဘူး၊ အောက်မှာပဲ ဖြစ်သလိုဆောက်ပြီး ဈေးရောင်းနေရတယ်။ တကယ်လို့ သက်ဆိုင်ရာကသာ ဆိုင်ခန်းတွေကို စနစ်တကျနဲ့ ထပ်ဆောက်ပေးရင် အဆင်ပြေမယ်ထင်တယ်။ အခုတော့ ဆိုင်ခန်းတွေက ဝါးတို့ သစ်တို့ မိုးကာတို့နဲ့ ဆောက်ထားတဲ့အတွက် မီးဘေးစိုးရိမ်ရသလို၊ တစ်ခန်းနှင့်တစ်ခန်းကပ်နေတော့ လူစည်ကားတဲ့နေ့တွေဆို ခိုးမှု အလစ်သုတ်မှုတွေခဏခဏဖြစ်နေတယ်ဗျာ။

**ထင်သာမြင်သာပြုပြင်စရာ**

မလိုလားအပ်တဲ့ ပြဿနာတွေ ပပျောက် သွားအောင် ဆိုင်ခန်းတွေကို စနစ် တကျနဲ့ ဆောက်လုပ်ပေးစေချင်တယ်။ ဒါဆိုရင် မှုခင်းတွေ လျော့နည်းသွားပြီး မီးဘေးလည်း မစိုးရိမ်ရတော့ဘူး၊ နေပြည်တော်မြို့တော်ရဲ့ အင်္ဂါရပ်နဲ့ညီတဲ့ ဈေးလေးလည်း ဖြစ်သွားတာပေါ့" ဟု ပြောကြားသည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးဝင်းအတွင်း မတ် ၃ ရက်က ခရိုင်ဌာနဆိုင်ရာရုံးများ လျှပ်စစ်အား ပိုမိုကောင်းမွန်စွာ အသုံးပြုစေနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ၁၀၀ (KVA)ရှိ ထရန်စဖော်မာ တစ်လုံးကို တပ်ဆင်နေစဉ်။ (၄၀၆)

## ၃၁-ဘုံဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ဟိုပန် မတ် ၃**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ မဟာအတုလမောရမှန်ကူသယ္ဘူ(ခေါ်) ၃၁-ဘုံဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏(၂၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က အဆိုပါ စေတီရင်ပြင်၌ ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့်ဇနီး ဒေါ်စောနန်းပန်မိသားစုက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်သံဃာတော်များက ဗုဒ္ဓပူဇနိယပွဲတော်ကို အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၉-၁၀၄၁ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၇၀၀၀-၃၁၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၈၇ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၀၀-၃၇၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၃၅၀-၂၇၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၄၀၀-၂၅၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၅၄၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ(?)

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

## ဂျာမနီနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးစိုးနွယ်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

## ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ဂျာမနီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

## ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးချိုထွန်းအောင်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးချိုထွန်းအောင်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

# ဒုတိယသမ္မတ ဦးညွှန့်ထွန်း လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့်အဖွဲ့ အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၃**

ဒုတိယသမ္မတဦးညွှန့်ထွန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆိုလစ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရေး၊ အလားအလာရှိသော ကဏ္ဍသစ်များကို ဖော်ထုတ်၍ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ကုန်သွယ်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ခရီးသွားကဏ္ဍပိုမိုတိုးမြှင့်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးကျော်ကျော်ဝင်း၊ ဦးအုန်းသန်း၊ ဒေါ်လဲ့လဲ့သိန်းနှင့် ဦးချန်မောင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး မစ္စတာ လိုင်ရင်းဆိုင်ညဖန်လည်း တက်ရောက်သည်။

(သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၃**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Bruce Rata Shepherd အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)



# (၁၁)ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်စည်းဝေး



**နေပြည်တော် မတ် ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆိုလစ်တို့ ဦးဆောင်၍ (၁၁)ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဂရန်းဒ်အမရဟိုတယ် တောင်ငူခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

နှစ်နိုင်ငံပူးတွဲကော်မရှင်အစည်းအဝေးတွင် မြန်မာ-လာအို ချစ်ကြည်ရေးတံတားစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရေးခရီး အပြန်အလှန် လည်ပတ်ခြင်း ကိစ္စရပ်များ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ သတ္တုတွင်းကိစ္စရပ်များနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဝန်ကြီးအဆင့် ပူးတွဲကော်မရှင် အစည်းအဝေးမတိုင်မီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်နှင့် လာအိုနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Ms. Khamphao ERNTHAVANH တို့ဦးဆောင်၍ ယမန်နေ့က နေပြည်တော်ရှိ ဂရန်းဒ်အမရဟိုတယ်၊ တောင်ငူခန်းမ၌ ကျင်းပခဲ့ရာ နှစ်နိုင်ငံ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၁၁ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training ) သို့ ပညာသင် ၁၇၃ ဦး စုစုပေါင်းပညာသင် ၁၈၄ ဦးကို ပြည်ပနိုင်ငံ ၁၄ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဖေဖော်ဝါရီလအတွင်း နိုင်ငံ့ဝန်ထမ်းများအား အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**မိုးလေဝသ အခြေအနေ**

**နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတကာသတင်း

# အီရတ်သို့ ဩစတြေးလျတပ်ဖွဲ့ဝင် ၃၀၀ ထပ်မံစေလွှတ်မည်



**ဆစ္စဒနီ မတ် ၃**

ဩစတြေးလျ နိုင်ငံအနေဖြင့် အီရတ်နိုင်ငံရှိ တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးမှုများ ပိုမိုလုပ်ဆောင်နိုင်ရန် တပ်ဖွဲ့ဝင်များ သိသိသာသာ တိုးမြှင့်စေလွှတ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်တိုနီအက်ဘော့(တ်)ကကြေညာလိုက်သည်။

နယူးဇီလန်နှင့် ပူးပေါင်းဆောင်ရွက်သည့်မစ်ရှင်သို့ ဩစတြေးလျနိုင်ငံက တပ်ဖွဲ့ဝင် ၃၀၀ ထပ်မံစေလွှတ်သွားမည် ဖြစ်ကြောင်း မစ္စတာ အက်ဘော့(တ်)က ပြောကြားသည်။

အဆိုပါ ဩစတြေးလျတပ်ဖွဲ့ဝင်များသည် အီရတ်တပ်ဖွဲ့ဝင်များအား စစ်သင်တန်းပေးနေသော အထူးတပ်ဖွဲ့ဝင် ၂၀၀ နှင့်သွားရောက်ပူးပေါင်းမည်ဖြစ်သည်။ ဩစတြေးလျ တော်ဝင်လေတပ်မတော်သည် အောက်တိုဘာလက အီရတ်ရှိ အိုင်အက်စ်စစ် သွေးကြွများအား လေကြောင်းမှ ဦးဆောင်တိုက်ခိုက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းတိုက်ခိုက်လျက်ရှိသည်။

နိုင်ငံတကာ လုံခြုံရေးအတွက် အိုင်အက်စ် စစ်သွေးကြွများအား တိုက်ခိုက် ချေမှုန်းပေးနေသည့် အီရတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ပေးရမည်ဖြစ်ကြောင်း မစ္စတာ အက်ဘော့(တ်)က ပြောကြားသည်။

အဆိုပါ လေ့ကျင့်ပေးရေးမစ်ရှင်သည် နှစ်နှစ်အထိကြာနိုင်ကြောင်း၊ တစ်နှစ်ကြာပြီးနောက် ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ၄င်းက ပြောသည်။ အီရတ်၌ ဩစတြေးလျတပ်ဖွဲ့ဝင် စုစုပေါင်း ၉၀၀ အထိ ရှိသွားပြီဖြစ်သည်။ **(ဘီဘီစီ)**

# ဘရာဇီးလ်နိုင်ငံသားအား သေဒဏ်စီရင်မှု အင်ဒိုနီးရှားရွှေ့ဆိုင်း

**ဂျကာတာ မတ် ၃**

ဘရာဇီးလ်လူမျိုး မူးယစ်မှောင်ခိုဖြစ်သူ ဂူလာတီအနေဖြင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုရှိခဲ့လျှင် ၎င်းအပေါ်တွင် ချမှတ်ထားသည့် သေဒဏ်စီရင်ချက်ကို ရွှေ့ဆိုင်းမည်ဟု အင်ဒိုနီးရှား ဒုတိယသမ္မတ ဂျူဆပ်ဖ်ကယ်လာက ပြောသည်။

အသက် ၄၂ နှစ်အရွယ်ရှိ ဘရာဇီးလ်နိုင်ငံသား Rodrigo Gularteသည် အင်ဒိုနီးရှားနိုင်ငံသို့ ကိုကင်းများမှောင်ခိုသယ်ဆောင်လာမှုအတွက် ၂၀၀၅ ခုနှစ်တွင် သေဒဏ်ချမှတ်ခြင်းခံထားရသည်။ ၎င်းသည် ယခုလအတွင်း သေဒဏ်စီရင်ရန် အမိန့်ချထားခြင်းခံထားရသည့် ၁၁ ဦးထဲမှ တစ်ဦးဖြစ်သည်။

သေဒဏ်ချမှတ်ခြင်း ခံထားရသူများထဲတွင် ဩစတြေးလျနိုင်ငံသား နှစ်ဦး၊ ဖိလစ်ပိုင်၊ ပြင်သစ်၊ နိုင်ဂျီးရီးယား၊ အင်ဒိုနီးရှားနှင့် ဂါနာနိုင်ငံတို့မှ တစ်ဦးစီ ပါဝင်သည်။ လွန်ခဲ့သည့်နှစ်က ဂူလာတီ၏ မိသားစုသည် ဂျကာတာရှိ ဘရာဇီး သံရုံး၏ အကူအညီဖြင့် ၎င်း၏စိတ်ကျန်းမာရေးစစ်ဆေးမှုကို အဖြေရှာခဲ့ကြသည်။

ထို့ပြင် ဂူလာတီ၏ မိသားစုဝင်များသည် ၎င်းအနေဖြင့် စိတ်ကစဉ့်ကလျားရောဂါခံစားနေရကြောင်း အသနားခံစာတင်ခဲ့သည်။ သို့သော်လည်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက သေဒဏ်ချမှတ်ခြင်းခံထားရသည့် လူ ၁၁ ဦး၏ ပြစ်ဒဏ်စီရင်မှုကို မည်သည့်အရာကမျှ ပယ်ဖျက်၍မရကြောင်း သတိပေးခဲ့ပြီး နိုင်ငံခြားတိုင်းပြည်များအနေဖြင့် အာရှနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် မေတ္တာရပ်ခံထားသည်။

၁၁ ဦးထဲမှ ခြောက်ဦးကို ဇန်နဝါရီလအတွင်းက အဆုံးစီရင်ခဲ့ပြီးဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ ကြိုးတိုက်ထဲတွင် လူ ၁၃၈ ဦး ထိန်းသိမ်းထားပြီး အများစုမှာ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သူများဖြစ်ကြသည်။ မူးယစ်ဆေးဝါးအမှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသည့် တရားခံများသည် သေဒဏ်အပါအဝင် ပြင်းထန်သည့် ပြစ်ဒဏ်များ ကျခံရမည်ဖြစ်သည်။ **(ပရက်စ်တီဗွီ)**

# အာဖဂန်စစ်ဆင်ရေး၌ တာလီဘန်တပ်ဖွဲ့ဝင်ကိုးဦးသေဆုံး

**ကဘူးလ် မတ် ၃**

မငြိမ်မသက် ဖြစ်နေသော ပြည်နယ်များမှ သောင်းကျန်းသူများအား အာဖဂန်အမျိုးသားလုံခြုံရေးအင်အားစု (ANSF)က အင်အားသုံးနှိမ်နင်းရာ တာလီဘန်စစ်သွေးကြွ ကိုးဦးသေဆုံးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက အင်္ဂါနေ့က ပြောကြားသည်။

မနေ့က အာဖဂန်အမျိုးသားလုံခြုံရေးအင်အားစုသည် ဟီရတ်၊ ဖာရတ်၊ ဂါဇနီ၊ ဟယ်လ်မန်၊ ကန်ဒဟာ၊ ယူရဂန်၊ ပတ်တီကာ၊ တက်ကာ၊ သီရိပေါလ်နှင့် ခွတ်စ်ပြည်နယ်များတွင် စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။ အဆိုပါစစ်ဆင်ရေးတွင် တာလီဘန်ကိုးဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိကာ ငါးဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်ဟု ပြည်ထဲရေးက ဖော်ပြသည်။

ANSF သည် လက်နက်များ သိမ်းဆည်းကာ စစ်သွေးကြွများ ထောင်ထားသော ဗုံးနှစ်လုံးကို ဖယ်ရှားနိုင်ခဲ့သည်ဟု သိရသည်။

ဆယ်စုနှစ် တစ်ခုကျော်ကြာ ဆင်နွှဲလာခဲ့သည့် တာလီဘန်တို့၏ ဆူပူသောင်းကျန်းမှုများကို အပြီးသတ်ချေမှုန်းနိုင်ခြင်း မရှိသည့်အတွက် ဝေဖန်မှုများထွက်ပေါ်လျက်ရှိသည်။ **(ပရက်စ်တီဗွီ)**



# လစ်ဗျားအရှေ့ပိုင်းရေနံလုပ်ကွက်များ စစ်သွေးကြွများတိုက်ခိုက်

**ထရီပိုလီ မတ် ၃**

တက်ဖရီစစ်သွေးကြွများက လစ်ဗျားနိုင်ငံအရှေ့ပိုင်းရှိ ရေနံလုပ်ကွက်သုံးခုနှင့် ပိုက်လိုင်းတစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။ အဆိုပါစစ်သွေးကြွများက တနင်္လာနေ့တွင် ဘာဟီနှင့်မာဘရော့ ရေနံလုပ်ကွက်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့်အပြင် အက်ဆီဒရာ ဆိပ်ကမ်းသို့ပို့လွှတ်ရာ ရေနံပိုက်လိုင်းကိုလည်းတိုက်ခိုက်ခဲ့ကြောင်း၊ တိုက်ခိုက်မှုကြောင့် ရေနံအဆောက်အအုံများ မီးလောင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

စစ်သွေးကြွများက တတိယမြောက် ရေနံလုပ်ကွက်ဖြစ်သည့် အယ်လ်ဒါဟာကို တိုက်ခိုက်စဉ် လစ်ဗျားလုံခြုံရေးတပ်များက ပြန်လည်တိုက်ထုတ် နိုင်ခဲ့သည်ဟု သတင်းများကဆိုသည်။ ယင်းတိုက်ခိုက်မှု များအပေါ် လစ်ဗျားတာဝန်ရှိသူများက အပြစ်ပြောဆို လျက်ရှိသည်။

ယင်းတိုက်ခိုက်မှုများကြောင့် လစ်ဗျားနိုင်ငံ၏ ရေနံတင်ပို့မှု ကျဆင်းသွားနိုင်ပြီး လက်ရှိအခြေအနေတွင် တစ်နေ့လျှင် ရေနံစည်ပေါင်း ၃၅၀၀၀၀ ထုတ်လုပ်လျက်ရှိရာ ၂၀၁၁ ခုနှစ်က ထုတ်လုပ်နိုင်သည့် တစ်နေ့စည်ပေါင်း ၁ ဒသမ ၆ သန်းနှင့် နှိုင်းစာလျှင် ကျဆင်းသွားနိုင်သည်ဟု ဆိုသည်။

**(ပရက်စ်တီဗွီ)**

# ဒိန်းမတ်၌ လူနှစ်ဦးပစ်သတ်ခံရ

**ကိုဖန်ဂန် မတ် ၃**

တနင်္လာနေ့ညပိုင်းက ဒိန်းမတ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက အင်္ဂါနေ့အစောပိုင်းက ဖော်ပြသည်။

သေနတ်ပစ်ခတ်မှုသည် ဘောန်ဟိုလမ်ကျွန်းစုပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဒိန်းမတ်ပိုင်ရစ်ဇော့သတင်းအေဂျင်စီက ဖော်ပြသည်။

"လူသုံးဦး သေနတ်ထိမှန်ခဲ့တယ်လို့ ကျွန်တော်တို့အတည်ပြုနိုင်တယ်။ နှစ်ဦးသေဆုံးပြီး တစ်ယောက်က ဒဏ်ရာအပြင်းအထန်ရထားတယ်"ဟု ဘောန်ဟိုလမ်ရဲဌာနမှ ထောက်လှမ်းရေးအရာရှိ ပီတာဂျော်ဂျန်ဆန်က ပြောကြားသည်။ ၎င်းအနေဖြင့် ထို့ထက်ပို၍ အသေးစိတ်ပြောပြခဲ့ခြင်းမရှိပေ။ ပြီးခဲ့သည့်ဖေဖော်ဝါရီ ၁၄ ရက်ကလည်း ယဉ်ကျေးမှုဗဟိုဌာနရှေ့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် ဒိန်းမတ်နိုင်ငံ ကိုဖန်ဂန်မြို့တော်၌ ပစ်ခတ်မှု အသီးသီးဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့သည်။ ယခုဖြစ်ပွားမှုတွင် ရဲများက သေနတ်သမားများကို အသေပစ်ခတ် ဖမ်းဆီးခဲ့ရသည်ဟု သိရသည်။ **(ဆင်ဟွာ)**

# တရုတ်နိုင်ငံအလယ်ပိုင်းတွင် ဘတ်စ်ကားတစ်စီး ချောက်ကမ်းပါးမှပြုတ်ကျ လူ ၂၀ ဦးသေဆုံး



**ပေကျင်း မတ် ၃**

တရုတ်နိုင်ငံ အလယ်ပိုင်းတွင် ဘတ်စ်ကားတစ်စီး ချောက်ကမ်းပါးမှ ပြုတ်ကျပြီးနောက် လူ ၁၃ ဦးဒဏ်ရာရရှိပြီး အော်ပရာကုမ္ပဏီမှ လူ ၂၀ သေဆုံးခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာက ဖော်ပြခဲ့သည်။

အဆိုပါ မတော်တဆမှုသည် ဟီနန်ပြည်နယ်အလယ်ပိုင်း လင်ဇူးမြို့တွင် အင်္ဂါနေ့အစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းအစိုးရ၏ သတင်းရင်းမြစ်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

တိမ်းမှောက်သွားသော ဘတ်စ်ကားသည် ဒေသတွင်းဇာတ်အဖွဲ့ကို တင်ဆောင်လာကြောင်း အန်ယန်မြို့အစိုးရက ပြောခဲ့သည်။

လင်ဇူးပြည်နယ် ရဲတပ်ဖွဲ့သည် မတော်တဆမှုနှင့် သက်ဆိုင်သော အွန်လိုင်းဖော်ပြမှုတစ်ခုတွင် ဘတ်စ်ကားပေါ်ပါ ခရီးသည် ၃၃ ဦးရှိကြောင်း၊ သေဆုံးသူအရေအတွက်ကို အတိအကျ မသိရသေးကြောင်း ဖော်ပြထားခဲ့သည်။

အဆိုပါ မတော်တဆမှုနှင့် ပတ်သက်သော စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်နေပြီး အလားတူ မတော်တဆမှုများ တရုတ်နိုင်ငံတွင် အဖြစ်များလျက်ရှိသည်။ လွန်ခဲ့သော ဇူလိုင်လတွင် တရုတ်နိုင်ငံ အလယ်ပိုင်း အမြန်လမ်းမတစ်ခုပေါ်တွင် ပေါက်ကွဲစေသော ဓာတ်ငွေ့များ သယ်ဆောင်လာသည့် ဗင်ကားတစ်စီးနှင့် ဘတ်စ်ကားတစ်စီးတို့ တိုက်မိသဖြင့် လူ ၃၈ ဦး သေဆုံးခဲ့ပြီး အချို့မှာလည်း ဒဏ်ရာရရှိခဲ့ကာ ကားငါးစီးပျက်စီးခဲ့ကြောင်း သိရသည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# ပညာရေးအရည်အသွေးမြင့်မားတိုးတက်ရေးနှင့် အေးချမ်းစွာပညာသင်ကြားရေးအတွက် ပြည်သူနှင့်ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၃**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့ မွန်းတည့်၁၂ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်း လေးရပ်တွင် လူမှုစီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေး ကိစ္စရပ်သည် လူမှုရေးပြုပြင်ပြောင်းလဲမှု အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပါကြောင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် အကောင်းဆုံးပညာရေး အခြေခံအုတ်မြစ်ချမှတ်ပေးနိုင်အောင် စီစဉ်ပေးနေပါကြောင်း၊ ခေတ်သစ်၊ စနစ်သစ်၏ လိုအပ်ချက်များနှင့်အညီ ကဏ္ဍအလိုက် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ပေးမှု Decentralization ဆောင်ရွက်ပေးလျက်ရှိရာ အချို့ဆောင်ရွက်၍ရသည်များ ရှိသကဲ့သို့ အချို့မှာ လူသားအရင်းအမြစ်အခြေခံ အဆောက်အအုံ အခြေအနေအရ အချိန်ယူပြီး ဖြေလျှော့ရမည့်ကိစ္စများ ရှိပါကြောင်း၊ ယနေ့ တက်ရောက်လာသည့် ခရိုင်နှင့်မြို့နယ်ပညာရေးမှူးများအနေဖြင့် မိမိတို့တာဝန်ကို တီထွင်ဖန်တီးလိုစိတ်ဖြင့် အားကျိုးမာန်တက် ဆောင်ရွက်ကြခြင်းဖြင့် ပညာရေးကဏ္ဍ ပြောင်းလဲတိုးတက်အောင် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာရှင် အတတ်ပညာရှင်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးသာမက နည်းပညာကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ကျင့်သုံးနေသည့် ပြည်သူဗဟိုပြုမူဝါဒနှင့်အညီ ပြည်သူအားလုံး ပူးပေါင်းပါဝင်သည့် ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များ၊ ပြည်သူများနှင့်ပူးပေါင်း၍ ပညာရေးအရည်အသွေးမြင့်မားရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယနေ့ ပညာရေးကဏ္ဍ၏ လိုအပ်ချက်များကို ဦးစားပေး အစီအစဉ်ရေးဆွဲပြီး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အေးချမ်းစွာ ပညာသင်ကြားရေးကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းစီမံဆောင်ရွက်နိုင်ရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း ပြောင်းလဲလျက်ရှိသည့် ခေတ်စနစ်၏ လိုအပ်ချက်များကို စီမံခန့်ခွဲဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

အစီအစဉ်အရ တက်ရောက်လာကြသည့် ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများမှ ခရိုင်အလိုက် မြို့နယ်အလိုက် ပညာရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တွေ့ကြုံရသောအခက်အခဲများ၊ နွေရာသီ ကျောင်းပိတ်ရက်တွင် ဆောင်ရွက်မည့် ပညာရေးလုပ်ငန်းများကို ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ရန်ကုန်တက္ကသိုလ်သို့ ဆက်လက် သွားရောက်ခဲ့ကြပြီး ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များအားတွေ့ဆုံ၍ တက္ကသိုလ်ပညာရေးနှင့် အုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်စေရေးအတွက် လိုအပ်ချက်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၀)ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၃**

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၀) ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းဆရာများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၂၉ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အမှာစကား ပြောကြားရာတွင် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနအကျဆုံးဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ငြိမ်းချမ်းစွာ ပညာသင်ကြားရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဦးတည်လျက် အရည်အသွေးပြည့်ဝသည့် အမျိုးသားပညာရေးစနစ် (Quality Education) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားပညာရေးရည်မှန်းချက်များ ပေါက်မြောက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် နိုင်ငံသားများ ဖြစ်လာစေရန် စသည့်အချက်များကို အလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ရည်မှန်းချက်များ အောင်မြင်ရန် အကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် ဆရာ ဆရာမများသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေး အသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိရာ လာမည့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပညာရေးအသုံးစရိတ်၏ ငါးဆနီးပါးအထိ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ပညာရေးအသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲပေးနေရခြင်း၏ ရည်မှန်းချက်သည် ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလနှင့် ဘောဂဗလတည်းဟူသော ဗလငါးတန် ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဗလငါးတန် ပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရန် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ပါကြောင်း၊ သင်တန်းကာလအတွင်း၌ ဆရာ ဆရာမများအနေဖြင့် သင်တန်းကပို့ချချက်များ၊ လက်တွေ့လေ့ကျင့်မှုများကို ကြိုးစားလိုက်နာသင်ယူသွားရမည်ဖြစ်သည့်အပြင် သင်တန်း၏ စည်းမျဉ်း စည်းကမ်းများကိုလည်း တိတိကျကျလိုက်နာ စောင့်ထိန်းသွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**



# မော်လမြိုင်တက္ကသိုလ်တွင် သိပ္ပံဘာသာရပ်များ စာတမ်းဖတ်ပွဲကျင်းပ

**မော်လမြိုင် မတ် ၃**

မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်တွင် သိပ္ပံဘာသာရပ်များ စာတမ်းဖတ်ပွဲကို မတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ လူမှုရေးဝန်ကြီး ဒေါက်တာ လှဦးနှင့် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဌေးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး အခမ်းအနားကို ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် မော်လမြိုင်၊ ဘားအံနှင့် ထားဝယ်တက္ကသိုလ်တို့မှ ခင်းကျင်းပြသထားသည့် သိပ္ပံဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် စာတမ်း ၁၃ စောင်ဖတ်ကြားမည်ဟု သိရှိရပြီး အခမ်းအနားကို မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်အသီးသီးမှ ဖိတ်ကြားထားသူများနှင့် အခြေခံကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၂၇-၂-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်း သက်တမ်းတိုး ၄၆ ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး ၂၂ ဦး၊ ပေါင်း သက်တမ်းတိုး ၆၈ ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်း အသစ်လျှောက်ထားသူ ရှစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ သတင်းစာထုတ်ဝေခွင့် နှစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့်ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် သုံးဦး၊ ပေါင်းပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေလုပ်ငန်း ၂၀ တို့အားလည်းကောင်း၊ ပုံနှိပ်သူအမည်ပြောင်း တစ်ဦး၊ ပုံနှိပ်လုပ်ငန်းလိပ်စာပြောင်း တစ်ဦး၊ ထုတ်ဝေသူအမည်ပြောင်း နှစ်ဦးအားလည်းကောင်း၊ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ယခင်အပတ်က စိစစ်ဆဲဖြစ်သော ထုတ်ဝေလုပ်ငန်းအမည်ပြောင်းနှင့် သက်တမ်းတိုး တစ်ဦးကို ယခုအပတ်တွင် ပြန်လည်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၇၇၆ ဦးနှင့် အသစ်လျှောက်ထားသူ ၁၀၉ ဦး ၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၇၅၃ ဦးနှင့် အသစ်လျှောက်ထားသူ ၃၁၁ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ (၆)ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၁၉၅၅ စောင်ကို စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူသုံးဦး၊ ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ သတင်းအေဂျင်စီအသစ် လျှောက်ထားသူ တစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

ဥပဒေရေးရာ

***National Network for Education Reform (NNER)*****နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ့ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# ဥပဒေစကား ပြောကြားပါရစေ

**ဦးဟန်ညွန့်(ဥပဒေ)**

**အမျိုးသားပညာရေးဥပဒေ**

အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းရေးအတွက် ကျောင်းသားများ ဦးဆောင်လှုပ်ရှားကြသည်။ မိဘများက ကျောင်းသားများကို ကြိုဆိုသည်။ ထိန်းပေးသည်။ အမျိုးသားရေးမို့ အရေးကြီးသည်။ အစိုးရကလည်း သတိထားသည်။ အမှားမခံနိုင်။ ငြင်းခုန်ဆွေးနွေးမှုများ ကြီးထွားသည်။ ပြည်သူအများ ဆွေးနွေးအကြံပေးကြပြီ။ ဥပဒေကြမ်းအပေါ် ကြားနာမည့် အစီအစဉ်ပင် အမျိုးသားလွှတ်တော်က ထုတ်ပြန်ကြေညာလိုက်ပေပြီ။

**ဥပဒေကျောင်းသားစိတ်**

စာရေးသူမှာ အသက် ၆၀ ကျော်သော်လည်း ကျောင်းသားစိတ်က တစ်ရွေးသားမျှ မကုန်သေး။ ကျောင်းသားအရေးဆိုလျှင် တစ်ရေးနိုးအိပ်ရာကထပြီး လုပ်ချင်သည့် အကျင့်၊ လက်တွန့်သည့် ကျောင်းသားမဟုတ်ခဲ့။ ဥပဒေပညာလေ့လာခွင့်၊ သင်ယူခွင့်ရခဲ့သော ဥပဒေကျောင်းသားစိတ်ဖြင့် အမျိုးသားပညာရေး အလေးပေးချင်သည်။ ခေတ်အဆက်ဆက် ပညာရေးစနစ်၊ အားနည်းချည့်နဲ့မှုများကြောင့် ကျောင်းသားများ အစမ်းသပ်ခံဘဝ ရောက်ခဲ့ရသည်မှာတော့ ဘယ်သူမှ ငြင်းနိုင်မည်မဟုတ်။ ဤသို့သော အခြေအနေ၊ ခံစားမှုများကြောင့်လည်း ပညာရေးဥပဒေပြင်ဆင်ရေး ကြွေးကြော်သံများ ဆူညံလာခြင်းမဟုတ်လား။

**ဒီမိုကရေစီပညာရေး**

**“ပညာရေး”** ကိစ္စဟု ပြောမည့်အစား **“ဒီမိုကရေစီပညာရေး”** ကိစ္စဟု ပြောမှ၊ ရေးမှ ပို၍တိကျမည်။ ဘာ့ကြောင့်လဲ။ ဒီမိုကရေစီဆန်သော ပညာရေး၊ လွတ်လပ်သောပညာရေး၊ အချုပ်အချယ်ကင်းသောပညာရေး၊ ကျောင်းသားသမဂ္ဂ၊ ဆရာများသမဂ္ဂ ပါဝင်သော ပညာရေး။ လိုတိုရှင်းခြုံ၍ရေးနိုင်သော စကားလုံးမှာ “အမျိုးသားပညာရေး” ဖြစ်သည်။ အမျိုးသားပညာရေးသည် ဒီမိုကရေစီပညာရေး။ ဒီမိုကရေစီပညာရေးသည် “အမျိုးသားပညာရေး” ဖြစ်သည်။ **(ပြင်ဆင်သည့် ဥပဒေကြမ်းပုဒ်မ ၃ ကို ရည်ညွှန်း)**

**ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်**

ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပုဒ်မ ၁၇ တွင် **“တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်ရှိရန်”** ဟု ဖော်ပြထားသည်။ စာရေးသူ ကြိုဆိုသည်။ သို့သော် မည့်သို့နည်းလမ်း သတ်မှတ်မည်လဲ။ ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ခွင့်ကို မည်သို့ကူညီမည်လဲ။ နည်းဥပဒေများရေးမှ စဉ်းစားမည်လား။ လက်ခံနိုင်သော အရေအတွက်၊ လက်ခံနိုင်သော တက္ကသိုလ်၊ ဝါသနာထုံသော ဘာသာရပ်၊ ဝါသနာမပါဘဲ တက္ကသိုလ်ကပေး၍ယူရသောဘာသာရပ်။ မကျွမ်းကျင်ဘဲ သူများခိုင်း၍ သင်ရသည့် ဘာသာရပ်။ စာမေးပွဲဖြေသည့်အခါကျမှ တဖုန်းဖုန်းကျသည့်ဖြစ်ရပ်။

**ဘဝတစ်လျှောက်လုံး အသုံးဝင်မည့် အသိပညာ**

ဥပဒေကြမ်း၊ ပုဒ်မ ၂၂ (ဃ) သင်ရိုးညွှန်းတမ်း၊ (၈၈)တွင် **“ကျောင်းသားများ ဘဝတစ်လျှောက်လုံး အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်များနှင့် စဉ်းစားတွေးခေါ်မြော်မြင်မှုများ ရရှိစေရမည်။ လက်တွေ့ဘဝနှင့် ကိုက်ညီဆက်စပ်မှုရှိရမည်”** ဟု ဖော်ပြထားသည်။ အလွန်ကောင်းသည့် အချက်ပါ။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုစဉ်းစားမည်ဟု ကျွန်တော်ယုံသည်။ ဥပဒေကြမ်းထဲမှာ ယခုလိုကောင်းသည့်ပြဋ္ဌာန်းချက်တွေ အများကြီးပါ။ ပြင်ဆင်ရေးဆွဲသူများအား လေးစားပါသည်။

**နှစ်သက်ရာပါတီဝင်ရောက်ခွင့်ရှိသည်**

ဥပဒေကြမ်းပုဒ်မ ၂၂ (ခ)(ဃ)(ဃ)ကိုတော့ ကျွန်တော်သဘောမတူ။ ဘာကြောင့်လဲ။ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၁၀(ဆ)မှာ **“ပါတီနိုင်ငံရေးကင်းရှင်းခြင်း”** ဟု အတိအလင်းပြဋ္ဌာန်းပြီးဖြစ်နေ၍ပါ။ ထို့ပြင် ရွေးကောက်ပွဲဥပဒေများမှာလည်း လျှို့ဝှက်မဲရုံတွင် လျှို့ဝှက်မဲပေးစနစ်ကျင့်သုံးပြီးဖြစ်သောကြောင့် မည်သည့်ပါတီကို မဲပေးပေး၊ နိုင်ငံသားတစ်ဦး၏ လွတ်လပ်ခွင့်ပေးပြီးသားဟု ကျွန်တော်ထင်သည်။ ထို့ကြောင့် ဤပုဒ်မကို ပြန်လည်စဉ်းစားပေးပါ။

**ဥပဒေတွင် အင်္ဂါရပ်စုံဖို့ အထူးအရေးကြီးသည်။ ခြေမပါ၊ လက်မပါ၊ ဦးခေါင်းပမာ၊ ခန္ဓာကိုယ်မပါ ဖွဲ့စည်း၍မရ။ သူ့လုပ်ထုံး၊ သူ့လုပ်နည်းတွေ ရှိပြီးသား။ မနေ့တစ်နေ့ကမှ ပေါ်လာခြင်းမဟုတ်။ ခေတ်အဆက်ဆက်၊ စနစ်အဆက်ဆက်၊ အဆိုးအကောင်းသင်ခန်းစာတွေ တစ်ပုံတစ်ပင်။ စာအုပ်ကြီးသမားဟု အထင်မှားချင်မှား။ အလွယ်၊ အလွတ်၊ ဖြစ်ချင်တာ ဖြစ်ပေစေဟု သဘောမထားရ။ ကျင့်ထုံး၊ လုပ်ထုံး၊ လုပ်နည်း၊ စနစ်၊ ပုံစံများအတိုင်း ဥပဒေရေးရပေမည်**

**မြန်မာ့ပညာရေးကို ကောင်းစေချင်သော ကျောင်းသားများ**

မြန်မာ့ပညာရေးကို ကောင်းစေချင်သော ကျောင်းသားများအား လေးစားသည်။ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သော မြန်မာ့ပညာရေး၊ အဆင့်မြင့်သော မြန်မာ့ပညာရေး၊ တက်စုံရွက်စုံလွှင့်နိုင်၊ ကူးခပ်နိုင်သော မြန်မာ့ပညာရေးဖြစ်ရမည်။ ဖြစ်သင့်သည်။ ဤစေတနာဖြင့် ကျောင်းသားတို့အရေးဆိုသည်။ မိဘတို့ ဝိုင်းကူသည်။ ဆရာ ဆရာမတို့ စုပေါင်းပါဝင်သည်။ အစိုးရက အတည်ပြုဆုံးဖြတ်မည်။ တက်ညီ၊ လက်ညီ၊ ဆန္ဒညီ၊ ဥပဒေနှင့် အညီ ဖြစ်သည်။ ဥပဒေရေးမှုဖြင့် ဥပဒေနှင့် မညီ၍မဖြစ်။ စာအုပ်ကြီးသမား၊ ပုဒ်ထီးပုဒ်မသမား၊ လက်တွေ့ဘဝနှင့် ကင်းကွာသော သီးခြားကမ္ဘာ မဖြစ်ဖို့သာ အဓိကပါ။ ထို့ကြောင့် ဥပဒေစကားပြောကြားပါရစေ။ ဥပဒေနှင့်အညီ ဆွေးနွေးပါရစေ။

**လွတ်လပ်လွန်းခြင်း**

ဥပဒေတစ်ရပ်သည် လွတ်လပ်ခြင်းရှိရမည်။ လုပ်သာကိုင်သာရှိရမည်။ တက်သာဆုတ်သာ ဖြစ်ရမည်။ ဖိနှိပ်မှု၊ ချုပ်ချယ်မှုတွေ မများစေရ။ အရည်အသွေးကောင်းရမည်။ အာမခံချက် ပါဝင်ရမည်။ ပညာရေးလွတ်လပ်ခွင့်ကို အာမခံရမည်။ အာဏာပိုင်၏ အာဏာရှင်လွှမ်းမိုးမှုဖြင့်သာ အရာရာ မဆုံးဖြတ်ရ။ ဒီမိုကရေစီဆွေးနွေးတင်ပြမှုကိုလည်း စဉ်းစားပေးအပ်သည်။ **လွတ်လပ်ခြင်းနှင့် လွတ်လပ်လွန်းခြင်း** စကားလုံးမှာ မတူပါ။ လွတ်လပ်ခွင့်ကိုသာ ဖော်ဆောင်ပါ။

**ချုပ်ချယ်မှုများလွန်းခြင်း**

နေစရာထိုင်စရာပင်မရှိ။ အသက်ပင် ရဲရဲမရှူဝံ့။ သမဂ္ဂမဖွဲ့ရ။ကျောင်းသားတွေ ဘာပဲလုပ်လုပ် ခွင့်ပြုချက်မရရင် ဘာမှမလုပ်ရ။ စာတွေ အလွတ်ကျက်ကြ။ စာမေးပွဲ မှန်မှန်ဖြေ။ ကျောင်းမှန်မှန်တက်။ ပြောတဲ့စကား တစ်သဝေမတိမ်းနားထောင်။ ဟိုယောင်ယောင် ဒီယောင်ယောင်မလုပ်နဲ့။ တိကျတဲ့အဆောင်စည်းကမ်း၊ ကျောင်းစည်းကမ်းတွေ လိုက်နာကြ။ မလိုက်နာရင် ကျောင်းထုတ်ပစ်။ ဆရာဆရာမတွေဘာမှပြန်မပြောနဲ့။ ထားရာနေ၊ စေရာသွား။ ဤကား ချုပ်ချယ်မှုများလွန်းသည်။ အကြောက်တရားသည် ရေရှည်မခံ။ တွန်းလှန်ပုန်ကန်ချင်စိတ် ဖြစ်ပွားစေမည်။ ဥပဒေရေးသည့်အခါ စဉ်းစားစရာ။

**နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးသည့်နေ့**

ဥပဒေကြမ်းပုဒ်မ ၁(ခ)တွင် **“ဤဥပဒေကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးသည့်နေ့တွင် အတည်ဖြစ်သည်”** ဟု ဖော်ပြထားသည်။ ဤဖော်ပြချက်ကျွန်တော်သဘောမတူပါ။ ဘာ့ကြောင့်လဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ ၁၀၅ နှင့် မညီ၍ပါ။ နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ထိုးနိုင်သကဲ့သို့ လက်မှတ်မထိုးသည့်ကိစ္စရပ်များလည်း ပြဋ္ဌာန်းချက်ရှိ၍ ဖြစ်ပါသည်။ အကြောင်းပြချက်ပြည့်စုံလျှင်မူ ဖော်ပြနိုင်ပါမည်။ ဥပဒေပညာရှင်များ၊ ကျောင်းသားများ ပြန်လည်စဉ်းစားပေးစေချင်ပါသည်။

**အခြေခံဥပဒေနှင့် ညီရမည်**

ဥပဒေများ ပြဋ္ဌာန်းသည့်အခါ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရပါမည်။ **တည်ဆဲ** ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်နေပါသေးသည်။ ဤမူသဘော၊ ဤမူဝါဒကို ဥပဒေပညာရှင်တိုင်း သိကြသည်။ စာများများဖတ်ကြသော တက္ကသိုလ်ဥပဒေကျောင်းသားများလည်း နားလည်ကြသည်။ ဥပဒေကြမ်း၏ အထူးကောင်းမွန်သော အားသာချက်တွေက အများကြီးပါ။ အားနည်းချက်တွေ ပြင်လိုက်လျှင် ပို၍ကောင်းမည်ထင်သည်။ ဥပဒေကျောင်းသားများ၏ ဥပဒေအသိ၊ ဥပဒေအတွေ့အကြုံ၊ တက္ကသိုလ်ဥပဒေပညာဌာနမှ ပို့ချချက်များ၊ ဥပဒေကျောင်းသားတို့၏ တက်ကြွသော သုတေသနပြုချက်များ ဘယ်ရောက်သွားပြီလဲ။ ထဲထဲဝင်ဝင် ပါဝင်ကြပါ။ ဆွေးနွေးကြပါ။ အကြံပေးကြပါ။ သားတို့၊ သမီးတို့ သင်ထားသော ဥပဒေပညာရပ်ဖြင့် တတ်သမျှ၊ မှတ်သမျှ၊ သမိုင်းပေးတာဝန် ပါဝင်စေချင်သည်မှာ ဥပဒေကျောင်းသားဟောင်းတစ်ဦး (အသက် ၆၅ နှစ်ရှိပြီ) က မေတ္တာရပ်ခံတာပါ။

**အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ မမေ့နှင့်**

ဥပဒေတစ်ရပ်ရေးဆွဲတိုင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် ညီညွတ်ရမည်။ သဘောတူစာချုပ်တွေမှာ မြန်မာလက်မှတ်ထိုးထားတာ ဘာရှိသလဲ။ ကမ္ဘာနှင့် မြန်မာဆက်နွယ်မှု၊ သဘောတူညီမှုတွေ မမေ့နှင့်။ သို့မှသာ ကမ္ဘာတည်မည့် မြန်မာ့ဥပဒေဖြစ်မည်။ ပွဲလယ်တင့်မည်။ သို့ဖြစ်၍ ပညာရေးဥပဒေ စတင်ရေးဆွဲစဉ်က ကမ္ဘာ့ဥပဒေပညာရှင်၊ ကမ္ဘာ့ပညာရေးသုတေသီတွေ ငှားရမ်း၊ ဖိတ်ကြား၍ လေးလေးစားစားမေးမြန်းခဲ့၊ ဆွေးနွေးခဲ့၊ အကြံတောင်းခဲ့ခြင်းဖြစ်သည်။ သူတို့သူတို့ ပြောတိုင်းလည်း ခေါင်းညိတ်ရမည်ဟု မဆိုလို။ မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့ပညာရေး၊ မြန်မာ့ကျောင်းသားနှင့် ကိုက်ညီမှု၊ ဆက်စပ်မှု၊ သုံး၍ရမှု၊ လက်တွေ့ဆန်မှု လက်ခံကြပေသည်။ စပ်ဆိုင်သော အချက်များ ထုတ်နုတ်ကြည့်ကြပါ။

**ဝန်ကြီးဌာနအချင်းချင်း လုပ်ပိုင်ခွင့် မရောထွေးအောင်**

ဥပဒေရေးလျှင် ဤအချက်ကလည်း အရေးကြီးသေးသည်။ ပညာရေးဝန်ကြီး၏ တာဝန်သည် အခြားဝန်ကြီးဌာနနှင့် ရောထွေး၍မရ။ လုပ်ပိုင်ခွင့် မတူညီ။ သူ့တာ၊ ကိုယ့်တာရှိသည်။ ဌာနအချင်းချင်း ကူညီသည်ကတခြား။ ပူးပေါင်းဆောင်ရွက်သည်က တစ်မျိုး၊ ဝင်ရောက်စွက်ဖက်၊ ရောထွေးလျှင်မူ၊ မူဝါဒနှင့်မညီ။ ဤသည်ကို မစဉ်းစားသင့်ဘူးလား။

**ဥပဒေကြမ်းသည် ဥပဒေကြမ်းသာ ဖြစ်သည်**

“အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း” အဆင့်သာ ရှိသေးသည်။ ဥပဒေကြမ်းသည် ဥပဒေကြမ်းပါပဲ။ **ဥပဒေမဖြစ်သေး။** ပြည်ထောင်စုလွှတ်တော်က မပြဋ္ဌာန်းသေး။ ဤအခြေအနေတွင် ပြည်သူအပေါင်းက လေ့လာ၊ အကြံပြုခြင်းသာ။ ပြောချင်တာ ပြောနိုင်သည်။ ဝေဖန်ချင်တာ ဝေဖန်နိုင်သည်။ ပြင်ချင်တာ ပြင်နိုင်သေးသည်။ လိုတိုးပိုလျှော့။ လိုတာတိုး၊ ပိုတာလျှော့။ မပေါ့မဆ ဆောင်ရွက်နိုင်သေးသည်။ ဒေါသ၊ လောဘ၊ မောဟ မဖက်။ အဂတိတရား မစွက်။ ဘယ်ဘက်မှ လိုက်စရာမလို။ အမျိုးသားအကျိုးစီးပွားကိုတော့ ဦးထိပ်ထား။ မုန်းခြင်း၊ ချစ်ခြင်း၊ အင်အားသုံးခြင်းကို ရှောင်။ “ဒီမိုကရေစီ ဆွေးနွေးမှု” အစဉ်ရှေးရှု။ ပုဂ္ဂိုလ်ရေး အလေးမပေး။ တရားဥပဒေစိုးမိုးရေး အသိဖြင့်။ မျှော်လင့်သော ပန်းတိုင်အရောက် ပေါက်မြောက်အောင် ချီတက်။ သို့မှသာ **ဥပဒေအချော** ပြဋ္ဌာန်းနိုင်မည်။

**ယဉ်ကျေးသော တိုင်းပြည်**

မြန်မာပြည်သည် ယဉ်ကျေးသည်။ ယဉ်ကျေးသော တိုင်းပြည်ဖြစ်သည်။ မိဘဆရာညီညွတ်သည်။ ကျောင်းသားကို အားထားသည်။ **ယနေ့** လူငယ်တွေကလည်း **ယခင်**လူငယ်တွေ မဟုတ်တော့။ အသိဉာဏ်ကြွယ်သည်။ ပညာစုံသည်။ သိက္ခာရှိသည်။ ဆွေးနွေးညှိနှိုင်းမှုကို လက်ခံသည်။ လူကြီးဖြစ်မည့် ကျောင်းသားများ။ ယနေ့ လူငယ်၊ နောင်ဝယ်လူကြီး။ ယနေ့လူကြီးများသည်လည်း၊ တစ်ချိန်က လူငယ်ကျောင်းသားများ မဟုတ်လား။ ဘဝမေ့သွားသူများလည်း ရှိတန်ကောင်းသည်။ ဘာပဲဖြစ်ဖြစ် အမျိုးသားပညာရေးကို အလေးထားရမည်။ ဘက်စုံ၊ ခြုံငုံစဉ်းစားရမည်။ လူကြီးဆန်ရမည်။ ဤသို့ ကျွန်တော်တွေးမိ၊ ယုံကြည်မိသည်။ ကျောင်းသားများကလည်း အတွေ့အကြုံများသည့် လူကြီးစကားကို နားမထောင်ချင်နေ။ လေးစားမှတ်သားဖို့တော့၊ သင်ခန်းစာယူဖို့တော့လိုသည်။ ဥပဒေအင်္ဂါရပ် စုံလင်အောင်၊ ခဏခဏပြန်မပြင်ရအောင်၊ အခြေခံကောင်းဖို့ ကြိုးစားကြရမည်သာဖြစ်သည်။ နှစ်ဖက်အမြင်ညှိကြစေချင်သည်။

**ဥပဒေအင်္ဂါရပ်**

ဥပဒေတွင် အင်္ဂါရပ်စုံဖို့ အထူးအရေးကြီးသည်။ ခြေမပါ၊ လက်မပါ၊ ဦးခေါင်းပမာ၊ ခန္ဓာကိုယ်မပါ ဖွဲ့စည်း၍မရ။ သူ့လုပ်ထုံး၊ သူ့လုပ်နည်းတွေ ရှိပြီးသား။ မနေ့တစ်နေ့ကမှ ပေါ်လာခြင်းမဟုတ်။ ခေတ်အဆက်ဆက်၊ စနစ်အဆက်ဆက်၊ အဆိုးအကောင်း သင်ခန်းစာတွေ တစ်ပုံတစ်ပင်။ စာအုပ်ကြီးသမားဟု အထင်မှားချင်မှား။ အလွယ်၊ အလွတ်၊ ဖြစ်ချင်တာ ဖြစ်ပေစေဟု သဘောမထားရ။ ကျင့်ထုံး၊ လုပ်ထုံး၊ လုပ်နည်း၊ စနစ်၊ ပုံစံများအတိုင်း ဥပဒေရေးရပေမည်။

**ဘယ်နေ့မှာအပြီး ရေးဆွဲ**

“ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်နှနာရီမှာ အပြီးရေးဆွဲ”ဟု စီမံချက်ရေးသည်မှာ ကောင်းပါ၏။ သို့သော်ငြား ဥပဒေရေးလျှင် “ဖုတ်ပူမီးတိုက်” လုပ်၍ မရနိုင်။ “အာဏာစား” မိုး၍လည်း ပုံပျက်၊ ပန်းပျက်ထွက်လာသည်သာ အဖက်တင်မည်။ နောက်တစ်ခါ ပြန်ပြင်ဦးဖြစ်မည်။ နှိုင်းနှိုင်းချိန်ချိန်၊ ရေးရ၊ ပြောရမည်။ ဥပဒေစကားလုံးတစ်လုံးကိုပင်၊ လနှင့်ချီ၍၊ နှစ်နှင့်ချီ၍ ပညာရှင်များ ငြင်းခုံ၊ ဆွေးနွေး၊ ဆုံးဖြတ်ခဲ့ရသည့် ဥပဒေရေးဆွဲရေး အတွေ့အကြုံရှိခဲ့ဖူးသည်။ မြန်မြန်ပြီးချင်လေ၊ ကြာလေ၊ ကြာလေ၊ ဖြစ်တတ်သည်။ ပညာရေးဥပဒေမို့ အချိန်ဆွဲတာ၊ နှောင့်နှေးကြန့်ကြာစေတာ မဟုတ်ရပါ။ အတွေ့အကြုံရှိသူတိုင်း သိကြမည်ပါ။ စေတနာကို နားလည်စေချင်သည်ပါ။

**ရိုးရိုးသားသား**

ဥပဒေရေးဆွဲသူများအားလုံး ရိုးရိုးသားသား၊ ကြိုးကြိုးစားစား ဆောင်ရွက်ကြမည်မှာ အသေအချာပါ။ သတိတရားထားကြမည်မှာလည်း ယုံမှားသံသယ မရှိပါ။ သမိုင်းသက်သေ တည်စေမည်ပါ။

**တင်ပြချက်**

တစ်ချက်ပြောဖို့ ကျန်သွားသည်။ ဥပဒေဆိုရိုးစကားလေးပါ။

**“သန့်ရှင်းမှုလိုချင်သူသည် သန့်ရှင်းသောလက်ဖြင့်သာ လာပါ။ ညစ်ပတ်သောလက်ဖြင့် မစွက်ဖက်သင့်ပါ”**

ပြည်တွင်းသတင်း

# အတွေ့အကြုံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်၍ နှစ်နိုင်ငံအကျိုးရှိစွာ အသုံးချနိုင်မည်ဟု ယုံကြည်

**နေပြည်တော် မတ် ၃**


မြန်မာ-နယူးဇီလန် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ၅၅ နှစ်ကျော် ရှိ၍ ကောင်းမွန်သော ဆက်ဆံရေး ရှိပြီး တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တပ်မတော်အနေဖြင့် နယူးဇီလန်နိုင်ငံတွင် သင်တန်းများ စေလွှတ်တက်ရောက်စေနိုင်ခြင်းဖြင့် ပူးပေါင်းဖလှယ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Bruce Rata Shepherd အား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နယူးဇီလန်နိုင်ငံ၏ နည်းပညာမြင့်မားမှု၊ ကောင်းမွန်သောမွေးမြူရေး နည်းစနစ်ရှိမှုတို့ကို အတွေ့အကြုံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်၍ နှစ်နိုင်ငံ အကျိုးရှိစွာ အသုံးချနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တပ်မတော်ပိုင်းဆိုင်ရာတွင် အုပ်ချုပ်မှုပိုင်းနှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာတို့၌ အတွေ့အကြုံဖလှယ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုးကန့်ဒေသခံ ပြည်သူများအတွက်လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ဒေသအုပ်ချုပ်မှု အဖွဲ့အစည်းများ၊ ကြက်ခြေနီအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသ၏တည်ငြိမ်မှုအတွက် တပ်မတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်မှုအခြေအနေအရ နိုင်ငံတော်၏ အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဧည့်သည်တော်သံအမတ်ကြီးက နယူးဇီလန်နိုင်ငံအနေဖြင့် Peace Keeping လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးအဖွဲ့များ စေလွှတ်ရန်ရှိပါကြောင်း၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ စစ်သံမှူးကို မြန်မာနိုင်ငံဆိုင်ရာ စစ်သံမှူးအဖြစ်ထားရှိ တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လောက်ကိုင်ဒေသရှိ ပြည်သူများအား လူသားချင်း စာနာထောက်ထားမှု အကူအညီများ ဆောင်ရွက်ပေးမှု အခြေအနေများကို သိရှိလိုပါကြောင်း၊ လောက်ကိုင်ဒေသ တိုက်ပွဲများနှင့်ပတ်သက်၍ တပ်မတော်အတွက် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုဖြစ်သည်ကို နားလည်ပါကြောင်း၊ မိမိအနေဖြင့်လည်း တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့၍ တောင်ပေါ်၊ တောတွင်းစစ်ဆင်ရေး၏အခက်အခဲများကို သိရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍများတွင် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးပြောကြားသည်။



နယူးဇီလန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ၁၉၅၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် နှစ်နိုင်ငံသံတမန် ဆက်ဆံရေးကို စတင်ထူထောင်ခဲ့သည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့၌ နယူးဇီလန်သံရုံးကို ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် Mr. Bruce Rata Shepherd က သံအမတ်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ နယူးဇီလန်နိုင်ငံသည် ၁၉၇၆ ခုနှစ်ကတည်းက အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံဖြစ်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် စတင်ဆောင်ရွက်လာခြင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများအတွက် အကူအညီများ ပေးအပ်လာခြင်း၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ မျက်နှာစာများတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးခြင်းများ ပြုလုပ်လာခဲ့ကြောင်း သိရှိရသည်။

**(မြဝတီ)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၃**

(၅၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ကြည့်ရှုအားပေးပြီး ဆုတံဆိပ်များပေးအပ်ချီးမြှင့်သည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ(က) အဆင့်ဗိုလ်လုပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲတွင်(ခ)အဆင့် တတိယဆုရရှိသောအသင်း၊(က)အဆင့် တတိယဆုရရှိသောအသင်း၊ (ခ)အဆင့်နှင့်(က) အဆင့်ပြိုင်ပွဲများတွင် အသန့်ရှင်းဆုံးဆုရရှိသော အသင်းများအား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်မှု ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ဆန်းဦးကလည်းကောင်း၊ (ခ) အဆင့်ပြိုင်ပွဲ ဒုတိယဆုရှိသော အသင်း၊ (က)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အသင်း(ခ) အဆင့်အနေရာအလိုက် အကောင်းဆုံး အားကစားသမားများအား ကာကွယ်ရေးဦးစီးချုပ်(ရေ )ဗိုလ်ချုပ်ကြီး သူရသက်ဆွေကလည်းကောင်း ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များအား အသီးသီးပေးအပ်ချီးမြှင့်သည်။



ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းက တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ(ခ)အဆင့်တွင် ပထမဆုရရှိသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ဃ)အသင်း၊ (က) အဆင့်တွင် ပထမဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် (က)အဆင့်နေရာလိုက် အကောင်းဆုံးကစားသမားများအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များအား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က(ခ) အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ(က)အဆင့်တွင်ပထမဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၉၉ ဆု၊ ငွေတံဆိပ် ၆၄ ဆုနှင့် ကြေးတံဆိပ် ၄၅ ဆု စုစုပေါင်း ဆုတံဆိပ် ၂၀၈ ဆုဖြင့် ဆုအများဆုံးရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်သော အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာလာကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများက ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအား ရောင်စုံမီးရှူးမီးပန်းများ ပစ်ဖောက်၍ အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

❀ *ကျောဖုံးမှ*

အမှတ်အများဆုံး တစ်သင်းဆီမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း ပါဝင်နေသောအုပ်စု(က)ခြေစစ်ပွဲကိုမြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး မတ် ၁၁ ရက်မှ ၁၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်းတွင် ကျင်းပမည်ဖြစ်သည်။ မတ် ၁၁ ရက်တွင် မြန်မာနှင့် သီရိလင်္ကာ၊ မတ် ၁၃ ရက်တွင် သီရိလင်္ကာနှင့် အိန္ဒိယ၊ မတ် ၁၅ ရက်တွင် မြန်မာနှင့် အိန္ဒိယတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာဆီယံထိပ်သီး အသင်းများဖြစ်သည့် ထိုင်းနှင့်ဗီယက်နမ်အသင်းတို့မှာ ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ပထမအဆင့်မှ တက်လာသည့် သုံးသင်းနှင့်အတူ ငါးသင်းပတ်လည်ကစားရမည်ဖြစ်သည်။ ယင်းဒုတိယအဆင့်တွင် အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းသာ တတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ဂျပန်၊ ဩစတြေးလျ၊ မြောက်ကိုရီးယား၊ တရုတ်၊ တောင်ကိုရီးယားတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၉ ဦးဖြင့် ပြင်ဆင်လျက်ရှိပြီး ယခုရက်ပိုင်းအတွင်း အပြီးသတ် ၂၃ ဦးကို ရွေးချယ်သွားပြီဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းမှာ ဂျပန်လူမျိုးနည်းပြ ကူမာဒါနှင့် လမ်းခွဲပြီး နောက်ပိုင်း နိုင်ငံခြားနည်းပြခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း အဆင်မပြေခဲ့သောကြောင့် ယခုခြေစစ်ပွဲကို ဒေါ်သက်သက်ဝင်းကသာ ကိုင်တွယ်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၂၇ ရက်က ဗီယက်နမ်ကလပ် ဟာနန်းအသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းခဲ့ရာ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြည်တွင်းသတင်း

✻ ကျောဖုံးမှ

ဇင်းအပြင် နံနက် ၅ နာရီခန့်တွင် မော်ထိုက်မြို့အနောက်ဘက်ရှိ ချင်မိုလင်ရွာအနီး၌လည်းကောင်း၊ နံနက် ၆ နာရီခန့်တွင် ရန်လုံကျိုင်းရွာအနီး၌ လည်းကောင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများအား ကိုးကန့်သောင်းကျန်းသူအဖွဲ့များက လက်နက်ငယ်များဖြင့် အလစ်အငိုက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများ၏ စနစ်တကျပြန်လည်ပစ်ခတ် တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူများ ဆုတ်ခွာသွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။

အထက်ပါ ကိုးကန့်သောင်းကျန်းသူအဖွဲ့များ၏ နှောင့်ယှက်တိုက်ခိုက်မှု ဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့ထံမှ အလောင်းနှစ်လောင်း၊ ခြောက်လုံးပြူးတစ်လက်နှင့် လက်ပစ်ဗုံးတစ်လုံး သိမ်းဆည်းရမိပြီး တပ်မတော်မှ စစ်သည်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရစစ်သည်များအား တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




**လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ**

## စွမ်းအင်စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် မတ် ၃**

စက်မှုဝန်ကြီးဌာနနှင့်ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization -UNIDO) တို့ ပူးပေါင်းကျင်းပမည့် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးဆိုင်ရာ စွမ်းအင်စီမံခန့်ခွဲမှုစနစ် (Energy Management System) သင်တန်းများကို ရန်ကုန်မြို့ စက်မှုဝန်ကြီးဌာန တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (Department of SMEs Development) သင်တန်းခန်းမ၌ မတ် ၁၉၊ ၂၀ရက်နှင့် ၂၃၊ ၂၄ ရက်တို့တွင် နှစ်ကြိမ်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

စွမ်းအင်ကုန်ကျစရိတ် လျှော့ချလိုသော စက်ရုံ/အလုပ်ရုံများ၊ စွမ်းအင်မန်နေဂျာများအဖြစ် မိမိအင်ဂျင်နီယာများကို လေ့ကျင့်ပေးလိုသော စက်ရုံ/အလုပ်ရုံများ၊ ISO 50001 Certification Process နှင့်အညီ Upgrade ပြုလုပ်လိုသော စက်ရုံ/အလုပ်ရုံများမှ တာဝန်ရှိသူများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာ အသုံးပြုရေး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။ User Level သင်တန်းတွင် အရည်အချင်းပြည့်မီသူများသည် Expert Level သင်တန်းသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

သင်တန်းတွင် စက်ရုံ/အလုပ်ရုံများ၌ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး အခြေခံအချက်အလက်များ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို International Energy Efficiency Expert မှ နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများ မတ် ၃ ရက် နောက်ဆုံးထား၍ e-mail address:IEEPROEJCT. MYAN-MAR @unido,org: Phone: (+959) 5190979 တို့သို့ ဆက်သွယ်အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **ကိုဇေ**

## ဇနသိဒ္ဓိရပ်ကွက်၌ ပိုင်ရှင်မဲ့ဆိုင်ကယ်ပြန်လည်ပေးအပ်

**နေပြည်တော် မတ် ၃**

နေပြည်တော်ကောင်စီနယ်မြေ ဇဗ္ဗူသီရိမြို့နယ် ဇနသိဒ္ဓိရပ်ကွက်အတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် ဆိုင်ကယ်ပျောက်ဆုံးမှုများ ဖြစ်ပွားလျက်ရှိနေပါသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောလင်း၊ အမှတ်(၆)ရဲကင်းမှူးနှင့်အဖွဲ့တို့ ပူးပေါင်း၍ လှည့်ကင်းဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁ နာရီခန့်တွင် တိုက်အမှတ် (၁၃၀၅) ရှေ့လမ်းမပေါ်တွင် ပိုင်ရှင်မဲ့ဆိုင်ကယ်တစ်စီးကိုတွေ့ရှိရ၍ အမှတ်(၆)ရဲကင်း၌ထိန်းသိမ်းထားရှိပြီး ပိုင်ရှင်အားစုံစမ်းနေစဉ် တိုက်(၁၃၀၅) နေမိသားစုများက ဘုရားဖူးထွက်ခွာသွားစဉ် မေ့ကျန်ရစ်ခဲ့ခြင်းကြောင့် မတ် ၂ ရက်တွင် လာရောက်ဆက်သွယ် သတင်းပေးပို့သဖြင့် ပိုင်ရှင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **မီမီလွင်**

## အလတ်ချောင်းရပ်ကွက် ရတနာသိဒ္ဓိစေတီတော် ရွှေထီးတော်တင်လှူ

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ အလတ်ချောင်းရပ်ကွက် ချောင်းဝဘုန်းတော်ကြီးကျောင်းတိုက်၌ တည်ထားပူဇော်လျက်ရှိသော ရတနာသိဒ္ဓိစေတီတော်မြတ်ကြီး ရွှေထီးတော် တင်မင်္ဂလာအခမ်းအနားကြီးအား မတ် ၃ ရက် နံနက် ၈ နာရီတွင် ကပ်လှူ ပူဇော်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ချောင်းဝကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဏ္ဍညထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းရင်နှင့် ဂေါပကအဖွဲ့ဝင်များက ရွှေထီးတော်ကို ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## ကြံခင်းမြို့နယ် ချောင်းခွရွာတွင် မီးလောင်မှုဖြစ်ပွား နေအိမ်သုံးလုံးမီးလောင်ဆုံးရှုံး

**ကြံခင်း မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကွေ့မအုပ်စု ချောင်းခွကျေးရွာတွင် မတ် ၃ ရက် နံနက် ၁၀ နာရီခန့်က မီးလောင်မှုဖြစ်ပွားသဖြင့် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃ ရက် နံနက် ၁၀ နာရီခန့်က ကြံခင်းမြို့နယ် ကွေ့မအုပ်စု ချောင်းခွရွာနေ ဒေါ်ပေါက်စ(ခ) ဒေါ်ခင်အုန်းမြင့် (၄၆နှစ်)သည် နေအိမ်မီးဖိုတွင် ခရမ်းသီးပြုတ်အိုးတည်ထားခဲ့ပြီး နွားလှန်သွားနေစဉ် မီးဖိုမှ နေအိမ်အကာထရံသို့ မီးကူးစက်လောင်ကျွမ်းရာ ကြံခင်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်မီးသတ်ယာဉ်တစ်စီး၊ သန္နွေမီးသတ်ရဲဘော် ၁၁ ဦး၊ အရန်မီးသတ် ၂၅ ဦး အချိန်မီရောက်ရှိလျက် ကျေးရွာပြည်သူများနှင့်အတူ ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးဘေးဒုက္ခသည် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၁၁ ဦးတို့အား ချောင်းခွရွာ-မြင်သာ ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တနေရာချထားပြီး တာဝန်ရှိအဖွဲ့အစည်းများမှ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိသည်။ မီးစတင်လောင်ကျွမ်းသည့် အိမ်ရှင် ဒေါ်ပေါက်စ(ခ) ဒေါ်ခင်အုန်းမြင့်အား ကြံခင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝ၆၉)**

# လက်ပံတန်းမြို့ သပိတ်စစ်ကြောင်းအဖွဲ့ လူစုခွဲရန် ဖျောင်းဖျပြောဆိုသော်လည်း လက်မခံ

**နေပြည်တော် မတ် ၃**

လက်ပံတန်းမြို့ အောင်မြေဗိမာန်ဘုန်းကြီးကျောင်း၌ အခြေပြုလျက်ရှိသည့် ပင်မသပိတ်စစ်ကြောင်းအဖွဲ့သည် ယမန်နေ့က တောင်းဆိုချက်များ တောင်းဆိုခဲ့ပြီး ယနေ့ နံနက် ၁၀ နာရီခန့်တွင် အဆိုပါ ဘုန်းကြီးကျောင်းမှ ထွက်ခွာရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက တားမြစ်ခဲ့ရသည်။

ထိုသို့ သပိတ်စစ်ကြောင်းအဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံးထွေးတားမြစ်ဆောင်ရွက်နေစဉ် သပိတ် စစ်ကြောင်းပါသူများက အတားအဆီးများ မပြုလုပ်ဘဲ ဖယ်ရှားပေးရန်နှင့် ကြွေးကြော်သံတို့အား လက်ကိုင်စပီကာဖြင့် အော်ဟစ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ သပိတ်စစ်ကြောင်းအဖွဲ့မှ မောင်နန္ဒာစစ်အောင်နှင့် မောင်အောင်မှိုင်းဆန်းပါ ကျောင်းသားသုံးဦးတို့အား ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သံဃနာယကဆရာတော် ဦးပညာသီရိပါ သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သာသနာရေးမှူးတို့က တွေ့ဆုံ၍ လူစုခွဲရန် ဆွေးနွေးဖျောင်းဖျ ပြောဆိုခဲ့ကြသော်လည်း လက်မခံခဲ့ကြောင်း သိရသည်။



ထို့ပြင် နံနက်ပိုင်းက လက်ပံတန်းမြို့မင်းရပ် ရပ်ကွက် တန် ၂၅၀ ဆန်စက်အတွင်းရှိ အဆောက်အအုံတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်းကလည်း မောင်အောင်မှိုင်းဆန်းပါ ကျောင်းသားသုံးဦးအား တွေ့ဆုံဆွေးနွေးဖျောင်းဖျခဲ့သည်။

ယင်းသပိတ်စစ်ကြောင်းအဖွဲ့သည် ညနေ ၆ နာရီအထိ အောင်မြေဗိမာန်ဘုန်းကြီးကျောင်းအနီး ဓာတ်အားပေးစက်ရုံအနီး၌ ထိုင်သပိတ်ဆောင်ရွက်လျက်ရှိပြီး ယင်းအဖွဲ့တွင် ကျောင်းသား ၅၀၊ ကျောင်းသူ ၁၉ ဦး၊ အရပ်သား/အမည်ခံအဖွဲ့မှ ကျား ၂၉ ဦး၊ မ ၁၆ ဦး၊ သံဃာ ၁၂ပါး၊ စုစုပေါင်း ၁၂၆ ဦးပါဝင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဖျာပုံခရိုင်အတွင်း လူမှုရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် မတ် ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူမှုရေးကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဘလုတ်ညွန့်ရပ်ကွက်သို့ သွားရောက်၍ ခါတော်မီဘုန်းတော်ကြီးကျောင်း၊ စေတနာညကျောင်းအတွက် ကျပ်တစ်သိန်း၊ မီးဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဖိုး ကျပ် ၁၀၀. ၅ သိန်း၊ ဆန်ရိက္ခာဖိုး ကျပ် ၁၃. ၉၁ သိန်း၊ ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးထားသော INGOs များနှင့် ပုဂ္ဂလိကအလှူရှင်များက ကျပ် ၉. ၆ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၂၅. ၀၁ သိန်းနှင့် ကျပ် ၄၃. ၃၁ သိန်းခန့် တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် အမာမြို့ ဆိတ်မကျေးရွာ၌ ကျေးရွာသူရွာသားများနှင့် တွေ့ဆုံကာ ဆိတ်မကျေးရွာ ကမ်းနားကွန်ကရစ်လမ်းနှင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းတို့ ပြုလုပ်ရန်အတွက် ထောက်ပံ့ငွေများကိုလည်း ကောင်း၊ အမာမြို့ နောက်မီးကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဖိုး ကျပ် ၁၃ သိန်း၊ ဆန်ရိက္ခာဖိုး ကျပ် ၁. ၁၅ သိန်းနှင့် သေဆုံးကလေး တစ်ဦးအတွက် ကျပ်ငါးသောင်းတို့ကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးထားသော ပြည်ပအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုဖြစ်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အောင်သာယာကျေးရွာ၌ ကြည့်ရှုစစ်ဆေးပြီး အောက်ကွင်းကျေးရွာ၌ ကျေးရွာကွန်ကရစ်လမ်းအတွက် ထောက်ပံ့ငွေပေးအပ်သည်။

မတ် ၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဖျာပုံမြို့နယ် ကျုံကျိုက်ကျေးရွာ၌ တောင်သူလယ်သမားနေ့အကြို အထိမ်းအမှတ်အဖြစ် အ. ထ. က ကျုံကျိုက်စာစစ်ဌာန ဖွင့်ပွဲ၊ ကျုံကျိုက်-ကြံခင်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲနှင့် ကျုံကျိုက်ဆိပ်ခံတွဲ စီဘီ-၄၉ တွဲယာဉ်ဖွင့်ပွဲများသို့ တက်ရောက်အမှာစကားပြောကြား၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျုံကျိုက်ကျေးရွာ လူမှုစီးပွားဘဝများ တိုးတက်ရေးအတွက် ဒီဇယ်မီးစက်နှင့် ကျုံကျိုက်-ကြံခင်းကျေးရွာချင်းဆက် ကွန်ကရစ်လမ်းတို့အတွက် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ ကျေးရွာလူကြီးများထံ ပေးအပ်သည်။ ဆက်လက်၍ ဒေးဒရဲမြို့၌ ကျေးရွာသူရွာသားများနှင့် တွေ့ဆုံ၍ နာဂစ်မုန်တိုင်းလွန် ပျက်စီးယိုယွင်းလျက်ရှိသည့် ဆင်းရဲနွမ်းပါးသည့် သက်ကြီးရွယ်အိုများနေထိုင်သော အိမ်များကို ပြန်လည်မွမ်းမံ ပြုပြင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးတိုင်ပင်ကာ ထောက်ပံ့မှုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း




## မန္တလေးအနုပညာကျောင်း သင်တန်းဆင်းပွဲနှင့် ကျောင်းဆင်းလက်ရာမွန်ပြပွဲ ကျင်းပ

**မန္တလေး မတ် ၃**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အနုပညာအထက်တန်းကျောင်း(မန္တလေး)၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲနှင့် ကျောင်းဆင်းလက်ရာမွန်ပြပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကျုံးအရှေ့ဘက်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် ပြသထားသော ကျောင်းဆင်းလက်ရာမွန်ပန်းချီ၊ ပန်းပုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက်ပန်းချီ၊ ပန်းပု၊ ပန်တျာကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူတို့က ပန်းချီ၊ ပန်းပု၊ ပန်တျာ သင်တန်းဆင်း ၂၅ ဦးတို့ကို သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆု ချီးမြှင့်ပေးအပ်ကြသည်။

**တင်မောင်(မန္တလေး)**



# သမဝါယမတက္ကသိုလ်(သန်လျင်)နှင့် မော်ဝန်းချောင်းတံတား(ကျောက်တန်း) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မတ် ၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော သမဝါယမတက္ကသိုလ်(သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့ တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၅)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကျောက်တန်း-ဝဲကြီး-သုံးခွလမ်းပေါ်ရှိ မော်ဝန်းချောင်းတံတား တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**

# လယ်ကွင်းကို ဖြတ်သန်းမောင်းနှင်သော မော်တော်ယာဉ်မှ စိတ်ကြွရူးသွပ်ဆေးပြား၊ ကဖင်းနှင့်လက်နက်ခဲယမ်းများဖမ်းမိ

**တာချီလိတ် မတ် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ရှင်း(၄) ကျေးရွာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြား၊ ကဖင်းနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်လာသူကို မတ် ၂ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂ ရက် မွန်းလွဲ ၂ နာရီက နယ်မြေခံတပ်မှ ဗိုလ်ကြီးဇင်မင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁၀၂) နေပြည်တော်မှ ရဲမှူးဝင်းမြင့် အောင် ဦးစီးအဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ဒုရဲမှူး သန်းရွှေ ဦးစီးအဖွဲ့ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်သက်ဇော် ဦးစီးအဖွဲ့နှင့် မိုင်းကိုးပြည်သူ့စစ်အဖွဲ့မှ ဦးကျအူ ဦးစီးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ရှင်း(၄)ကျေးရွာအနီး တာချီလိတ်-တာလေသွားကားလမ်း ညာဘက်ခြမ်း တစ်မိုင်ခန့်အကွာ ခန့်မှန်းမြေပုံညွှန်း PC 095770 ၌ စောင့်ဆိုင်းနေစဉ် ရန်ရှင်း(၄)ကျေးရွာဘက်မှ အရှေ့ဘက်လယ်ကွင်းကို ဖြတ်သန်း၍ ကျရှီးဘိုး မောင်းနှင်လာသည့် VIGO အဖြူရောင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ မော်တော်ယာဉ် နောက်ခန်းအတွင်းရှိ SEASON Polo စာတန်းပါ လက်ဆွဲအိတ်အတွင်း ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၀၅၀၀၀၊ အလေးချိန် ၃၀ ဒသမ ၂ ကီလို၊ ကာလတန်ဖိုး ငွေကျပ်သိန်း ၇၅၀၀ နှင့် ကဖင်းအလေးချိန် သုံးကီလိုခန့်ပါ တစ်ထုပ်၊ ကာလတန်ဖိုးငွေကျပ် ၂၂၅၀၀၀ ခန့် ဩစတြေးလျနိုင်ငံလုပ် သေနတ်နံပါတ် (DZM 578 ) ၉ မမ ပစ္စတို တစ်လက်၊ ယင်းကျည်နှစ်တောင့်၊ ကျည်ကတ် တစ်ခု၊ ပွိုင့် ၂၂ သေနတ် ရိုင်ဖယ်တစ်လက်၊ ယင်းကျည်တစ်ခုတို့ကို ရှာဖွေတွေ့ရှိသဖြင့် ရဲအုပ်စိုင်းနော်ဟိန်းက သက်သေများ ရှေ့၌ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။





အမှုမှ စိတ်ကြွရူးသွပ်ဆေးပြား၊ ကဖင်းနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်လာသော ကျရှီးဘိုး(၃၈ နှစ်) ကာနကျေးရွာ အောက်မိုင်းဟဲအုပ်စု တာချီလိတ်မြို့နယ်နေသူကို တာချီလိတ် မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

● *ရှေ့ဖုံးမှ*

အမှတ် (၇)၊ ကွင်းအမှတ် ၁၁၀၅/ခ ဦးပိုင်အမှတ် (၁၅)၊ ကွင်းအမှတ် ၁၁၆၀ ဦးပိုင်အမှတ် (၁၁၀၈/က)၊ ဦးပိုင်အမှတ်(၅)ရှိ မြေအကျယ်အဝန်း ဧက ၄၀၀ ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။ ရန်ကုန်မြို့ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စက်မှုဇုန်ပေါင်း ၂၀ ရှိရာ အသေးဆုံး စက်မှုဇုန်မှာ မြောက်ဒဂုံစက်မှုဇုန်ဖြစ်ပြီး မြေဧက ၂၅ ဧကပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ အကျယ်ပြန့်ဆုံး စက်မှုဇုန်မှာ လှိုင်သာယာစက်မှုဇုန်ဖြစ်ပြီး စက်မှုဇုန် ၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇ ဟူ၍ စက်မှုဇုန်များ အပိုင်းလိုက်ခွဲခြားထားသည်။ လှိုင်သာယာစက်မှုဇုန်တွင် စက်မှုဇုန်(၅)အဖြစ် သီးခြားရှိနေပြီး ရွှေလင်ပန်းစက်မှုဇုန်လည်း သီးခြားရှိနေသည်။

ရန်ကုန်မြို့တွင် တောင်ဥက္ကလာပ၊ ဒဂုံဆိပ်ကမ်း ၁၊ ၂၊ တောင်ဒဂုံ (၁)၊ တောင်ဒဂုံ (၂)၊ တောင်ဒဂုံ (၃)၊ မြောက်ဒဂုံ၊ မြောက်ဥက္ကလာပ၊ အရှေ့ဒဂုံ၊ ရွှေပေါက်ကံ၊ သာကေတ၊ မင်္ဂလာဒုံ၊ ပျဉ်းမပင်၊ ရန်ကုန်စက်မှုဇုန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောင်းတကာနှင့် ဝါးတရာစက်မှုဇုန်များ တည်ရှိနေပြီး လုပ်ငန်းများလည်ပတ်လျက်ရှိသည်။

ယခု အသေးစားစက်မှုဇုန် ဥယျာဉ်ဖြစ်ထွန်းလာပါက အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိနိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၃**

ပုဂံ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် ဦးစွာဆောင်ရွက်ရမည့် စီမံခန့်ခွဲမှု အစီအစဉ် (Management Plan) နှင့် ဘက်စုံလွှမ်းခြုံသော စီမံခန့်ခွဲမှု အစီအစဉ် (Master Plan)တို့ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ)၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် Myanmar ICOMOS အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနပညာရှင်များ နှင့် သမိုင်းပညာရှင်များ တက်ရောက်သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပျူရှေးဟောင်းမြို့များကို ကမ္ဘာ့အမွေအနှစ်အဖြစ် အတည်ပြုသတ်မှတ်ရေး ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ မြန်မာတို့၏ အထင်ကရအမွေအနှစ် တစ်ခုဖြစ်သည့် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရခြင်း၏ အဓိကရည်ရွယ်ချက်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရေးအတွက် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးက ပုဂံဒေသနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသည့် သမိုင်းပညာရှင်များက ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများသည် နှစ်ပေါင်းတစ်ထောင်ကျော် ကြာမြင့်လာသည်နှင့်အမျှ အသုံးပြုသည့် အုတ်နှင့် သရွတ်များသည် သက်တမ်းကုန်ဆုံးပြီဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် သရုပါတံခါးသည် နေ့စဉ်ယာဉ်များဖြတ်သန်းရာမှ ဖြစ်ပေါ်လာသည့် တုန်ခါမှုဒဏ်ကြောင့် အက်ကြောင်းများ ပေါ်ထွက်လျက်ရှိကြောင်း၊ ပုဂံဒေသအတွင်း အဆောက်အအုံများ တည်ဆောက်မှုနှင့် မြေအသုံးချမှုအပါအဝင် ဘက်စုံအသုံးချမှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ခြင်းမရှိစေရန် ဇုန်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲပြုစုသင့်ပါကြောင်း၊ ပုဂံဒေသအတွက် ဌာနပေါင်းစုံအသုံးပြုနိုင်သည့် တစ်ခုတည်းသော မြေပုံရေးဆွဲရန် လိုအပ်ပါကြောင်း စသည်ဖြင့် ကဏ္ဍပေါင်းစုံက ဆွေးနွေးအကြံပြုကြသည်။



အစည်းအဝေးတွင် ပုဂံဒေသ၏ ဇုန်စီမံခန့်ခွဲမှုအစီအစဉ်ကို မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်းက ဦးစီးရေးဆွဲပြုစုရေး၊ ဦးစွာဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုအစီအစဉ်ကို မြန်မာပညာရှင်များနှင့် ယူနက်စကိုပညာရှင်များက ပူးပေါင်းရေးဆွဲပြုစုရေး၊ ပုဂံဒေသအပေါ် သက်ရောက်မှုအကဲဖြတ်ခြင်းအပေါ် Myanmar ICOMOS အဖွဲ့ဝင်များက စိစစ်ရေးတို့ ပဏာမညှိနှိုင်းရရှိခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# ရှေးဟောင်းသမိုင်းဝင်ဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် အထူးစည်ကား

**သီပေါ မတ် ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ကျော်က သီရိဓမ္မာသောကမင်းကြီးတည်ထား ကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ ခြိမ့်ခြိမ့်သဲ စည်ကားစွာကျင်းပသည်။

ဒေသခံရှမ်း၊ ပလောင်တိုင်းရင်းသားများသည် တစ်နှစ်ပတ်လုံး မိရိုးဖလာ လုပ်ငန်းဖြစ်သည့် မိမိတို့လက်ဖက်ခြံမြေအတွင်း လက်ဖက်စိုက်ပျိုး၊ ခူးဆွတ်၊ နေလှန်း၊ပေါင်းတင်စသည့် အခြေခံလုပ်ငန်းမှအစ လက်ဖက်စို၊ လက်ဖက်ခြောက်အဖြစ်ရောက်သည်အထိ ကြိုးပမ်းအားထုတ်ပြီး တစ်နှစ်တစ်ကြိမ် ဘော်ကြိုဘုရားကြီးကို ဖူးမြော်ကြည်ညိုလှူဒါန်းနိုင်ရန် အားခဲရည်မှန်းထားကြခြင်းဖြစ်သည်။

ရှမ်း၊ပလောင်တိုင်းရင်းသားများသည်ဘော်ကြိုဘုရားကြီးကို ဖူးမြော်ရန် အဖိတ်နေ့တွင် တောင်ပေါ်ဒေသအသီးသီးမှ ထွက်ခွာကြပြီး လပြည့်နေ့တွင် ဘုရားကြီးသို့အရောက်လှမ်းကြသည်။ ဘော်ကြိုဘုရားကြီး မုခ်လေးမုခ်မှ ဗုဒ္ဓဆင်းတုတော်များအား ရွှေသင်္ကန်းများ ကပ်လှူကြပြီး တပေါင်းလပြည့်နေ့ နံနက် ၄ နာရီမှစတင်ကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများကို သဒ္ဓါကြည်ညိုစိတ်အားထက်သန်စွာဖြင့် ကပ်လှူပူဇော်ကြသည်။ တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်းရိုးလားဆိုစကားနှင့် အညီအလှူဒါနပြုရာတွင်ရက်ရောလှကြောင်း တွေ့မြင်ရသည်။

ပွဲတော်ရက်များတွင် ဘော်ကြိုဘုရားကြီးရင်ပြင်တော်ပေါ်၌ အသံမစဲ မဟာပဋ္ဌာန်းပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲနှင့်၊ ပျော်ပွဲရှင်ပွဲများ၊ ရှမ်း၊ မြန်မာဇာတ်၊ စင်တင်တေးဂီတ၊ ရိုးရာယဉ်ကျေးမှုအကများ၊ အခြားပျော်ပွဲရွှင်ပွဲများအပြင် ဒေသထွက်ကုန်အရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ အလှကုန်နှင့်ရှမ်းရိုးရာအဝတ်အထည်ဆိုင်များကို ရောင်းချပေးလျက်ရှိသည်။

ပွဲတော်လာဘုရားဖူးများ အခက်အခဲမရှိစေရေးအတွက် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယကမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးစိုင်းချစ်လှိုင်၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့်ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက တည်းခိုဆောင် နှစ်ဆောင်စီစဉ်ထားရှိပေးခြင်း၊ ပို့ဆောင်ရေးအနေဖြင့် ဘုရားကြီးပွဲရှေ့တွင်မြန်မာ့မီးရထားက ယာယီဘူတာ ဖွင့်လှစ်ပေးသည့်အပြင် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်၊ သုံးဘီးဆိုင်ကယ်မှအစ ဈေးနှုန်းချိုသာစွာ ပို့ဆောင်ပေးသဖြင့် ဘုရားဖူးများ အဆင်ပြေစိတ်ချမ်းသာကြကြောင်း သိရသည်။

**စိုင်းသာလှိုင်**

# နိုင်ငံခြားသားကျကျန်ခဲ့သောပိုက်ဆံအိတ် ပိုင်ရှင်ဖြစ်သူကို စုံစမ်းရှာဖွေကာ ပြန်လည်အပ်နှံ

**ညောင်ဦး မတ် ၃**

ညောင်ဦးတွင် နိုင်ငံခြားခရီးသွားဧည့်သည် လမ်းတွင်ကျကျန်ခဲ့သော ပိုက်ဆံအိတ်ကို ခွေးတစ်ကောင်ချီလာရာမှ ဈေးရောင်းသူတစ်ဦး တွေ့ရှိခဲ့သဖြင့် ခဲဖြင့်ခြောက်လှန့်ပစ်ပေါက်ကာ ကောက်ယူ၍ ပိုင်ရှင်ဖြစ်သူ နိုင်ငံခြားသားကို ရှာဖွေကာ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲက ပုဂံမြို့ဟောင်း မြင်းကပါကျေးရွာနေ ဈေးရောင်းအလုပ်လုပ်ကိုင်သူ ဦးမောင်ထွန်းသည် ထီးလိုမင်းလိုဘုရားရှေ့ အရှေ့ဘက်မုခ်အနီး၌ ဈေးရောင်းနေစဉ် ခွေးတစ်ကောင်က ခေါက်ပိုက်ဆံအိတ်အနက်ရောင်တစ်လုံး ကိုက်ချီလာသည်ကို တွေ့ရှိရသဖြင့် ခဲဖြင့် ပစ်ပေါက်ခြောက်လှန့်ပြီး ကောက်ယူကြည့်ရှုရာ နိုင်ငံခြားသား ကိုင်ဆောင်သောအိတ်ဖြစ်သည်ကို သိရှိရသဖြင့် ဂေါပကအဖွဲ့ရုံးသို့ သွားရောက်၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ ထီးလိုမင်းလိုဘုရား လုံခြုံရေးတာဝန်ကျ ရဲတပ်ကြပ်ကြီး အောင်မြင့်မော်ထံသို့ ပေးအပ်ခဲ့ကြောင်း၊ ထို့နောက် တာဝန်ကျရဲတပ်ကြပ်ကြီးက တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဟန်ဝင်းလှိုင်ထံဖုန်းဖြင့် ဆက်လက်သတင်းပေးပို့ခဲ့ရာ ရဲအုပ်ဟန်ဝင်းလှိုင်က ဂေါပကရုံးခန်း၌ ဦးတင်လှဦး၊ ဦးအောင်သူနှင့် ကောက်ယူတွေ့ရှိသူ ဦးမောင်ထွန်းတို့ရှေ့၌ ပိုက်ဆံအိတ်အတွင်းပါရှိ ပစ္စည်းများကို စစ်ဆေးခဲ့ရာ Mr. Florian Wedler အမည်ပါ အပြာရောင်ငွေထုတ်ကတ်တစ်ကတ်၊ Mr. Florian Wedler အမည်ပါ ခဲရောင် Indenty ကတ်တစ်ကတ်၊ Mr. Florian Wedler အမည်ပါ Visa Card တစ်ကတ်တို့ တွေ့ရှိခဲ့ကြောင်း၊



ရဲအုပ် ဟန်ဝင်းလှိုင်ဦးစီးသည့် အဖွဲ့ဖြင့် Mr. Florian Wedler အမည်ဖြင့် ဟိုတယ်၊ တည်းခိုခန်းများသို့ လိုက်လံစုံစမ်းရှာဖွေရာ ပုဂံမြို့သစ်ရှိ သီရိစန္ဒာဟိုတယ်အခန်းအမှတ် ၂၀၇ ၌ တည်းခိုနေသော ဂျာမနီနိုင်ငံသား ဖြစ်ကြောင်း သိရှိရပြီး ခေါ်ယူမေးမြန်းရာ ၄င်းက ပစ္စည်းများကို မှန်ကန်စွာ ပြောပြနိုင်ခဲ့သဖြင့် မွန်းလွဲ ၂ နာရီ မိနစ် ၂၀တွင် သီရိစန္ဒာဟိုတယ်မန်နေဂျာနှင့် ဧည့်ကြိုဝန်ထမ်းများရှေ့တွင် ပိုင်ရှင်ဖြစ်သူ ဂျာမနီနိုင်ငံသား Mr. Florian Wedler ထံသို့ ကောက်ယူရရှိသည့် ပိုက်ဆံအိတ်ကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## ထူးခြားသည့်နေ့အပူချိန်များ ၃-၃-၂၀၁၅

| | |
|---|---|
| ချောက်မြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |



# ဆောင်းသီးနှံကုလားပဲစံပြကွက်ရိတ်သိမ်း

**ညောင်ဦး မတ် ၃**

မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ် မြစ်ရေတင်အတွင်း လက်ပံခြေပေါ်ကျေးရွာအုပ်စု မြောက်ဖက်တန်းကျေးရွာ တောင်သူ ဦးလှအုန်း ဧကကွင်းအမှတ် ၁၃၂၅၊ ဦးပိုင်အမှတ် ၁၀/၁ ၌ ACIAR အစီအစဉ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်းသီးနှံဖြစ်သောကုလားပဲရေဆင်း-၈ ဧက စိုက်ခင်းတွင် စံပြကွက်ရိတ်သိမ်းပွဲကို မတ် ၂ ရက် နံနက် ၉နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ စံပြရိတ်သိမ်းပွဲ၌ ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်ခင်ဌေးရီက ကုလားပဲမျိုးများ၏ အရည်အချင်းလက္ခဏာများ၊ ရေမြေရာသီဥတုနှင့် ကိုက်ညီသော ကုလားပဲအထွက်ကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊ စံပြကွက်များပြုလုပ်ခြင်း၊ စံပြကွက်များမှ ထွက်ရှိလာသော မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးခြင်းစသဖြင့် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသော တောင်သူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးကြပြီး မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။ မြို့နယ်ဦးစီးမှူး ဦးဆောင်သော စိုက်ပျိုးရေးဝန်ထမ်းများနှင့်အဖွဲ့သည် တောင်သူများနှင့်အတူတကွ ပူးပေါင်း၍ စံပြကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက အထွက်နှုန်း ၁၈ ဒသမ ၆၅ တင်းထွက်ရှိခဲ့သည်ဟု သိရသည်။ **ကျော်ဌေး**




# အဖွဲ့စုံဖြင့် စစ်ဆေးနေစဉ် ယာဉ်အစစ်ဆေးခံရန် ဝင်ရောက်လာပြီးနောက် ထွက်ပြေးသွားသောယာဉ်ငယ်ပေါ်မှ တရားမဝင် တမလန်းသစ်များ ဖမ်းဆီးရမိ

**နောင်ချို မတ် ၃**

မန္တလေး-မူဆယ် ကားလမ်းကြောင်းတစ်လျှောက်ရှိ ညွှန်ကြားရေးမှူး ဦးမြင့်သူရဦးစီးသော လှုပ်ရှားမှုအဖွဲ့ အဖွဲ့စုံ စစ်ဆေးရေးအဖွဲ့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီး၌ အခြေပြုကာ စားသုံးသူကာကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြစဉ် မတ် ၂ ရက် နံနက် ၇ နာရီခွဲတွင် ယာဉ်များအစစ်ဆေးခံရာသို့ ရုတ်တရက်အခွင့်ကောင်းယူပြီး မောင်းပြေးမည့်အစီအစဉ်ဖြင့် ယာဉ်၏ရှေ့ခန်း၌ အဝါရောင်သက်န်းဝတ်ဖြင့် ယာဉ်မောင်းနှင့်အတူ စီးနင်းလာသော 11/.... Toyota Corwn အမျိုးအစားယာဉ်ငယ်ကို စစ်ဆေးရေးဂိတ်အတွင်း ဖြတ်သန်းမောင်းနှင်လာစဉ် အဖွဲ့စုံက ရပ်ခိုင်းစဉ် မရပ်ဘဲမောင်းနှင်ထွက်ပြေးခဲ့ရာ ဂိတ်တွင်းတံတားမရောက်မီ နောက်ကြောင်း ပြန်မောင်းနှင်၍ ကားရေဆေးသော နေရာ၌ ယာဉ်ကိုရပ်တန့်ပြီးနောက် သံဃာအယောင်ဆောင်သူနှင့် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အဆိုပါယာဉ်ကို အသေးစိတ်စစ်ဆေးမှုပြုလုပ်ခဲ့ရာ တမလန်းဟုယူဆရသော သစ်တုံး ၁၀ တုံးကို ယာဉ်နှင့်အတူ ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။ တမလန်းသစ်များသည် တစ်ဖက်နိုင်ငံ၌ ဈေးကောင်းရသဖြင့် နည်းမျိုးစုံဖြင့် သယ်ဆောင်လျက်ရှိသည်။

**(ဝဇိ၁)**

# ကျေးလက်မီးလင်းရေး ဓာတ်အားခွဲရုံ တည်ဆောက်

**မအူပင် မတ် ၃**

မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာများ မီးလင်းရေးအတွက် အဓိကကျသော ဓာတ်အားခွဲရုံကို မအူပင်မြို့နယ် တလုတ်လပ်အရှေ့ကျေးရွာအုပ်စု မအူပင်မြို့ဝင် မအူပင်တံတားခြေဆင်းအနီး၌ ၃၃/ ၁၁ ကေဗွီအေ ဓာတ်အားခွဲရုံကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးက တာဝန်ယူဆောက်လုပ်လျက်ရှိသည်။

ဓာတ်အားခွဲရုံ၌ လျှပ်စစ်ဓာတ်အားဖြန့်ဝေမည့် ၃၃/ ၁၁ ကေဗွီအေနှင့်အတူ ဆက်စပ်ပစ္စည်းများကို ၂၀၁၅ မတ်လအတွင်း အပြီးဆောက်လုပ်မည်ဖြစ်ပြီး ပြီးစီးပါက တလုတ်လပ်ကျေးရွာ ၊မလက်တိုကျေးရွာ ၊ ထနီးကျေးရွာများ မီးရရှိရေးအတွက် ဓာတ်မီးတိုင်များစိုက်ထူခြင်း၊ မီးကြိုးမျာတပ်ဆင်ခြင်း၊ မီတာနှင့် အိမ်များအတွင်း မီးကြိုးရိုက်ခြင်းကိုပါ ဆောင်ရွက်လျက်ရှိသည်။

ကျေးရွာပြည်သူများအနေဖြင့် မကြာမီအချိန်အတွင်း မီးရရှိတော့မည်ဖြစ်၍ လျှပ်စစ်အိမ်သုံးပစ္စည်းများ ကြိုတင်ဝယ်ယူနေကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ပြည်တွင်းသတင်း

**■ ကျောဖုံးမှ**

၈၀ မီတာ၊ ရေစူးအမှတ် ၇ ဒသမ ၆ မီတာ၊ သင်္ဘောတန်ချိန်မှာ ၅၁၀၄၄ တန်ရှိပြီး ခရီးသည် ၉၄၀ ခန့် လိုက်ပါစီးနင်းနိုင်သည့် သင်္ဘောဖြစ်သည်။

"အခု တစ်ကြိမ် အပါအဝင်ဆိုရင်တော့ M.V Crystal Symphony သင်္ဘောက မြန်မာနိုင်ငံကိုရောက်တာ ဆဋ္ဌမအကြိမ်မြောက်ပါ။ ၂၀၀၁ ခုနှစ်တုန်းက ပထမဦးဆုံးအကြိမ် လာရောက်ခဲ့ဖူးတယ်။ ကျွန်တော်တို့ကုမ္ပဏီက စီစဉ်သည့် ကမ္ဘာလှည့်သင်္ဘောခရီးစဉ်များမှာ ၈၅ စင်းမြောက် ရောက်ရှိလာသော သင်္ဘောဖြစ်ပါတယ်"ဟု Myanmar Voyages ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက ပြောကြားသည်။

**ခင်ချိုဝင်း**

# လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းပြုပြင်မောင်းနှင်မှုသင်တန်းဖွင့်

**မအူပင် မတ် ၃**

မအူပင်ခရိုင် မအူပင်မြို့နယ်၌ ကျေးလက်ဒေသရှိတောင်သူများ လယ်ယာသုံးစက်ကိရိယာများ အသုံးချရာတွင် အခက်အခဲမရှိ လုပ်ငန်းခွင်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးကျင်းပမည့် စက်ကိရိယာများ ထိန်းသိမ်းပြုပြင်မောင်းနှင်မှု သင်တန်းဖွင့်ပွဲကို စစ်ကိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရ၊ မြို့နယ် စက်မှုလယ်ယာဦးစီးမှူး ဦးအောင်ကြည်မြင့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးနှင့် တောင်သူများနှင့် သင်တန်းသားများတက်ရောက်ကြသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေပြီဖြစ်သဖြင့် လယ်ယာလုပ်ငန်းခွင်၌ ရိတ်သိမ်းခြွေလှေ့စက်များ၊ လယ်ထွန်စက်များ၊ ခေတ်မီစက်ကိရိယာများ ကိုင်တွယ်အသုံးပြုခြင်းဖြင့် သီးနှံများအရည်အသွေးကောင်းမွန်ထိန်းသိမ်းရေး အထောက်အကူပြုနိုင်ရန်နှင့် အချိန်ကုန်သက်သာ၍ လေလွင့်မှုနည်းပါးခြင်း၊ လုပ်အားကုန်ကျစရိတ်ပါ သက်သာစေသဖြင့် တောင်သူများ၏အကျိုးစီးပွားတိုးတက်စေရန်ရည်ရွယ်၍ သင်တန်းပို့ချကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ကေတုမာလာကွေ့ မီးပွိုင့်၌ မတ် ၂ ရက် ညနေ ၅ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)ဘက်သို့ ပုံမှန်လမ်းအတိုင်း ကွေ့မောင်းလာသော (CC---) အဖြူရောင်ပရိုဘောက်အငှားယာဉ်ကို တစ်ဖက်ယာဉ်ကြောမှ လမ်းပြောင်းပြန်လမ်းမှားကွေ့ဝင်လာသော (4H---) အနီရောင်ကိုယ်ပိုင်ယာဉ်က မျက်နှာချင်းဆိုင်ဝင်ရောက်တိုက်မိရာ ယာဉ်နှစ်စီးစလုံး ရှေ့ပိုင်းပျက်စီးနေသည်ကိုတွေ့ရစဉ်။ (၀၀၄)

အောင်ပြည့်စုံ
ဒဂုံမြို့သစ်မြောက်ပိုင်း၊
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်းမြို့နယ်များ
ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

**မွေးသက္ကရာဇ်အမှန်**

ကရင်ပြည်နယ်၊လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့နယ်(ခွဲ)အထက(ခွဲ) ကစိုကျောင်း၊ ဆဋ္ဌမတန်းမှ မောင်စောထွန်းတောက်လင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၄-၂၀၀၃ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ဂန္ဓမာလမ်း၊ အမှတ်(က/၂၈၁)နေ ဦးအန်ဒူး DLA-၀၁၄၈၇၉ နာဂစ်မုန်တိုင်းကျရောက်စဉ်က မြေကွက်ငွေသွင်းချလန်နှင့် မြေချပါမစ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၁၂၇၅၈၄

**ဖောင်းကြွန်ပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/4653 ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4F/9662, Toyota Landcruiser Prado K 2195, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဂျူလိုင်မောင် ၁၂/သဃက(နိုင်)၁၆၆၄၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)









ဆောင်းပါး

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရဟန်းရှင်လူများအား ကြိုဆိုဂုဏ်ပြုခြင်း

**သီဟန်သိန်း(အေးချမ်းမြေ)**

၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူပွဲအခမ်းအနား နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးကုန်းမြေ၌ ၁၃၇၆ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျင်းပရန် နီးကပ်လာခဲ့ပေပြီ။ ဌာနဆိုင်ရာများ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းအသီးသီးတို့မှလည်း သာသနာ့အာဇာနည် ရဟန်း၊ သီလရှင် ဆရာကြီးများအား ပူဇော်ကန်တော့ လောင်းလှူပွဲများကျင်းပရန် ကြိုတင်ပြင်ဆင်နေကြသော အချိန်အခါသမယလည်း ဖြစ်ပေသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခြင်းများတွင် မြတ်စွာဘုရားရှင်လက်ထက် မဟာသက္ကရာဇ် ၁၀၃ ခု ဝါဆိုလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့ နောက်ဆုံး သတ္တာဟဖြစ်သော ရာဇာယတန လင်းလွန်းပင်ရင်း၌ စံနေတော်မူစဉ် ဥက္ကလာပတိုင်းသား တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ ကပ်လှူသော မုန့်၊ ဆွမ်းကို ဘုန်းပေးတော်မူကာ ဆံတော်ရှစ်ဆူ ချီးမြှင့်ပေးသနားတော်မူခဲ့ပြီး ဒွေဝါစိက သရဏဂုံဆောက်တည်ခြင်းဖြင့် လောကသုံးပါးတွင် ရှေးဦးစွာ ဥပါသကာဖြစ်ခဲ့သည်မှာ မြန်မာပြည်မှ ပထမဦးဆုံး လူပုဂ္ဂိုလ်တို့ဖြစ်ခဲ့လေသည်။

သံဃာရတနာဖြစ်ပွားပေါ်ပေါက်ပြီး သဗ္ဗညုဘုရားရှင်ကိုယ်တိုင် ရဟန်း၊ ဘိက္ခုနီများ၊ ဒါယကာ၊ ဒါယိကာမများမှ အများတကာထက်ထူးကဲသာလွန်သော စွမ်းဆောင်နိုင်မှုဂုဏ်ရည်ကြောင့် "ဧတဒဂ်" ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခဲ့ရာတွင် ပညာအရာသာလွန်ထူးချွန်သော လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား ပညာအရာဧတဒဂ်ဘွဲ့၊ တန်ခိုးအရာ သာလွန်ထူးချွန်သော လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလန်မထေရ်မြတ်ကြီးအား တန်ခိုးအရာ "ဧတဒဂ်"ဘွဲ့၊ တရားဟောရာ၌ သာလွန်ထူးချွန်သော အရှင်မဓမ္မဒိန္နအား တရားဟော "ဧတဒဂ်" ဘွဲ့၊ ဝိနည်းအရာ၌ သာလွန်ထူးချွန်သော အရှင်မပဋ္ဌာစာရီထေရီအား ဝိနည်းဆောင်"ဧတဒဂ်"ဘွဲ့၊ အလှူဒါနပြုရာ သာလွန်ထူးချွန်သော အနာထပိဏ်သူဌေးကြီးအား ဒါယကာ"ဧတဒဂ်"ဘွဲ့၊ လူနာများပြုစုလုပ်ကျွေးရာ၌ သာလွန်ထူးချွန်သော သုပ္ပိယာအမျိုးသမီးအား သူနာပြု "ဧတဒဂ်"ဘွဲ့ စသော အရာဌာနအားလျော်စွာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်အပ်နှင်းခဲ့ရာ ရဟန္တာမထေရ် ၄၁ပါး ၊ ရဟန္တာထေရီ ၁၃ ပါး၊ အမျိုးသားဥပါသကာ ၁၀ ဦး၊ အမျိုးသမီး ဥပါသိကာ ၁၀ ဦးတို့ "ဧတဒဂ်"ဘွဲ့ထူးများ ရရှိခဲ့ကြပါသည်။

သိန်းယိုကျွန်း မြန်မာအခေါ် သီဟိုဠ်ကျွန်း၊ သီရိလင်္ကာနိုင်ငံတွင်လည်း စာပေကျမ်းဂန်တတ်ကျွမ်းသော သံဃာတော်၊ ဆရာတော်ကြီးများကို "သံဃရာဇာ၊ မဟာသာမိ" စသည့် ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းခဲ့ကြပေသည်။ ပုဂံခေတ် သာသနာပြုမင်းတို့က "အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မဝိလာသ ဒိသာပါမောက္ခ" စသည့် ဘွဲ့တံဆိပ်များ၊ ပင်းယခေတ် သာသနာပြုမင်းများက "သုဓမ္မမဟာသာမိ" ဘွဲ့တံဆိပ်များကိုလည်းကောင်း၊ အင်းဝနှင့် ကုန်းဘောင်ခေတ်များ၌ ရာဇာဂုရု ၊ မဟာဓမ္မရာဇာဓိရာဂုရု၊ ပထမစာချ၊ ဒုတိယစာချ ဘွဲ့တံဆိပ်တော်များကို ခေတ်ကာလအလျောက် ဆက်ကပ်ပူဇော်ခဲ့ပေသည်။

လွတ်လပ်ရေးရပြီးခေတ်နောက်ပိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ၁၉၉၂ ခုနှစ် နောက်ပိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ၂၀၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်များ နှင့် တိပိဋကဓရဓမ္မ ဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်တို့ကို နှစ်စဉ် ဆက်ကပ်အပ်နှင်းခဲ့ပေသည်။

ယခု ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခဲ့ရာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါး တွင် ပြည်ပဘွဲ့ခံ ရဟန်းတော်နှစ်ပါး ပါဝင်ပါသည်။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၂၁ ပါးတွင် ပြည်ပဘွဲ့ခံ ရဟန်းတော်ငါးပါး ပါဝင်ပါသည်။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၃ ပါးတွင်ပြည်ပဘွဲ့ခံ ရဟန်းတော်တစ်ပါး ပါဝင်ပါသည်။

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၂၁ ပါးရှိပြီး ၎င်းတွင် ပြည်ပဘွဲ့ခံ ရဟန်းတော် တစ်ပါး ပါဝင်ပါသည်။ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆရာတော်သုံးပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော် နှစ်ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၉ ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၂ ပါးတွင် ပြည်ပဘွဲ့ခံဆရာတော် ခုနစ်ပါး ပါဝင်ပါသည်။

ဘွဲ့ခံသီလရှင်ဆရာကြီး ၁၃ ပါးရှိပြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နှစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ တစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သုံးပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သုံးပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လေးပါးတို့ ဖြစ်ကြပါသည်။

ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် ၄၁ ဦးရှိပြီး သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရ တစ်ဦး၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ နှစ်ဦး၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ငါးဦး၊ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ သုံးဦး၊ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ သုံးဦး၊ သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ရ နှစ်ဦး၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ရ လေးဦး၊ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ငါးဦးနှင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ၁၆ ဦးတို့ပါဝင်ခဲ့ပါသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းရာတွင် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့၏ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်နှင့်ပြည့်စုံခြင်း၊ သီလဝန္တဓိတိမန္တဂုဏ်၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးထားဆောင်ရွက်တော်မူလျက် သာသနာပြုတော်မူခြင်း၊ သာသနဟိတဓရဂုဏ်တရားတော်ကို သင်ကြားပို့ချ ဟောပြောညွှန်ပြခြင်း၊ ဓမ္မာနုဂ္ဂဟဂုဏ်တို့ကို ရည်မှန်း၍ ၎င်းသာသနာ့နွယ်ဝင် သီလရှင်၊ သီလရှင်ဆရာကြီးများ သာသနာတော်စွမ်းအားရှိသမျှ ကျေးဇူးပြုပူဇော်ခြင်း၊ သာသနာဗဟုပကာရဂုဏ်၊ ဗုဒ္ဓဘာသာဝင်အမျိုးကောင်းသားသမီးတို့မှ သာသနာတော်မြတ်ကြီးအား ပစ္စည်းလေးပါးတို့ဖြင့် စေတနာထက်သန်စွာ ချီးမြှင့်ထောက်ပံ့ခြင်း၊ သာသနာနုဂ္ဂဟဂုဏ်တို့ကို လေးစားတန်ဖိုးထား၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ဘွဲ့တံဆိပ်တော်များဆက်ကပ်အပ်နှင်း ပူဇော်ခြင်းဖြစ်ပါသဖြင့် ဂုဏ်ပြုသင့်၊ ဂုဏ်ပြုထိုက်သောပုဂ္ဂိုလ်တို့ကို ဂုဏ်ပြုပူဇော်ခြင်းဖြစ်သောကြောင့် ပူဇာစပူဇာနေယျာနံမင်္ဂလာ၊ ဒါနဉ္စမင်္ဂလာ၊ ဂါရဝေါစမင်္ဂလာ၊ သာမဏာနဉ္စ ဒဿနမင်္ဂလာ အစဖြာသည့်ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး အန္တရာယ်ခပ်သိမ်း ပပျောက်ကင်းငြိမ်း၍ ကြီးပွားချမ်းသာသုခအဖြာဖြာ အမှန်ရရှိကြမည်ဖြစ်ပေသည်။

ထို့အတူ နိုင်ငံတော်အစိုးရအမှူးပြုသော ပြည်သူပြည်သားအပေါင်းသူတော်ကောင်းတို့သည်လည်း သာသနာတော်မြတ်ကြီး အစဉ်သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားစေရန်ရည်သန်ကာ သံဃာတော်အရှင်မြတ်များ မိန့်ကြားတော်မူသည့် ဩဝါဒ ဦးထိပ်ရွက်ပန်ဆင်ပြီး ညီညာလက်တွဲ အားခဲစုပုံ လှူဒါန်းပူဇော်မှုတို့ကြောင့် သာသနာတော်မြတ်ကြီး နှစ် ၅၀၀၀ မကအခွန့်ကြာရှည် တည်တံ့ခိုင်မြဲထွန်းကားတိုးတက်နိုင်ကြမည်ဖြစ်ပေသည်။

တိုင်းသားပြည်သူအများနှင့် နိုင်ငံတော်ကြီးအနှောင့်အယှက် အခက်အခဲ အမျိုးမျိုးမှကင်းစင်၍ မျှော်မှန်းထားသည့် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ကြစေရန်နှင့် သာသနာတော်မြတ်ကြီး၏ ကုသိုလ်ရှင်အပေါင်းတို့သည် နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီးမြောက် ဆောင်ရွက်နိုင်ကြပါစေရန် သူတော်ကောင်းစိတ်ထားဝမ်းမြောက်စွာဖြင့် ကြိုဆိုဂုဏ်ပြုရေးသားအပ်ပါသည်။

## ခွာနာလျှာနာရောဂါကာကွယ်ဆေးများ အခမဲ့ဆေးထိုးပေး

**မိတ္ထီလာ မတ် ၃**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)တို့ပူးပေါင်း၍ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မန္တလေးတိုင်းဒေသကြီးတွင် ကျွဲနွားများ ခွာနာလျှာနာရောဂါကာကွယ်ရေးအတွက် ကျေးရွာများသို့ ကွင်းဆင်းပြီး ကာကွယ် ဆေးများ အခမဲ့ထိုးပေးလျက်ရှိကြောင်း သိရသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)တို့ပူးပေါင်း၍ရောဂါဖြစ်ပွားနိုင်ခြေများသော ဒေသများနှင့် ရောဂါပျံ့နှံ့မှုအတွက် အရေးကြီးသော ဒေသများတွင် ကွက်ပြည့်ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို လျှော့ချရန် မန္တလေးတိုင်းဒေသကြီးတွင် ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ အမရပူရ၊ တံတားဦး၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ နွားထိုးကြီး၊ မြင်းခြံနှင့် ငါန်းဇွန်မြို့နယ်တို့တွင် ကျွဲနွားများ ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးခြင်း လုပ်ငန်းကို ကျေးရွာများသို့ ကွင်းဆင်းပြီး ဆေးထိုးပေးလျက်ရှိရာ မိတ္ထီလာမြို့နယ်တွင် ဇရပ်ကုန်း၊ မုန်တိုင်၊ ရေဝေ၊ မွေ၊ ရွှေစစ်သည် ကျေးရွာအုပ်စုများရှိ ကျေးရွာ ၃၉ ရွာ ကို ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းမြင့်သိန်းက ကြီးကြပ်ပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်က ဦးဆောင်၍ အဆိုပါကျေးရွာများသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများကွင်းဆင်းပြီး



အဖွဲ့ ငါးဖွဲ့ခွဲ၍ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၄ ရက်အထိ ကျေးရွာများသို့ ကာကွယ်ဆေးများ အခမဲ့ထိုးပေးလျက်ရှိသည်။

ကျေးရွာများရှိ ပြည်သူများ၏ ကျွဲနွားများ ခွာနာလျှာနာရောဂါကာကွယ်ဆေး ကွက်ပြည့်ထိုးနှံခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် နေရာဒေသအတွင်းသာမက နီးစပ်ရာမြို့နယ်များတွင်ပါ ခွာနာလျှာနာရောဂါထိန်းချုပ်ရေး အထောက်အကူပြုစေနိုင်ပြီး ကျွဲနွားမွေးမြူသူများ အနေဖြင့် ကျွဲနွားကျန်းမာရေး ကောင်းမွန်လာသဖြင့် လုပ်အားဆုံးရှုံးမှုမှ ကာကွယ်ပြီး မိသားစုဘဝတိုးတက် လာမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## လုဒ်မယ်တော်သခင်မပွဲတော်ကြီး ညောင်လေးပင်မြို့၌ ကျင်းပ

**ညောင်လေးပင် မတ် ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၃)ရပ်ကွက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ခရစ်ယာန်ဘာသာဝင်တို့၏ ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မပွဲ၏ (၁၁၃) ကြိမ်မြောက်ပွဲတော်ကို ယခင်နှစ်များနှင့်မတူ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွေးချယ်တင်မြှောက်ခြင်းခံရသော ကာဒီနယ်ချားလ်(စ်)ဘိုအား ဂုဏ်ပြုခြင်း အခမ်းအနားပါ ထည့်သွင်း၍ ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၁ ရက်အထိ ကျင်းပခဲ့သည်။

ဆုတောင်းဝတ်ပြုပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဘာသာရေးခေါင်းဆောင် ကာဒီနယ် ရဟန်းမင်းကြီး ချားလ်(စ်)ဘိုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ ကက်သလစ်ဘာသာရေးခေါင်းဆောင်များ၊ ဘာသာဝင်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအတွက် ပထမဆုံးရွေးချယ်ခြင်းခံရသော ရဟန်းအမတ် ကာဒီနယ် ရဟန်းမင်းကြီး ချားလ်(စ်)ဘိုအား ဂုဏ်ပြုခြင်းများကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပြည် မတ် ၃**

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ပူးပေါင်း၍ "The Project for Productivity Enhancement Through Irrigation Agriculture" စီမံကိန်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကို ပြည်မြို့နယ် မင်္ဂလာဉယျာဉ်ဟိုတယ်၌ ဖေဖော်ဝါရီ စတုတ္ထပတ်ကကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်၊ ပြည်ခရိုင်နှင့်သာယာဝတီခရိုင် ဦးစီးမှူးများ၊ စီမံကိန်းခြောက်မြို့နယ်မှ မြို့နယ်ဦးစီးမှူးနှင့် ဒုတိယမြို့နယ် ဦးစီးမှူးများ၊ ဆည်မြောင်းဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများ၊ JICAမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင်ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက နိုင်ငံတော်ကချမှတ်ထားသည့် ၂၀၂၀ ပြည့်နှစ်အတွက်ရည်မှန်းချက်တာဝန်(Mission) သုံးခုပြီးမြောက် အောင်မြင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှာကြားထားသည့် "M Theory" ပါအချက်များနှင့် ကိုက်ညီအောင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့ကြောင်းသိရသည်။

**မြင့်နိုင်(ပြည်)**

## မြန်ဂုဏ်ဆောင် စာပေဆုချီးမြှင့်ရေး ညှိနှိုင်းစည်းဝေး

**ကောလင်း မတ် ၃**

ကောလင်းမြို့နယ် စာရေးဆရာအသင်းအဖွဲ့ကကြီးမှူး၍ ကျေးလက်ဒေသ စာပေအရည်အသွေးမြင့်မားရေး မြန်ဂုဏ်ဆောင်စာပေဆုချီးမြှင့်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂ ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စာရေးဆရာအသင်း အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်(မြင့်မြင့်ထွေး-ကောလင်း) နှင့် အဖွဲ့ဝင်များ တက်ရောက်ကြ သည်။

အစည်းအဝေးတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်မြင့်(မြင့်မြင့်ထွေး-ကောလင်း) က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ကျေးလက်ဒေသ စာပေအရည်သွေးမြင့်မားရေး၊ 'မြန်ဂုဏ်ဆောင်' စာပေဆုချီးမြှင့်ရေး၊ စာဖတ်ဝိုင်း၊ ကျပန်းစကားပြော၊ စကားရည်လု၊ ပုံပြောပြိုင်ပွဲပြုလုပ်ရေး၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပရေးနှင့် စာတမ်းဖတ်ပွဲ နွေရာသီစာပေရေးရာသင်တန်းပြုလုပ်ရေးတို့ကို ဆွေးနွေးကြသည်။

'မြန်ဂုဏ်ဆောင်' စာပေဆုချီးမြှင့်ရေးတွင် စေတနာရှင်များ ထည့်ဝင် လှူဒါန်းလိုပါက မြို့နယ်စာရေးဆရာအသင်း ဖုန်း-၀၇၅-၄၂၀၆၅၊ ၀၇၅-၄၃၁၁၈၊ ၀၉-၄၀၀၄၃၅၃၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၉၂)

နိုင်ငံဘက်စုံ
တည်ဆောက်ဖို့
မှန်မှန်ကန်ကန်
အခွန်ပေးစို့

ဆောင်းပါး

# ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့်ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ဖေဖော်ဝါရီလနှောင်းပိုင်းမှစတင်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကြက်မွေးမြူရေးဇုန်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြင့် ကြက်နှင့်ငုံးကောင်များစွာ သေဆုံးမှုများ ဖြစ်ပွားလျက်ရှိသည်။ ထိုဖြစ်ပွားမှုသတင်းရလျှင်ရချင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း ရောဂါဖြစ်ပွားလျက်ရှိသည့်ဒေသအတွင်း ရောဂါဖြစ်ပွားမှုထိန်းချုပ်နိုင်ရေးနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကူးစက်ပျံ့နှံ့မှုမရှိစေနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြပြီဖြစ်သည်။ ထိုသို့ ဆောင်ရွက်လျက်ရှိသည့် ထိန်းချုပ်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ သုတေသနနှင့်ရောဂါထိန်းချုပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်နိုင်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သမျှအား ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။**



ဒေါက်တာ ကျော်နိုင်ဦး

**အမေးအရေး- မင်းမင်းဇော်(သတင်းစဉ်)**
**ဓာတ်ပုံ- မောင်ဖိုးဇော်**

**မေး။ ။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကြက်မွေးမြူရေးဇုန်မှာ ကြက်ငှက်တုပ်ကွေးရောဂါ ဘယ်လိုဖြစ်ပွားခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ကနဦးသတင်းအနေနဲ့ကတော့ ဖေဖော်ဝါရီ ၂ ရက်နေ့မှာ ဇုန်ထဲမှာရှိတဲ့ ငုံးခြံတစ်ခြံမှာ ပုံမှန်မဟုတ်ဘဲ သေဆုံးမှုတွေရှိတယ်ဆိုတဲ့ သတင်းတွေရရှိခဲ့ပြီးနောက်မှာ ရောဂါရှာဖွေစစ်ဆေးနိုင်ဖို့အတွက် အမြန်စစ်ဆေးတဲ့နည်းနဲ့ စစ်ဆေးခဲ့ပြီးနောက် သံသယဖြစ်ပွားဖွယ် H5N1 ရောဂါလို့ သုံးသပ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ဖေဖော်ဝါရီလလယ်လောက်မှာ ဇုန်ထဲမှာရှိတဲ့ ဥစားကြက်ခြံတစ်ခြံမှာ အလားတူ သေဆုံးမှုမျိုးရှိခဲ့တဲ့အတွက် ထပ်မံစစ်ဆေးပြီးတဲ့နောက် အတည်ပြုချက်ရဖို့အတွက် ဒေသဆိုင်ရာ ဓာတ်ခွဲခန်းကို ပေးပို့စစ်ဆေးခဲ့ပါတယ်။ နောက်ပြီး ထပ်မံအတည်ပြုနိုင်ဖို့အတွက် မော်လီကျူလာနည်းတွေနဲ့ စစ်ဆေးပြီးတဲ့နောက် အတည်ပြုချက်တွေကို ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။

**မေး။ ။ အဲဒီဒေသမှာဘယ်လိုထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ ရောဂါကို အတည်ပြုချက်မရရှိသေးတဲ့အချိန် သံသယဖြစ်ပွားဖွယ် သတင်းရှိတဲ့အချိန်ကစပြီး သုတေသနနဲ့ ရောဂါထိန်းချုပ်ရေးဌာနခွဲက မွေးမြူရေးခြံသုံး ခြံဖျန်းပိုးသတ်ဆေးတွေ၊ သုတ်သင်ရှင်းလင်းမှုတွေပြုလုပ်ရာမှာ အသုံးပြုနိုင်ဖို့အတွက် လိုအပ်တာတွေ မုံရွာမြို့ကို ပေးပို့ထားပြီးဖြစ်သလို မုံရွာမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဝန်ထမ်းတွေက လိုအပ်တဲ့ ဇီဝလုံခြုံရေးကိစ္စတွေ၊ ပညာပေးဟောပြောမှုတွေနဲ့အတူ ရောဂါဖြစ်ပွားမှုနဲ့ပတ်သက်တဲ့ စူးစမ်းလေ့လာမှုတွေ ရောဂါဖြစ်ပွားတဲ့ ကြက်ငှက်တွေကို စနစ်တကျ ဖျက်ဆီးပစ်နိုင်ဖို့အတွက် ပံ့ပိုးကူညီမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ရောဂါကူးစက်ဖြစ်ပွားခဲ့ရင် ဘယ်လိုသိရှိနိုင်ပါသလဲ။ ပထမဆုံးဘယ်လို ဆောင်ရွက်သင့်ပါသလဲ။**

ဖြေ။ ။ ဖြစ်ပွားလာခဲ့ရင်တော့ ကြက်တွေဟာပုံမှန်ထက် သေဆုံးမှုရှိလာမယ်၊ အစာစားနှုန်း သိသိသာသာကျဆင်းလာမယ်၊ နောက်ပြီးထုတ်လုပ်မှု ကျဆင်းမယ်၊ ပိုပြီးတော့ သိသာတာက ခေါင်းနဲ့လည်ပင်းမှာ ရောင်ရမ်းခြင်းတွေရှိမယ်၊ အမောက်နဲ့ပါးပျဉ်းတွေ ညိုမည်းလာပြီးတော့ အရေပြားအောက်တွေမှာ သွေးယိုစီးခြင်းတွေဖြစ်ပေါ်လာပါမယ်၊ အဲဒီလိုပုံစံမျိုးတွေရှိလာရင်တော့ သံသယဖြစ်ဖွယ်အနေနဲ့ သုံးသပ်ရမှာဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ ယခင်ကဖြစ်ဖူးခဲ့ပါသလား၊ နိုင်ငံတကာမှာရော ယခုဖြစ်ပွားနေပါသလား၊ လူတွေကိုပါ ဒုက္ခပေးနိုင်ပါသလား၊ ဖြစ်ပွားခဲ့ဖူးပါက ဘာတွေဆုံးရှုံးမှုများရှိခဲ့ပါသလဲ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ ပထမဦးဆုံးအနေနဲ့ ၂၀၀၆ ခုနှစ်ကစပြီး စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီတုန်းက ကောင်ရေခြောက်သိန်းခန့် သုတ်သင်ရှင်းလင်းခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ ၂၀၀၇ - ၂၀၀၈ ခုနှစ်တွေမှာ ဖြစ်ပွားခဲ့ပြီး ရောဂါဖြစ်ပွားမှု ရပ်တန့်သွားပြီး ၂၀၁၀၊ ၂၀၁၁ -၂၀၁၂ ခုနှစ်တွေမှာ ဖြစ်ပွားခဲ့ပါတယ်။ နောက်ဆုံး ဖြစ်ပွားခဲ့တာက ၂၀၁၂ ခုနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်နဲ့ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွေမှာ ဖြစ်ပွားခဲ့ပါတယ်။ နိုင်ငံတကာမှာတော့ ဒီရောဂါကလူကို ကူးစက်နိုင်ပါတယ်။ ယခုအချိန်ထိဆိုရင် တစ်ကမ္ဘာလုံးမှာ ရောဂါကူးစက်ခံရသူပေါင်း ၇၁၈ ဦးဖြစ်ပွားခဲ့ပြီး ၄၁၃ ဦး သေဆုံးခဲ့ပါတယ်။ သေဆုံးနိုင်တဲ့နှုန်းဟာ ၅၈ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ဆုံးရှုံးမှုကတော့ ပိုင်ရှင်တွေအနေနဲ့ အရင်းအနှီးဆုံးရှုံးမယ်၊ နောက် ဒေသတွင်းမှာ ထွက်ကုန်တွေဆုံးရှုံးမယ်၊ ပြီးရင် နိုင်ငံအနေနဲ့တော့ ရောဂါဖြစ်ပွားတဲ့တိုင်းပြည်ကနေ ကြက်နဲ့ကြက်ထွက်ပစ္စည်းများကို ပြည်ပကိုတင်ပို့လို့ မရဘူးဆိုတာတွေ ဖြစ်လာနိုင်ပါတယ်။

**မေး။ ။ ကျန်ဒေသတွေကို ဘယ်လို ကြိုတင်ကာကွယ်မှုတွေ ပြင်ဆင်ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ တိုင်းဒေသကြီး၊ ပြည်နယ်တွေ အတွင်းမှာရှိတဲ့ ကျွန်တော်တို့ ဦးစီးဌာနက ဝန်ထမ်းတွေကို ရောဂါနှင့်ပတ်သက်တဲ့သံသယဖြစ်ဖွယ်သတင်းတွေ၊ ထူးခြားဖြစ်စဉ်တွေကိုသိရှိရတာနဲ့ ဆောလျင်စွာ ဦးစီးဌာနကို သတင်းပေးပို့ဖို့ညွှန်ကြားထားပါတယ်။ ဒီကိစ္စကလည်း အခု ကြက်ငှက်တုပ်ကွေးရောဂါဖြစ်မှ လုပ်တာမဟုတ်ဘဲ ဘယ်တိရစ္ဆာန်တွေမှာမဆို ထူးခြားတဲ့ဖြစ်စဉ်တွေ၊ သတင်းတွေရှိလာရင် ဆောလျင်စွာသိရှိနိုင်အောင် ဆောင်ရွက်စီမံထားပါတယ်။

ရောဂါဖြစ်ချိန်ပဲဖြစ်ဖြစ် ရောဂါမဖြစ်သေးတဲ့ အချိန်ပဲဖြစ်ဖြစ် ကြက်မွေးတယ်ဆိုရင် ဇီဝလုံခြုံရေးကို ဂရုပြုဆောင်ရွက်ရပါမယ်၊ ဇီဝလုံခြုံရေးဆိုတာကလဲ တစ်နည်းအားဖြင့် ပြောရရင်တော့ လိုက်နာဆောင်ရွက်ရမယ့် ကျင့်စဉ်တစ်ခုဖြစ်ပြီး ရောဂါရှိတဲ့ တိရစ္ဆာန်နဲ့ ရောဂါကို ကူးစက်လက်ခံနိုင်တဲ့ တိရစ္ဆာန်တွေကို မထိအောင် ဆောင်ရွက်ဖို့လိုပါတယ်၊ အဲဒီလိုဆောင်ရွက်ရာမှာ တစ်ကိုယ်ရေသန့်ရှင်းဖို့လိုပြီး ကြက်ခြံထဲကို မဝင်မီနဲ့ ကြက်ခြံထဲကနေပြီးထွက်ရင် သန့်ရှင်းရေးလုပ်ဖို့လိုပါတယ်။

**မေး။ ။ ကျန်ဒေသတွေမှာဖြစ်ပွားရင် ဘယ်ကိုအကြောင်းကြားရပါမလဲ။**

ဖြေ။ ။ ဦးစီးဌာနအနေနဲ့ အကောင်းဆုံးအကြံပြုလိုတာက ဘယ်လိုသံသယဖြစ်ပွားမှုတွေပဲရှိရှိ ပထမအချက်ကတော့ နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကို အကြောင်းကြားဖို့ ပြောကြားလိုပါတယ်။ ဒါမှမဟုတ် အခက်အခဲရှိရင်တော့ ၀၆၇- ၄၀၈၄၆၃ နဲ့ ၀၆၇- ၄၀၈၁၉၈ နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သုတေသနနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲကို တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

**မေး။ ။ နောင်မှာ မွေးမြူရေးသမားတွေအနေနဲ့ ဒီလို ကြက်ငှက်တုပ်ကွေးရောဂါတွေ ဖြစ်ပွားမှုမရှိအောင် ဘယ်လို ကြိုတင်ပြင်ဆင်ထားသင့်ပါသလဲ။**

ဖြေ။ ။ အဓိကကတော့ အိမ်မွေး ကြက်၊ ဘဲတွေကို ငှက်ရိုင်းတွေနဲ့ ထိတွေ့မှု အခွင့်အလမ်းနည်းစေဖို့ အကာအကွယ်ပေးမယ့် ပိုက်ကွန်တွေအုပ်ထားပေးဖို့နဲ့ ကြက်ခြံတွေကို သီးခြားအဆောက်အအုံတွေနဲ့ထားရှိမွေးမြူသွားဖို့လိုပါတယ်။ ဇီဝလုံခြုံရေးအစီအမံအနေနဲ့ မလိုအပ်တဲ့ တိရစ္ဆာန်တွေ၊ ဧည့်သည်တွေ ခြံအတွင်း မဝင်ရောက်နိုင်ဖို့ ခြံကိုစည်းရိုးခတ်၊ သော့ခတ်ပါ။ ကြက်ခြံထဲကိုဝင်မယ့် ယာဉ်တွေကို ပိုးသတ်ဆေးဖျန်းပါ။ ကြက်ခြံအတွင်းနဲ့ ကြက်အိမ်အတွင်း မဝင်ရောက်မီ ပိုးသတ်ဆေးပါတဲ့ ခြေဆေးကန်၊ ပိုးသတ်ဆေးကန်တွေ ထားရှိပေးရမယ်၊ တခြားခြံက ခြံသုံးပစ္စည်းတွေကို ငှားရမ်းသုံးစွဲခြင်း၊ တခြားခြံက အလုပ်သမားတွေကို မဝင်ရောက်စေဖို့လိုပါတယ်၊ အရေးကြီးတာက ပိုးသတ်ဆေးဆိုတာ မွေးမြူရေးခြံသုံး ခြံဖျန်း ပိုးသတ်ဆေးကိုသာ သုံးရမှာ ဖြစ်ပါတယ်။

**မေး။ ။ ဘာတွေများ ဖြည့်စွက်ပြောကြားလိုပါသလဲ။**

ဖြေ။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ အဓိကရည်ရွယ်ချက်ဖြစ်တဲ့ စားနပ်ရိက္ခာဖူလုံမှုရှိရေး၊ စားနပ်ရိက္ခာများဘေးကင်း လုံခြုံရေးနှင့် စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတာကြောင့် နိုင်ငံတွင်းမှာရှိတဲ့ မွေးမြူရေးတိရစ္ဆာန်တွေအားလုံးနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ဆောင်မှုတွေ၊ ရောဂါထိန်းချုပ်ရေးကိစ္စတွေနှင့် တိရစ္ဆာန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး၊ ဘက်ပေါင်းစုံက စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနရဲ့ ရည်ရွယ်များလည်း အောင်မြင်စွာဆောင်ရွက်နိုင်ပြီး ပြည်သူတွေ ကျန်းမာသန့်ရှင်းလတ်ဆတ်တဲ့ အသား၊ ဥ၊ ငါးတွေ စားသုံးနိုင်ဖို့အတွက် ကျွန်တော်တို့နဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါလို့ အကြံပြုလိုပါတယ်။ ယခုရောဂါ ဖြစ်ပွားမှုနဲ့ပတ်သက်ပြီးတော့လည်း ပြည်သူတွေအနေဖြင့် အထိတ်တလန့်ဖြစ်စရာမလိုဘဲ ဦးစီးဌာနနဲ့ပူးပေါင်းဆောင်ရွက်ရင်းနဲ့ ဌာနရဲ့ညွှန်ကြားချက်တွေ၊ ဇီဝလုံခြုံရေးကျင့်စဉ်တွေကို လိုက်နာဆောင်ရွက်ပြီး မိမိကိုယ်ကိုယ်လည်း တစ်ကိုယ်ရေသန့်ရှင်းရေး အထူးပြု ဆောင်ရွက်ကြပါလို့ တိုက်တွန်းအပ်ပါတယ်။

---

# မန်းရွှေစက်တော်ရာဘုရားမှ အမြင်မတင့်တယ်စေသူများ

**မင်းဘူး မတ် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်တွင် ဘုရားရှင်၏ ဝဲဘက်ခြေတော်ရာနှစ်ဆူရှိသော မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက် (ဧပြီ ၁၇ ရက်) နေ့ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ မန်းရွှေစက်တော်ရာ ဘုရားသည် မြန်မာပြည်အနှံ့အပြားရှိ တန်ခိုးကြီး ဘုရားပွဲတော်များထဲမှ လူသိများထင်ရှားသည့် ဘုရားပွဲတော်ဖြစ်သည်နှင့်အညီ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်လည်ပတ်ကြ၍ စည်ကားလျက်ရှိပေသည်။ တာဝန်ရှိသူတို့၏ ကြီးကြပ်ကွပ်ကဲမှုကြောင့် သွားလာနေထိုင်စားသောက်ရေး၊ တည်းခိုဆောင်များ၊ ရေချိုးဆိပ် စသည်တို့မှာ အားလုံးအဆင်ပြေသန့်ရှင်းသာယာလှပကောင်းမွန်သော်လည်း အထက်စက်တော်ရာ ရောက်ခါနီး လှေကားလက်ရန်းတစ်ဖက်တွင် လှေကားတစ်ထစ်၊ တစ်ယောက်ထိုင်လျက် တန်းစီတောင်းရမ်းနေသူများကို မြင်တွေ့ရသည်မှာ အမြင်မတင့်တယ်သကဲ့သို့ အကျည်းတန်လှပါသည်။

ထို့အပြင် နိုင်ငံခြားခရီးသွား ဧည့်သည်များလာရောက်၍ မြင်တွေ့သွားလျှင် ကိုယ့်လူမျိုးအထင်အမြင်သေးသွားနိုင်ပါသည်။ မသန်စွမ်းသူများ၊ အသက်အရွယ်ကြီးရင့်သူများသာမက ခြေကောင်း၊ လက်ကောင်း၊ အရွယ်ကောင်းများပါ ပါဝင်နေခြင်းက ပို၍ဆိုးသည်။



သို့ပါ၍ အမြင်မတင့်တယ်သော အထက်စက်တော်ရာအနီး လှေခါးထစ်များပေါ်မှ တောင်းရမ်းစားသောက်နေသူများကို ဖယ်ရှားပေးပါက ဘုရားဖူးလာပြည်သူများစိတ်ချမ်းမြေ့စွာ သွားလာဖူးမြော်နိုင်ပြီး အရုပ်ဆိုးအလှပျက်မှုများမှလည်း ကင်းဝေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**သစ်သစ်**

---

# ကျိုင်းလပ်မြို့ရှိ ကျေးရွာ ၁၀ ရွာ ဆိုလာမီးများတပ်ဆင်ပေး

**တာချီလိတ် မတ် ၃**

မတ် ၂ ရက်တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ကျိုင်းလပ်မြို့နယ်ရှိ ကျေးရွာ ၁၀ ရွာအား မီးလင်းရေး ဆိုလာမီးများပေးအပ်ပွဲကို မတ် ၁ ရက်က နမ့်ငေါ့ကျေးရွာနှင့် နမ့်ဝမ်း(၁)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဆိုလာမီးများ တာဝန်ယူတပ်ဆင်ပေးသည့် မြန်မာမဟာထွန်းကုမ္ပဏီ မန်နေဂျာ ဦးကျော်ကျော်က အန္တရာယ်ကင်းရှင်းစွာ ရေရှည်အသုံးပြုနည်းကို လက်တွေ့သရုပ်ပြရှင်းလင်းပေးပြီး ကျေးရွာများကိုယ်စား နမ့်ငေါ့ကျေးရွာမှ ဦးရှာမွေက လူနေမှုအဆင့်မြင့်မားလာမည်ဖြစ်သဖြင့် ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်က ကျေးရွာမှတာဝန်ရှိသူများသို့ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ပေးအပ်ပွဲတွင် နမ့်ဆီး(အာခါ)အထက်၊ နမ့်ဆီး(အာခါ) အောက်၊ နမ့်ငေါ့ကျခမ်းဆောင်၊ ကျခမ်းတဲ၊ ကျဘိုခမ်း၊ နမ့်ဆီး(လားဟူ)၊ နမ့်ဝမ်း(၁)၊ နမ့်ဝမ်း (၂)၊ နမ့်ဝမ်း(၃) ကျေးရွာများအတွက် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၈၄၀ ကျော်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(iprd)**

---

# မော်လူးဘူတာဝန်းကျင်အနီး ကျွန်းတံခါးချပ်များ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**အင်းတော် မတ် ၃**

ကသာခရိုင် အင်းတော်မြို့နယ် မော်လူးနယ်မြေရဲစခန်းအပိုင် မော်လူးဘူတာဝန်းကျင်အနီး တရားမဝင် ကျွန်းသစ်များရှိနေကြောင်း သတင်းအရ မော်လူးနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ဝေမိုး၊ သစ်တောဦးစီးဌာနမှ တောအုပ် ဦးဝင်းချိုနှင့်ပူးပေါင်းအဖွဲ့ကဘူတာအနီး ပတ်ဝန်းကျင်များသို့ ရှာဖွေစစ်ဆေးခဲ့ကြသည်။ ထိုသို့ရှာဖွေစစ်ဆေးစဉ် ဘူတာအနီးဝန်းကျင် မှ ၄ ပေ၊ ၁၈ လက်မ ကျွန်းတံခါး ၁၂ ချပ် (၀ ဒသမ ၁၄၂၀ ) တန် ကာလတန်ဖိုးငွေကျပ် ၄၂၆၀၀ ခန့်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့သော တံခါးချပ်များအား သစ်တောဦးစီးဌာနမှ တောအုပ်ဦးဝင်းချိုထံ လွှဲပြောင်းအပ်နှံထားရှိပြီး သစ်တောဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



ဓာတ်ပုံ-ကျော်စိုး(ကော့သောင်း)

# ကော့သောင်း-ရနောင်း စက်ဘီးစီးပွဲတော် ထိုင်းစက်ဘီးစီးအဖွဲ့ဝင် ၁၇၅ ဦး ပါဝင်ဆင်နွှဲ

**မော်လမြိုင် မတ် ၃**

ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံချစ်ကြည်မှုတိုးမြှင့်လာစေရေး ရည်ရွယ်ကာ ကော့သောင်း-ရနောင်း ချစ်ကြည်ရေး စက်ဘီးစီးပွဲတော်ကို မတ် ၁ ရက် နံနက် ၈ နာရီက ကော့သောင်းမြို့၌ ကျင်းပခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကော့သောင်းရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးထံမှ သိရသည်။

အဆိုပါပွဲသို့ ထိုင်းနိုင်ငံဘက်မှ စက်ဘီးစီးအဖွဲ့ဝင် ၁၇၅ ဦး လာရောက်ပါဝင်ဆင်နွှဲခဲ့ကြပြီး ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက်ရှိ နာရီစင်မှ စတင်တာထွက်ကာ ကော့သောင်းခရိုင် မလိဝမ်းကျေးရွာအရောက် ခရီးမိုင် ၂၄ မိုင်ခန့် စီးနင်းခဲ့ကြပြီးနောက် အဆိုပါကျေးရွာရှိ ရွှေတောင်ဦး မိဘမဲ့ကလေးများ စောင့်ရှောက်ရေး ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

အဆိုပါပွဲတော်ကို ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကုန်သည်ကြီးများအသင်း (ကော့သောင်း)နှင့် ထိုင်းနိုင်ငံ ရနောင်းခရိုင် ဟိုတယ်နှင့် ခရီးသွားလာရေးဌာနတို့မှ စီစဉ်ကြီးကြပ်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံချစ်ကြည်ရေး တိုးမြှင့်လာစေရေးရည်ရွယ်ကာ ကျင်းပသော ယခုပြိုင်ပွဲသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ကော့သောင်း-ရနောင်းချစ်ကြည်ရေး စက်ဘီးစီးပွဲတော် ပထမအကြိမ် ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကော့သောင်းကို ထိုင်းနိုင်ငံဘက်က ပိုသိစေချင်တယ်။ အဲဒီရည်ရွယ်ချက်နဲ့ လုပ်ဖြစ်ခဲ့တာပါ။ ယခု ကျင်းပတဲ့ပွဲမှာ ရနောင်း၊ ဗန်ကောက်၊ စူရတ်ဌာနီအပါအဝင် ခရိုင်လေးခုက လူတွေလာတာ ဖြစ်တဲ့အတွက် အဲဒီလေးခရိုင်နဲ့ အချင်းချင်း ရင်းနှီးမှုတွေရတယ်။ ပြီးတော့ သူတို့ဘက်က ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းရှင်တွေ ပါလာတယ်။ အဲဒီတော့ ကျွန်တော်တို့နဲ့ ပိုပြီးရင်းနှီးမှုရခဲ့တယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ရင်းနှီးမှု ပိုတိုးတက်သွားတယ်။ ဆက်ဆံရေး ပိုမိုကောင်းသွားတယ်ပေါ့ဗျာ။ နောက်နှစ်လည်း ခုလိုပွဲမျိုး ကျင်းပဖို့ ရည်ရွယ်ထားပါတယ်" ဟု စက်ဘီးစီးပွဲတော်နှင့် ပတ်သက်ကာ ဦးလွှမ်းမိုးက ရှင်းပြခဲ့သည်။

**သတင်း-မြတ်မွန်ထွေး**

# ခြိမ်းခြောက် ရော်ဘာခြံလုပ်ငန်းရှင်ကြောင့် မြန်မာမိသားစုသုံးဦး ဖမ်းဆီးခံရ MAT မှ ထိုင်းစစ်ဆေးရေးဂိတ်၌ အချိန်မီကယ်တင်

**ဗန်ကောက် မတ် ၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြောက်ဘက် ၃၇၇ ကီလိုမီတာအကွာ၌ရှိသော ဖိစိနုလို့မြို့နယ် ကင်ရိုင်ကျေးရွာမှ ရော်ဘာခြံလုပ်ငန်းရှင်တစ်ဦးက မြန်မာမိသားစုသုံးဦးကို သေနတ်ဖြင့် ခြိမ်းခြောက်ကာ ပတ်စ်ပို့ကို သိမ်းဆည်းထားသဖြင့် ၎င်းမိသားစု အလုပ်ပြောင်းရွှေ့လာရာ စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးခံခဲ့ရသောကြောင့် မြန်မာသံရုံး အလုပ်သမား ကူညီစောင့်ရှောက်ရေး ကော်မတီဝင်အဖွဲ့က မတ် ၁ ရက် နံနက်အစောပိုင်းတွင် အချိန်မီကယ်တင်နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)မှ ဆက်သွယ်ပြောချက်အရ သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ ရော်ဘာခြံလုပ်ငန်းရှင် ထိုင်းနိုင်ငံသားက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မြို့မရပ်ကွက်မှ ကိုမျိုးအေးနှင့် မထွေးလှမိသားစုကို အနိုင်ကျင့်ဖိနှိပ်မှုများ ပြုလုပ်လျက်ရှိသဖြင့် အလုပ်ပြောင်းရွှေ့ရန် စဉ်းစားခဲ့ကြသည်။ ထိုင်းလုပ်ငန်းရှင်သူဌေးက သေနတ်ဖြင့် ခြိမ်းခြောက်ခြင်းများ မကြာခဏ ပြုလုပ်လေ့ရှိခဲ့ပြီး ၎င်းက ကိုမျိုးအေးတို့ ဇနီးမောင်နှံ၏ ပတ်စ်ပို့စာအုပ်အား လုပ်ငန်းရှင်သူဌေး ပြောင်းပေးမည်ဟု အကြောင်းပြကာ သိမ်းဆည်းထားခဲ့သည်။

မြန်မာအလုပ်သမား ကိုမျိုးအေးက "ကျွန်တော်တို့မှာ ပတ်စ်ပို့မိတ္တူပဲရှိပါတယ်။ လုပ်ငန်းရှင် သူဌေးက အကုန်လုံးကို သိမ်းဆည်းထားပါတယ်။ ဆက်နေရင် ကျွန်တော် အသတ်ခံရမယ်။ ပြီးတော့ ကျွန်တော့်ကလေးနဲ့ဇနီး ဒုက္ခရောက်ကြရမယ်လေ။ ဒါကြောင့် သူဌေးလစ်တုန်း ရပ်ချ်ဘူရီမှာရှိတဲ့ ညီမတို့ဆီကို ရှောင်ပြေးလာတဲ့အခါမှာ စစ်ဆေးရေးဂိတ်နဲ့ ပက်ပင်းတိုးမိပါတယ်။ ပြီးတော့ ဖမ်းပြီး နယ်စပ်ကိုပြန်ပို့မယ်တဲ့။ ခုတော့ MATအဖွဲ့က ကူညီပေးခဲ့လို့ လွတ်လာတာပါ။ ကျေးဇူးတင်ပါတယ်ဗျာ"ဟု ပြောသည်။

မတ် ၁ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီခွဲခန့်တွင် ဖုန်းဆက်လာသဖြင့် ကူညီခဲ့ရပုံကို ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT မှ နိုင်ငံခြားဆက်ဆံရေးတာဝန်ခံ ကိုစိုင်းအေးက "နကပထုန်စစ်ဆေးရေးဂိတ်က ထိုင်းရဲတွေကို ကျွန်တော်က မြန်မာသံရုံး အလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီကပါ။ ဒီအလုပ်သမားတွေဟာ လုပ်ငန်းရှင်က သေနတ်နဲ့ ပစ်မှာစိုးလို့ ထွက်ပြေးလာတာ။ အလွန်ဆင်းရဲကြပါတယ်။ ပြန်မပို့ပါနဲ့ဆိုပြီး တောင်းတောင်းပန်ပန် ပြောရတယ်ဗျာ။ အဲဒီရဲတွေက မြန်မာနယ်စပ်ကို ပြန်ပို့မယ်၊ ပြန်ပို့မယ်ပဲ ပြောနေတာ။ မနည်းပြောရတယ်။ ပြေလည်သွားတော့ မိသားစုဘဝ တစ်ခုကို ကယ်တင်နိုင်လိုက်တာပေါ့ဗျာ" ဟု ဝမ်းသာစကားဆိုသည်။

ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားများမှာ မိမိတို့ ငွေဖြင့် အကုန်အကျခံ၍ ပတ်စ်ပို့လုပ်ထားကြသော်လည်း ထိုင်းနိုင်ငံ အနှံ့အပြား နေရာအတော်တော်များများတို့တွင် လုပ်ငန်းရှင်အချို့တို့က ပတ်စ်ပို့ကို သိမ်းဆည်းထားတတ်ကြကြောင်း၊ အချို့ အလုပ်ရုံများမှ ရက်ပေါင်း ၉၀ တံဆိပ်တုံးထုရန်ဟု အကြောင်းပြ၍ လည်းကောင်း၊ အချို့ လုပ်ငန်းရှင်များကလည်း အလုပ်သမားများ ထွက်မပြေးနိုင်ကြရန် အတွက်သော်လည်းကောင်း စသည်ဖြင့် မြန်မာအလုပ်သမားများအား ကိုင်တွယ်နိုင်ရန်အတွက် ယင်းကဲ့သို့ သိမ်းဆည်းထားတတ်ကြသဖြင့် တာဝန်ရှိသူများက ထိုကဲ့သို့ မဖြစ်စေရန်အတွက် မည်သို့သော အစီအမံများဖြင့် ဆောင်ရွက်သင့်သည်ကို စဉ်းစားပေးရန် လိုအပ်ကြောင်း MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက သုံးသပ်ပြောကြားသည်။

**စိုးဝင်း(SP)**

# စံပြကျေးရွာ ဆုချီးမြှင့်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ဒီးမော့ဆို မတ် ၃**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးကော်မတီ မြို့ပြ၊ ကျေးလက်အကောင်းဆုံးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဆုရွေးချယ်နိုင်ရေးလုပ်ငန်းကော်မတီ မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ (၂) စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထန်ဒိုးကျင့် ဦးဆောင်သော ကွင်းဆင်းအဖွဲ့ဝင် ၁၅ ဦးသည် မတ် ၁ ရက်က ဒီးမော့ဆိုမြို့နယ် ဆိုဘောသဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ စံပြကျေးရွာဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးဆုချီးမြှင့်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါကွင်းဆင်းအဖွဲ့သည် ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်မှ ရေလှောင်ထားရှိမှုအခြေအနေ၊ လက်တံမှ ရေပေးဝေပြီး နွေစပါးများ သိပ္ပံနည်းကျစိုက်ပျိုးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်တွင်းသတင်း

# ဆိုလာမီးလင်းရေးဖွင့်ပွဲ အခမ်းအနားကျင်းပ

**ကောလင်း မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် တောင်မော်အုပ်စု အင်တောကျေးရွာတွင်၂၀၁၅ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၂၈ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ခဲ့သော ဆိုလာမီးလင်းရေးဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။ **(၀၉၂)**

# နွေရာသီကြက်တောင်အားကစားနည်းသင်တန်းဖွင့်မည်

**နေပြည်တော် မတ် ၃**

ကြက်တောင်ရိုက်အားကစားကို အမှန်တကယ်စိတ်ဝင်စားပြီး အခြေခံမှစ၍ စနစ်တကျလေ့လာသင်ယူလိုသော ပျဉ်းမနားမြို့နှင့် ဝန်းကျင်မှ ကြက်တောင်အားကစားဝါသနာရှင် လူငယ်မောင်မယ်များအတွက် ပျဉ်းမနားကြက်တောင်ကလပ်က ကြီးမှူး၍ နွေရာသီကြက်တောင်အားကစားနည်းသင်တန်းကို မတ် ၅ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သင်တန်းဖြစ်မြောက်ရေးအဖွဲ့ဝင် ကိုအောင်မျိုးသန့်ထံမှ သိရသည်။

ယခုဖွင့်လှစ်မည့် ကြက်တောင်အားကစားနည်းသင်တန်းကို အမျိုးသားအားကစားပွဲတော်တွင် ဆုရရှိခဲ့သည့် နေပြည်တော်မှ မြန်မာ့လက်ရွေးစင်ကြက်တောင်အားကစားသမားများကိုယ်တိုင် ကြီးကြပ်သင်ပြမည်ဖြစ်ပြီး သင်တန်းချိန်မှာ နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီ၊ ညနေ ၅ နာရီမှ ၇ နာရီအထိဖြစ်ကာ သင်ကြားပြသမည့်နေရာမှာ ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ကြက်တောင်ရိုက်တံနှင့် အားကစားဝတ်စုံဝတ်ဆင်လာရမည်ဖြစ်ပြီး မိမိနှစ်သက်ရာ သင်တန်းချိန်တစ်ခု (သို့) နှစ်ခုစလုံးအားလည်း တက်ရောက်သင်ကြားနိုင်ကြောင်း၊ သင်တန်းနှင့် စပ်လျဉ်း၍ သိရှိလိုပါက ကိုအောင်မျိုးသန့် ဖုန်း-၀၉-၉၇၄၁၇၂၂၆၃၊ ကိုနေကျော် ၀၉-၄၄၈၅၄၇၂၇၄ သို့ စုံစမ်းဆက်သွယ်နိုင်ကြကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

# ရွာသစ်ကုန်းကျေးရွာတွင် ဆိုလာမီးအိမ်ပေးအပ်ပွဲ

**ဆိပ်ဖြူ မတ် ၃**

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ရွာသစ်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကဖြန့်ဝေသည့် ဆိုလာမီးအိမ်ပေးအပ်ပွဲနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က အမှာစကားပြောကြားပြီး ဆိပ်ဖြူမြို့နယ် ကြက်ခြေနီဒုတပ်ရင်းမှူး ဦးမောင်မောင်ဝင်းက ဆိုလာမီးအိမ်များ ဖြန့်ဝေပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ငှက်ကွေးကျေးရွာမှ အိမ်ထောင်စု ၁၀ စု အတွက် မီးအိမ် ၁၀ လုံး၊ ရွာသစ်ကုန်းကျေးရွာမှ အိမ်ထောင်စု ၂၂ စုအတွက် မီးအိမ် ၂၂ လုံး၊ မကျီးစုကျေးရွာမှ အိမ်ထောင်စု သုံးစုအတွက် မီးအိမ်သုံးလုံး စုစုပေါင်း အိမ်ထောင်စု ၃၅ စုအတွက် ဆိုလာမီးအိမ် ၃၅ လုံးကို ပေးအပ်ခဲ့ပြီး မူခင်းကျဆင်းရေးဟောပြောပွဲပြုလုပ်ခဲ့ရာ ခေတ္တမြို့နယ် ရဲမှူး ဒုရဲမှူးအောင်စံကျော်က ယာဉ်/လမ်းစည်းကမ်းအသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မကွေးသား**

# ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေးနှင့် နွားပေါင်ပုပ်/လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံ

**မြိုင် မတ် ၃**

ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖေဖော်ဝါရီ ၂၈ ရက်က ကြက်လည်လိမ်ရောဂါကာကွယ်ဆေးနှင့် နွားပေါင်ပုပ်၊ လက်ပုပ်ရောဂါ ကာကွယ် ဆေးထိုးနှံမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်တိ/မွေးကုဦးစီးဌာနမှ အလုပ်အမှုဆောင် ဦးသိန်းထွေးနှင့် ဝန်ထမ်းများက တဲကြီးကျေးရွာအုပ်စု ဒန်းပင်ကန်ကျေးရွာတွင် ကြက်အကောင် ၂၀ နှင့် နွား ၂၆၈ ကောင်ကိုလည်းကောင်း၊ တဲကြီးကျေးရွာတွင် ကြက် ၂၅ ကောင်နှင့် နွား ၂၃၅ ကောင်ကိုလည်းကောင်း၊ ကျောက်ကန်ကျေးရွာအုပ်စုရှိ ကျောင်းရပ်ကျေးရွာတွင် ကြက်အကောင် ၁၃၀ နှင့် နွား ၁၂၇ ကောင်တို့ကိုလည်းကောင်း ကာကွယ်ဆေးများ လိုက်လံထိုးနှံပေးခဲ့ကြောင်း မြို့နယ် တိ/မွေးကုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ကျော်ဇေယျ**

# ဟသ်ာတမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၉ ပြား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃**

ဖေဖော်ဝါရီ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု ( ၄၉) ပုသိမ်နှင့် ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟသ်ာတမြို့၊ မြဝတီရပ်ကွက် သီရိ(၅)လမ်းနေ လူမွှေး (ခ) ဝဏ္ဏလင်း၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းနှင့်အတူ ဂျူကိုဇင်သူအား တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၉ သိမ်းဆည်းရမိသဖြင့် လူမွှေး (ခ) ဝဏ္ဏလင်း (၃၃ နှစ်) နှင့် ဂျူကိုဇင်သူ (၂၇ နှစ်)တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ပြည်ပပို့ကုန်အလားအလာရှိသော ကုန်ပစ္စည်းများနှင့် ကျေးလက်အသေးစားထုတ်ကုန်ပြပွဲကျင်းပ

**မန္တလေး မတ် ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ကျင်းပသော ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန် အလားအလာရှိသော ကုန်ပစ္စည်းပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပသည်။

ပြပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ဖွင့်လှစ်ပြသထားသော ကျေးလက်ဒေသအသေးစားထုတ်ကုန်နှင့် ပြည်ပပို့ကုန် အလားအလာရှိသော ကုန်ပစ္စည်းများ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးနှင့် သီးနှံများအရည်အသွေးမြင့်မားပြီး တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်ရေး၊ ပြည်ပပို့ကုန်များ ဖြစ်လာရေးတို့အတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပပို့ကုန်အဖြစ် အလားအလာကောင်းသော ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ ကြက်သွန်နီ၊ နနွင်းနှင့် စားဖိုဆောင်သုံးသီးနှံများ၊ ဖရဲ၊ သခွား၊ သရက်စသော သစ်သီးဝလံများနှင့် ပန်းအမျိုးမျိုးကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဈေးကွက်စိန်ခေါ်မှုများနှင့် ကြုံတွေ့သည့်အခါ ရင်ဆိုင်ကျော်လွှားနိုင်မည့် အချက်အလက်များ ရှာဖွေဖော်ထုတ်နိုင်ရေးရည်ရွယ်ချက်များဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

**တင်မောင်(မန္တလေး)**



# ခုတင်(၅၀) ဆံ့ ဆေးရုံသစ်ကြီး တည်ဆောက်မှု မကြာမီပြီးစီးမည်

**ဇီးကုန်း မတ် ၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသော ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ်ကြီး တည်ဆောက်မှုလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး မကြာမီရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကာ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံသည် အာရ်စီနှစ်ထပ် အမျိုးအစားဖြစ်ပြီး လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် သွားဘက်ဆိုင်ရာဆေးခန်း၊ ရုံးခန်းများလည်း ပါဝင်ကာ ဆေးရုံအတွင်း အခင်းကြွေပြားနှင့် နံရံများကို ပိုးမွှားအန္တရာယ် ကာကွယ်နိုင်ရန် တည်ဆောက်ထားကြောင်း သိရသည်။ ဆေးရုံကို ဇွန်လအတွင်းက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း ဆေးရုံကို တာဝန်ယူတည်ဆောက်သည့် ACE ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝင်းက ပြောသည်။

ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံသည် ယခင်က (၂၅) ခုတင်ဆံ့ဆေးရုံဖြစ်ရာ ယခုကဲ့သို့ ခုတင်(၅၀) ဆံ့ဆေးရုံဖြစ်လာပြီး ကျယ်ပြန့်သန့်ရှင်းသည့် အဆင့်မီဆေးရုံဖြစ်လာသဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် ပို၍အဆင်ပြေလာမည်ဖြစ်ကြောင်း ဇီးကုန်းမြို့ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**ကိုသက်(ဇီးကုန်း)**

# ဒီမိုကရေစီရှင်သန်ရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကိုလိုလားကြောင်း ငါန်းဇွန်မြို့နယ်မှ ဒေသခံပြည်သူ ၇၀၀ ကျော် ဆန္ဒထုတ်ဖော်

**ငါန်းဇွန် မတ် ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာအုပ်စု ၄၈ခုမှ ပြည်သူအင်အား ၇၀၀ ခန့်က ဒီမိုကရေစီရှင်သန်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုလိုလားကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်သူများသည် ငါန်းဇွန်မြို့ မြို့သာလမ်း၏ မြို့အဝင်လမ်းထိပ်တွင် စတင်စုရုံးပြီး စာတန်းပါ ပိုစတာများကိုင်ဆောင်ကာ ကြွေးကြော်သံများဖြင့် မြို့တွင်းရှိ ရှင်ပင်မိုးကောင်း မြတ်စွာဘုရားဝင်း နယ်မြေသို့ ကြွေးကြော်ချီတက်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်သူများသည် "အမိနိုင်ငံတော်တွင် ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးရန် ပြင်းပြစွာဆန္ဒပြုသည်၊ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးစေဖို့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို လိုလားသည်၊ မတည်ငြိမ်ဆူပူအောင် ဖန်တီးမှုမှန်သမျှဆန့်ကျင်သည်၊ တရားဥပဒေစိုးမိုးမှုကို လိုလားသည်၊ စည်းကမ်းလိုက်နာမှုကို တိုက်တွန်းသည်၊ အမျိုးသားစည်းလုံးရေး ပြန်လည်သင့်မြတ်ရေး ကြိုဆိုသည်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းကြစို့၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး ကြိုးပမ်းကြစို့၊ မေတ္တာတရားရှေ့ထား နိုင်ငံအေးချမ်းဖို့ ကြိုးစားကြစို့လား၊ ၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေးနှစ်ဖြစ်စေဖို့ အားလုံးကြိုးပမ်းစို့၊ ဒီမိုကရေစီရှင်သန်ခိုင်မာရေး ဒို့အရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး ဒို့အရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဒို့အရေး၊ ၂၀၁၅ ခုနှစ် ငြိမ်းချမ်းမှုဖော်ဆောင်ရေး အောင်ရမည်စသည့် ကြွေးကြော်သံများဖြင့် ဘုရားဝင်းနယ်မြေသို့ ချီတက်ခဲ့သည်။

ထို့နောက် ဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်သူ သူနတ်စစ်ကျေးရွာမှ ဦးသန်းဝင်းက တက်ရောက်လာကြသည့် ပြည်သူများကို ဆန္ဒဖော်ထုတ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆန္ဒထုတ်ဖော်ပွဲ ပြီးဆုံးခဲ့ကြောင်း၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများထံသို့ ကြိုတင်ခွင့်ပြုချက်တောင်းခံရယူပြီးမှ ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

**လင်းခေး မတ် ၃**

ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စီမံခန့်ခွဲမှုကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် သစ်တောနှင့်သတ္တုဝန်ကြီးက အမှာစကား ပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးကြကာ ဝန်ကြီးက တက်ရောက်လာကြသူများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ညှိနှိုင်းဆွေးနွေးခဲ့သည်။

**စိုင်းဇော်လတ်(iprd)**

# လဲမှို့ပေါ်ချိန်ရောက်၍ တောင်သူများ အပိုဝင်ငွေရရှိ

**ရမည်းသင်း မတ် ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများအနေဖြင့် လဲမှို့သီးများပေါ်ချိန်ဖြစ်သော မတ်လဆန်းအချိန်တွင် လဲသီးများရောင်းချခြင်းမှ အပိုဝင်ငွေရရှိနေကြကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် လဲမှို့ပင်များကို ခြံစည်းရိုးများ၊ လယ်ယာကန်သင်းများတွင် အများအပြားစိုက်ပျိုးထားလေ့ရှိကြသည်။ ယခုနှစ်တွင် ရာသီဥတုအခြေအနေအရ အသီးသီးနှုန်းနည်းသော်လည်း လဲမှို့သီးခြောက်တစ်တင်းလျှင် ငွေကျပ် ၃၀၀၀ ခန့်ဖြင့် ရောင်းရကြောင်း သိရသည်။ အသီးခြောက်တစ်တင်းကို ခွဲပါက လဲမှို့လေးပိဿာခန့်ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ခန့်ရသဖြင့် အချို့က အသီးများကို ခွဲရောင်းကြကြောင်း သိရသည်။ အချို့တောင်သူများကမူ အပင်များတွင် အပွင့်ပွင့်ချိန်ကပင် ပွဲစားများထံ ပင်ပြတ်စနစ်ဖြင့် ရောင်းချထားကြသည်။ လဲမှို့ပင်များ စိုက်ပျိုးထားခြင်းဖြင့် တောင်သူများအနေဖြင့် ပေါင်းမသင် မြေမဆွဘဲ အပိုဝင်ငွေရရှိနိုင်သောကြောင့် စိုက်ပျိုးထားသင့်ကြောင်း ရမည်းသင်းမြို့နယ်အတွင်းမှ တောင်သူအချို့က ပြောသည်။

လဲမှို့ပင်များသည် အပင်သက်တမ်း သုံးနှစ်မှ လေးနှစ်အတွင်း အသီးသီးပြီး အသီးစသီးချိန်တွင် တစ်တင်းမှ နှစ်တင်းအထိ ထွက်ရှိကာ အပင်ကြီးထွားလာသည်နှင့်အမျှ သီးနှုန်းပိုများလာပြီး ငါးတင်းမှ ၁၅ တင်းခန့်အထိ ထွက်ရှိသည်။ အပုမျိုးနှင့် အရှည်မျိုးဟု နှစ်မျိုးရှိပြီး အပုမျိုးက ထွက်နှုန်းကောင်းပြီး အသီးပိုများသည်။ ပိုးထိုးပိုးကျပါက အပင်သေနိုင်ကြောင်း၊ ပိုးကျပါက ပိုးကျနေသည့်ပင်စည်အပေါက်များသို့ ပရုတ်လုံးထည့်ပေးခြင်းဖြင့် ကာကွယ်နိုင်ပြီး ပုံမှန်အားဖြင့် လဲမှို့ပင်များသည် သက်တမ်း ၁၀ နှစ်မှ ၁၅ နှစ်အထိ ရှင်သန်နိုင်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**



# ပိတောက်နှင့် တမလန်းသစ်များ တရားမဝင်သယ်လာသည့် ယာဉ်တစ်စီးအား မုံရွာမြို့၌ ဖမ်းဆီးရမိ

**မုံရွာ မတ် ၃**

မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်တွင် တရားမဝင်သစ်များ သယ်ဆောင်လာသော ၁၂ ဘီးယာဉ်တစ်စီးကို မြို့နယ်သစ်တောဦးစီးဌာနက မတ် ၁ ရက်က ဖမ်းဆီးရမိခဲ့သည်။

မုံရွာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးမြင့်ကျော်နှင့် သစ်တောဝန်ထမ်းများ၊ မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအုပ်လင်းထက်နိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မုံရွာမြို့နယ် မြောက်ပိုင်းဘိနယ်အတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ချမ်းမြဝတီရပ်ကွက် ဗန္ဓုလလမ်းနှင့် ရေကူးကန်လမ်းထောင့်တွင် တရားမဝင် ပိတောက်ခွဲသားခြောက်ချောင်းနှင့် ခွဲခြမ်းတစ်ချောင်း၊ တမလန်းသစ်ခွဲသား ၈၁ ချောင်း စုစုပေါင်းအလေးချိန် ၈ ဒသမ ၇၂၁၄ တန်ကို စပါးခွံအိတ်များဖြင့် ဖုံးအုပ်တင်ဆောင်လာသည့် နီဆန်း ၁၂ ဘီးယာဉ်ကို မောင်းနှင်လာသူနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသူအား မုံရွာမြို့ ရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်အတွင်း တရားမဝင်သစ်ထုတ်လုပ်မှုများ ပပျောက်စေရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနက ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မတ် ၁ ရက်အထိ တရားမဝင်သစ်ဖမ်းဆီးရမိမှု ၈၈ ကြိမ်ရှိခဲ့ပြီး တရားမဝင် ကျွန်း၊ သစ်မာနှင့် အခြားသစ် စုစုပေါင်းအလေးချိန် ၄၇၅ ဒသမ ၇၇၉၄ တန်၊ ပြစ်မှုကျူးလွန်သူ ၄၅ ဦး၊ မော်တော်ယာဉ် ၂၈ စီး၊ ထော်လာဂျီ ရှစ်စီးနှင့် ရေယာဉ် ငါးစင်းတို့ကို ဖမ်းဆီးရမိခဲ့ပြီးဖြစ်ကြောင်း မုံရွာမြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပုဂံသရပါတံခါးမှ ကျိုင်းတုံပါလျန်တံခါးသို့

ရှေးဟောင်းအဆောက်အအုံများသည် တန်ဖိုးဖြတ်၍ မရနိုင်သော နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်သည်။ ၎င်းတို့ကိုထိန်းသိမ်းစောင့်ရှောက်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများသာမက နိုင်ငံသားတိုင်းမှာလည်း တာဝန်ရှိပါသည်။

မြန်မာ့ရိုးရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အပြည့်ရှိနေသော ပုဂံယဉ်ကျေးမှုဒေသရှိ သရပါတံခါး အုတ်တိုင်ကြီးများတွင် အက်ကြောင်းများ သိသိသာသာဖြစ်ပေါ်လျက် ရှိနေသည်။ ထိုအက်ကြောင်းများသည် သဘာဝဘေးများကြောင့်သာမက မော်တော်ယာဉ်ကြီးများ တံခါးကိုဖြတ်မောင်းချိန်တွင် ဖြစ်လာသော သိမ့်လှိုင်းများ၏ တဖြည်းဖြည်းနှဲ့နေခြင်းကို ကာလကြာရှည်ခံရခြင်းသည်လည်း ပါဝင်ကြောင်း ပညာရှင်များက ဆိုသည်။ ထို့ကြောင့် ပုဂံသရပါတံခါးကို ယာဉ်ကြီးများ ဖြတ်ဝင်ခြင်းကို ကန့်သတ်ပြီး လမ်းလွှဲမှမောင်းရန်စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက်ရှိ ပါလျန်တံခါးသည်လည်း ပုဂံသရပါတံခါးကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်။ ၁၈၁၉ ခုနှစ်တွင် ကျိုင်းတုံစော်ဘွားစဝ်မဟာခနန်က မြို့ရိုးနှင့်တကွ တံခါးသုံးပေါက်ကို တည်ဆောက်ခဲ့သည့်အနက် ပါလျန်တံခါးလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သမိုင်းအထောက်အထားအရ သိရသည်။

ယခုအခါ မြို့ရိုးနှင့် တံခါးနှစ်ပေါက်မရှိတော့ဘဲ ပါလျန်တံခါးတစ်ပေါက်သာ အုတ်တိုင်ကြီးများနှင့် ကျန်ရှိနေသည်။ "ကျိုင်းတုံမြို့၏ တစ်ခုတည်းသော ရှေးဟောင်းပါလျန်တံခါးကိုလည်း ရေရှည်တည်တံ့စေဖို့အတွက် ဖြစ်နိုင်ပါက လမ်းလွှဲစီစဉ်ပေးစေလိုကြောင်း" ကျိုင်းတုံယဉ်ကျေးမှုပြတိုက်မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သီတာအောင်က ပြောသည်။ ပါလျန်တံခါးကိုဖြတ်၍ ယာဉ်အမျိုးမျိုးဖြတ်သန်းသွားလာနေကြရာ ရေရှည်တွင် တံခါး၏ကြံ့ခိုင်ရေးကို လျော့နည်းစေပြီး ယိုယွင်းလာနိုင်သဖြင့် ကြိုတင်ကာကွယ်ထိန်း သိမ်းသည့်အနေဖြင့် လမ်းလွှဲစီစဉ်ပေးရန် လိုအပ်လျက်ရှိနေပါသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



**ကျိုင်းတုံမြို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပါလျန်တံခါး။** ဓာတ်ပုံ-မောင်မောင်နိုင်



**ပုဂံသရပါတံခါးမှ အက်ကြောင်းများ။** ဓာတ်ပုံ-ထူးစံ

## မီးဘေးကာကွယ်ရေးအတွက် သီးသန့်မီးသတ်သင်တန်းဖွင့်

**မကွေး မတ် ၃**

မကွေးမြို့အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ သီးသန့်မီးသတ်သင်တန်းကို အထက(၁)လမ်းရှိ အဆင့်မြင့်မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းသို့ မြို့နယ်စည်ပင်မှ ဝန်ထမ်း ၅၂ ဦးနှင့် မြို့ပေါ်ရှိဈေးများမှ ဈေးသူဈေးသား ၆၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၈ မှ မတ် ၁၃ ရက်အထိ နေ့စဉ် ည ၇ နာရီမှ ၉ နာရီ အချိန်တွင် သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ဒိုင်းရှင်းစက်အသုံးပြုနည်း၊ မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် မီးငြိမ်းသတ်နည်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးက ပြောသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သိန်းက မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးကြောင့်ကြုံတွေ့ရမည့် လူမှုဒုက္ခအပေါင်းမှ ကင်းဝေးစေရေးနှင့် ပြည်သူများ၏ အရင်းအနှီး၊ စည်းစိမ်ဥစ္စာများ မီးကြောင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် ရည်ရွယ်ပြီး မြို့နယ်စည်ပင်နှင့် မီးသတ်တပ်ဖွဲ့၊ ဈေးသူဈေးသားများ ပူးပေါင်းပါဝင်၍ သီးသန့်မီးသတ်သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးနေမျိုးနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများတက်ရောက်ခဲ့ကြသည်။

**ကျော်ဇေယျ**

## သစ်ဆွေးမြေ့စစ်ဆေးအကဲဖြတ်ခြင်းသင်တန်းဆင်းပွဲကျင်းပ

**ပြင်ဦးလွင် မတ် ၃**

အာဆီယံညွှန်ကြားရေးမှူးချုပ်ရုံး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဗဟိုဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းတို့ ပူးပေါင်းပြီး ဥရောပသမဂ္ဂ၏ ပံ့ပိုးကူညီမှုဖြင့်ဖွင့်လှစ်ခဲ့သော သစ်ဆွေးမြေ့စစ်ဆေးအကဲဖြတ်ခြင်း သင်တန်းဆင်းပွဲကို ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသား ၁၈ ဦး၊ မြန်မာနိုင်ငံသစ်တောသင်တန်းကျောင်းမှ ၉၄ ဦး စုစုပေါင်း သင်တန်းသား ၁၁၂ ဦးတက်ရောက်ခဲ့ကြပြီး သစ်ဆွေးမြေ့စစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းအုပ်ကြီး ဦးတင်သိန်း၊ သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းမှ ပရောဂျက်မန်နေဂျာ ဦးမြင့်အောင်နှင့်သင်တန်း နည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

**(၄၃၂)**

## မီးဘေးအန္တရာယ်နှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ပုလဲ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ စည်ပင်သာယာရေးဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးလေးမောင်၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်ဇင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပုလဲမြို့ စည်ပင်သာယာရေးဈေးတွင် မီးဘေးအန္တရာယ်နှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက ဈေးသူ ဈေးသားများနှင့်တွေ့ဆုံပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)ဖြစ်ပွားခဲ့ကာ မုံရွာမြို့ ကြက်၊ ငုံးအထူးဇုန်မှ ငုံးနှင့် ဥစားကြက်များ သေဆုံးခဲ့ကြောင်း၊

> မုံရွာမြို့ ကြက်၊ ငုံး အထူးဇုန်မှ ဥစားကြက် ၃၂၄၁ ကောင်နှင့် ငုံး ၁၃၆၁၉ ကောင် သေဆုံးခဲ့ . . .

ဖေဖော်ဝါရီ ၂၆ ရက်အထိ ဥစားကြက် ၃၂၄၁ ကောင်နှင့် ငုံး ၁၃၆၁၉ ကောင်သေဆုံးခဲ့ကြောင်း၊ ပုလဲမြို့မှ ဈေးသူ ဈေးသားများအနေဖြင့်လည်း ဈေးအတွင်း ကြက်ဥ၊ ကြက်သားများ ရောင်းချရာတွင် သန့်ရှင်းလတ်ဆတ်သော ကြက်ဥ၊ ကြက်သားများကို ရောင်းချပေးကြရန်နှင့် မသင်္ကာဖွယ်ရာ ကြက်ဥ၊ ကြက်သားများတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဌာနများသို့ ဆက်သွယ်သတင်းပေးပို့ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သောကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးသတ်ဆေးဘူး၊ မီးချိတ် မီးကပ်၊ ရေအိတ်၊ သဲအိတ်များကို ပြည့်စုံစွာ ထားရှိပြီး မီးလောင်မှုမဖြစ်စေရေးအတွက် စည်းလုံးညီညွတ်စွာ ကြိုတင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဌာနဆိုင်ရာရုံးများသို့ လှည့်လည်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**



## မြင်းမူမြို့ ရပ်ကွက်နှစ်ခု ရေပေးဝေရေးအတွက် ဂါလန် ၁၂၀၀၀ ဆံ့ သံရေစင် တည်ဆောက်ပြီးစီး

**မြင်းမူ မတ် ၃**

မြင်းမူမြို့အတွင်း သောက်သုံးရေပိုမိုဖြန့်ဝေနိုင်ရေးအတွက် တပင်ရွှေထီးရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော အမြင့်ပေ ၄၀ ရှိ ဂါလန် ၁၂၀၀၀ ဆံ့ သံရေစင် တည်ဆောက်မှုများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေစင်မှတစ်ဆင့် တပင်ရွှေထီးရပ်ကွက်နှင့် အောင်ဇေယျရပ်ကွက်များသို့ တိုးချဲ့ရေဖြန့်ဝေပေးနိုင်မည်ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၂၉၉ သိန်းဖြင့် Lin Altitude ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေစင်သို့ မင်းရဲကျော်စွာရပ်ကွက် ရေတင်စက်ရုံမှ ၄ လက်မ ရေပိုက်လိုင်းဖြင့် သွယ်တန်းရေတင်ပို့ရန်နှင့် ပြည်သူများထံသို့ ရေဖြန့်ဝေပေးနိုင်ရေးလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ရေစင်တည်ဆောက်ပြီးစီးမှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှအောင်နှင့် အမှုဆောင်အရာရှိ ဒေါ်နီနီခိုင်တို့က မတ် ၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**(၀၇၉)**

ပြည်တွင်းသတင်း

# ကြက်ငှက်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ကန့်ဘလူမြို့မဈေး၌စစ်ဆေး

**ကန့်ဘလူ မတ် ၃**

ကြက်ငှက်တုပ်ကွေးရောဂါများ အခြားမြို့နယ်များတွင် ပြန်လည်ဖြစ်ပွားလာသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကန့်ဘလူမြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင်များကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မတ် ၁ ရက်တွင် စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညဏ်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ဝင်း၊ ဒုတိယဦးစီးမှူး၊ မြို့နယ်ဈေးတာဝန်ခံများပါဝင်သော ပူးပေါင်းအဖွဲ့က လှည့်လည်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ စစ်ဆေးရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြင်ပကြက်များကို ရောင်းဝယ်ရာတွင် တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ် (PC3) ပါသောကြက်များကို အရောင်းအဝယ်ပြုလုပ်ကြရန်နှင့် ကြက်များကိုကိုင်တွယ်ရာတွင် လက်အိတ်၊ နှာခေါင်းစည်းများ ဝတ်ဆင်ကြရန်၊ ကြက်သားများကိုင်တွယ်ပြီးတိုင်း လက်ကိုစင်ကြယ်စွာဆေးရန်၊ ကြက်သေဆုံးမှုမှ သင်္ကာမကင်းဖွယ်ရာများတွေ့ရှိပါက ဒေသအာဏာပိုင် (သို့မဟုတ်) မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အကြောင်းကြားပေးရန်တို့ကိုပါ အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

> ကြက်များကို ရောင်းဝယ်ရာတွင် တိရစ္ဆာန်ကျန်းမာကြောင်းလက်မှတ် ပါမှသာ အရောင်းအဝယ်လုပ်ရန်. . .

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးရုံးအတွင်း၌လည်း ကြက်အရောင်းအဝယ် ပြုလုပ်သူများ၊ မြို့နယ်ဈေးအတွင်း ရောင်းချလျက်ရှိသော ကြက်သားအရောင်းဆိုင်ရှင်များအား မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ဒုတိယဦးစီးမှူးတို့က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ထို့အပြင် ကန့်ဘလူမြို့ အမှတ်(၁)ရပ်ကွက်ရှိ မောင်းတံဂိတ်တွင်လည်း ဇီဝလုံခြုံရေးအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကြက်မွေးမြူရေးဇုန် ကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်း၍ ကားအဝင်/အထွက်၊ လူများကို ဇီဝဆေးဖျန်းပေးခြင်း၊ ဇီဝလုံခြုံရေးအသိပညာပေး ဟောပြောခြင်းများကို ဖေဖော်ဝါရီ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သမိုင်းဝင် သီပေါဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**သီပေါ မတ် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို သီပေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ ဘော်ကြို ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် မြို့မိမြို့ဖ ဦးစိုင်းလွန်းသာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်သည်။ ထို့နောက် မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ သီလခံယူကြပြီး ဒေသခံ ရှမ်း၊ ပလောင်တိုင်းရင်းသားများက လှူဒါန်းသော အလှူငွေများကို ခရိုင်အုပ်ချုပ်ရေးမှူးက ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

သီပေါဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၇ မှ မတ်လ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ခြင်း၊ ရိုးရာအားကစားနည်းများဖြစ်သော ဝိုင်းခြင်း၊ ပိုက်ကျော်ခြင်း၊ ချောတိုင်တက်ပွဲများနှင့် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများ ကျင်းပမည့်အပြင် ရှမ်းတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့၏ ပြဇာတ်နှင့် စင်တင်တေးဂီတအစီအစဉ်၊ မြန်မာ့ဇာတ်သဘင်အစီအစဉ် စသည့်ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကွန်ပျူတာဖြင့် အခြေခံမဲဆန္ဒရှင်စာရင်း အချက်အလက်ထည့်သွင်းခြင်း သင်တန်းဖွင့်

**လင်းခေး မတ် ၃**



၂၀၁၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတစ်ရပ်အနေဖြင့် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကကြီးမှူး၍ ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင်၌ အခြေခံမဲဆန္ဒရှင်စာရင်းများအား ကွန်ပျူတာအချက်အလက်ထည့်သွင်းခြင်းဆိုင်ရာသင်တန်းကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းမြင့်ဦးက သင်တန်းဖွင့်အမှာစကား ဆက်လက်ပြောကြားခဲ့သည်။ ထို့နောက် (International Foundation Myanmar)မှ ဒေါ်နန်းထားထားချို (IFES-နည်းပြ)က တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းများကို ကွန်ပျူတာစနစ်ဖြင့်ပြုစုခြင်းဆိုင်ရာ နည်းပညာနှင့်ပတ်သက်သည့်အချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ သင်တန်းသို့ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်လေးခုမှ သင်တန်းသား ၂၃ ဦး တက်ရောက်ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လူမှုအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား နည်းပညာပိုင်းဆိုင်ရာအထောက်အပံ့များကို အမြင့်မားဆုံးအဆင့်အတန်းဖြင့် ပံ့ပိုးပေးနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ပိုမို၍ဒီမိုကရေစီနည်းလမ်းကျသော နည်းပညာများဖြင့် ဆောင်ရွက်သွားနိုင်ရန်၊ တိကျထိရောက်မှုရှိပြီး ယုံကြည်စိတ်ချမှုများ ဖြစ်ပေါ်လာစေ၍ ပြည်သူတို့၏ဆန္ဒအမှန်ကို ထင်ဟပ်ပေါ်လွင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ၏လုပ်ငန်းများကို အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးရေးလုပ်ငန်းအေဂျင်စီ (USAID)မှ ရန်ပုံငွေပံ့ပိုးမှုဖြင့် လာရောက်ပို့ချသင်ကြားပေးခြင်းဖြစ်ကြောင်း (IF Myanmar)မှ နည်းပြ ဒေါ်နန်းထားထားချိုက ပြောသည်။ အဆိုပါသင်တန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစ၍ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တောင်ကြီးခရိုင်တို့တွင် စတင်ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး ကျန်ရှိနေသေးသည့် တိုင်းဒေသကြီးများ၌လည်း ဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်မေမေနီ၊ (IF Myanmar)မှ နည်းပြဒေါ်နန်းထားထားချို၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**စိုင်းဇော်လတ်(iprd)**

# မိုးပွင့်(အထူး)စီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ကျောက်ပန်းတောင်း မတ် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့်(အထူး)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၂၇ ရက်အထိ ကန်ပတ်လည်ကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ဦးစီးမှူး ဦးအောင်မှတ်နှင့်ဝန်ထမ်းများသည် ကန်ပတ်လည်ကျေးရွာအုပ်စုအတွင်းရှိ ကန်ပတ်လည်ကျေးရွာ၊ လဲဂွကျေးရွာနှင့် ငွေးကုန်းကျေးရွာများသို့ကွင်းဆင်း၍ အိမ်ထောင်စုစာရင်းမပြုလုပ်ရသေးသည့် အိမ်ထောင်စု ၅၀ နှင့် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူ ၂၅၀ တို့အား၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားကတ်ပြားများအခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရာတွင် ကန်ပတ်လည်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာလူမှုရေးအသင်းဝင်လူငယ်များက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နေအောင်(iprd)**

# လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကလေး မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃၄ ရွာတွင် ပြည်ထောင်စုလွှတ်တော်၏ ဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်းတံတားများ၊ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ထားမှုများနှင့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်နေမှုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းနှင့်အဖွဲ့က မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့များနှင့်ပူးပေါင်းကာ အဖွဲ့လေးဖွဲ့ခွဲ၍ ဖေဖော်ဝါရီ ၂၆ ရက်တွင် စစ်ဆေးခဲ့ကြောင်း သိရသည်။

"လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကနေ ချထားပေးတဲ့လုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီပြီးစီးဖို့ သွားရောက်စစ်ဆေးတာပါ။ လုပ်ငန်းတွေက ဒီဘဏ္ဍာနှစ်ထဲမှာပြီးစီးရမှာလေ။ နောက်ပြီး ဖွံ့ဖြိုးရေးငွေသာ ထုတ်သွားတယ်။ လုပ်ငန်းမှ တကယ်လုပ်ရဲ့လားဆိုတာလည်း သွားကြည့်ရသေးတယ်။ သွားရောက်ခဲ့တဲ့ကျေးရွာတွေကတော့ စော်ဘွားရေရှင်အုပ်စု၊ ရာဇဂြိုဟ်အုပ်စု၊ ခုံသာအုပ်စု၊ ကြက်ဖနက်အုပ်စု၊ ကံကြီးအုပ်စု၊ မော်လိုက်ကလေးအုပ်စု၊ အင်ဒိုင်ကြီးအုပ်စုတွေထဲက ကျေးရွာတွေကို သွားရောက်စစ်ဆေးခဲ့ပါတယ်"ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ပြောသည်။

ကလေးမြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျေးရွာ ၁၆ ရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်း ၁၆ ခုတွင် ငွေကျပ် ၁၀၃ သိန်း၊ ကျေးလက်လမ်းတံတားလုပ်ငန်း ၈၆ ခုတွင် ငွေကျပ် ၆၉၈ သိန်းနှင့် ပြည်သူများအမှန်တကယ်လိုအပ်သော အခြားနေရာများတွင် ကျပ် ၁၉၉ သိန်း အသုံးပြုထားကြောင်း သိရသည်။

**သျှင်နေမင်း**

# ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဘိုကာရှီမြေဆွေးပြုလုပ်နည်း လက်တွေ့ပြသ

**ချောင်းဦး မတ် ၃**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ချောင်းဦးမြို့နယ်အတွင်းမှတောင်သူများအား ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေသြဇာထုတ်လုပ်အသုံးပြုမှုဆိုင်ရာ တောင်သူပညာပေးသင်တန်း ဖွင့်လှစ်ခဲ့ပြီးနောက် ဘိုကာရှီမြေဆွေးပြုလုပ်နည်းကို ချောင်းဦးမြို့စီမံခန့်ခွဲမှုကော်မတီရုံးဝင်းအတွင်း၌ မတ် ၁ ရက်က လက်တွေ့ပြသခဲ့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် တောင်သူများကို ပြန်လည်ရှင်းလင်းပြောပြနိုင်ရန်အတွက် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သန်းလှက ဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဘိုကာရှီမြေဆွေးပုံများ ပြုလုပ်သုံးစွဲနည်းကို လက်တွေ့ပြုလုပ်ပြသခဲ့သည်။

**အိအိစိုး(ချောင်းဦး)**

# ကျေးလက်စာကြည့်တိုက်မှူး ဆင့်ပွားသင်တန်းဖွင့်

**ကျွန်းလှ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ကျေးလက်စာကြည့်တိုက်မှူးများ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းတို့က အမှာစကားပြောကြားပြီး ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်နန္ဒဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် စာကြည့်တိုက်သမိုင်း၊ စာကြည့်တိုက်ထူထောင်ခြင်း၊ မျိုးတူစုပြုစုခြင်း၊ စာကြည့်တိုက်လုပ်ငန်းနှင့် စာကြည့်တိုက်များအကြောင်း၊ စာပေပစ္စည်းများထိန်းသိမ်းခြင်း၊ ကက်တလောက်ရေးသွင်းနည်း၊ စာစုလုပ်ငန်းနှင့် စာပြုလုပ်ငန်း ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူ ၉၅ ဦး တက်ရောက်ခဲ့ကြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ဟောင်းတုန်းကျေးရွာ လေးတန်ချောင်းကူးတံတား ချဉ်းကပ်လမ်းဆောင်ရွက်



**မော်လူး မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ဟောင်းတုန်းကျေးရွာအုပ်စု ဟောင်းတုန်းကျေးရွာမှ မံဟဲကျေးရွာ၊ မြေပလ္လင်ကျေးရွာများသို့ ဆက်သွယ်သွားလာရန်အတွက် လေးတန်ချောင်းကိုဖြတ်၍ ဆောက်လုပ်ထားသော ချောင်းကူးတံတားချဉ်းကပ်လမ်းဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းတံတား၏ ချဉ်းကပ်လမ်းကိုမြေသားဖို့ခြင်းဆောင်ရွက်ရန်စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေအရ မြေသားဖို့ခြင်းသည် ရေတိုက်စားမှုဒဏ်ကို ခံနိုင်ရည်မရှိနိုင်ဟု ယူဆရသည့်အတွက် မြေသားဖို့ခြင်းအစား သစ်သားများခင်းကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ချဉ်းကပ်လမ်းအရှည် ပေ ၂၀၀၊ အကျယ် ခုနစ်ပေ၊ မြေစိုက်သုံးပေခွဲတို့အား အမြင့်လေးပေ(လက်ရန်း) မြေသားဖို့ခြင်းအစား သစ်သားများခင်းကာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းသို့ တံတားချဉ်းကပ်လမ်းပြုလုပ်ရန်အတွက် လှူတော်ခွင့်ပြုရန်ပုံငွေကျပ် ၃၅ သိန်းရရှိထားကြောင်း၊ တံတားချဉ်းကပ်လမ်းဆောင်ရွက်ခြင်းကို ဟောင်းတုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းကျော်ဦးစီးပြီး ကျေးရွာသူကျေးရွာသားများ၏ လုပ်အားဒါနဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

(၁၇၁)

## မြစ်သာမြစ်အတွင်း ရေကြောင်းလမ်းခရီး ပြန်လည်ကောင်းမွန်လာနိုင်သောအခြေအနေရှိ

**ဂန့်ဂေါ မတ် ၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ကောင်းကျိုးတစ်ခုအဖြစ် မြစ်သာမြစ်အတွင်း ရေလမ်းခရီး ကောင်းမွန်လာနိုင်ပြီး ရှေးအခါကကဲ့သို့ လက်ထိုးလှေများ ပြန်လည်အသုံးပြုလာနိုင်ဖွယ်ရာ အခြေအနေဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

"မြစ်သာ ရေလှောင်တမံက နှစ်စဉ်ပျမ်းမျှ စီးဝင်ရေပမာဏရဲ့ သုံးပုံတစ်ပုံခန့်ကိုသာ သိုလှောင်ထားပြီး သုံးပုံနှစ်ပုံခန့်ကို ထုတ်လွှတ်နေမှာ ဖြစ်ပါတယ်။ မိုးရာသီကာလမှာ လိုအပ်တဲ့ ရေပမာဏကို ထိန်းချုပ်သိုလှောင်မှာ ဖြစ်တဲ့အတွက် ရေကြီးမှုကို ကာကွယ်နိုင်မှာ ဖြစ်သလို နွေရာသီကာလမှာလည်း လျှပ်စစ်ဓာတ်အားပေးစက်ရုံက ပြန်လည်ထုတ်လွှတ်တဲ့ရေနဲ့ ရေပိုရေလျှံအချို့ကို ထုတ်လွှတ်နေမှာဖြစ်တဲ့အတွက် မြစ်သာမြစ်ဟာ နွေရာသီကာလမှာ ယခုအချိန်အခါလို ရေနည်းတာမျိုး မဖြစ်တော့ဘဲ ပုံမှန်ရေစီးနှုန်းနဲ့ စီးဆင်းနေမှာ ဖြစ်ပါတယ်။ နွေရာသီကာလတွေမှာ ယခုလက်ရှိအနေအထားထက် ရေစီးကောင်းမွန်နေမှာ ဖြစ်ပါတယ်" ဟု မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းမှ ဦးစီးအရာရှိ ဦးညဏ်စိုးက ပြောသည်။

ယခင်က မြစ်သာမြစ်ကြောင်းအတိုင်း ဂန့်ဂေါမြို့နှင့် ကလေးမြို့တို့အကြား ကုန်စည်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် သစ်လုံးထွင်းလှေများကို အသုံးပြုမှုများရှိခဲ့ပြီး ယခုအခါ မီးရထားနှင့် မော်တော်ကားလမ်းများ ကောင်းမွန်လာသည့်အပြင် မြစ်သာမြစ်မှာ ရေနည်းလာသောကြောင့် သစ်လုံးထွင်းလှေများ အသုံးပြုနိုင်ခြင်း မရှိတော့ဘဲ မြစ်သာမြစ်ကြောင်း ရေလမ်းခရီးပျောက်ကွယ်ခဲ့သည်။

"ယခင်က မြစ်သာမြစ်ကြောင်းလမ်းမှာ အလျား ၄၂ ပေ၊ လုံးပတ် ၁၂ ပေလောက်ရှိတဲ့ သစ်လုံးထွင်းလှေကြီးတွေ ရှိခဲ့ပါတယ်။ ဇူလိုင်လလယ်ကနေ နိုဝင်ဘာလလယ်အထိ လေးလခန့်လောက်ကို ရေလမ်းခရီးကို နှစ်စဉ် အသုံးပြုခဲ့ကြရတယ်။ ဂန့်ဂေါမြို့နဲ့ ကလေးမြို့ကို စုန်၊ ဆန်သွားလာကြရာမှာ အစုန်ခရီးကို ငါးရက်လောက် ကြာမြင့်ပြီး အဆန်ခရီးဆိုရင် ၁၆ ရက်လောက်ကြာတယ်။ လှေကြီးတွေက စပါးတင်းပေါင်း တစ်ရာ့ရှစ်ဆယ်လောက် တင်နိုင်တယ်။ ပဲတင်းပေါင်း တစ်ရာ့နှစ်ဆယ်လောက်တင်နိုင်ပါတယ်"ဟု ဂန့်ဂေါမြို့နေ အသက် ၇၀ အရွယ် ဦးကျော်အောင်က ပြောသည်။

ယခုလက်ရှိ အခြေအနေတွင် မော်တော်ကားလမ်းနှင့် မီးရထားလမ်းတို့မှ ဂန့်ဂေါ-ကလေးခရီးကို အချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်၍ ခရီးရှည်အတွက် ရေကြောင်းခရီးကိုအသုံးပြုရန် မဖြစ်နိုင်တော့သော်လည်း ဒေသတွင်း ခရီးတိုများကို လှေများ အသုံးပြုလာနိုင်ဖွယ်ရာရှိပြီး အပန်းဖြေလှေလာသူပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် အပျော်ခရီး လက်ထိုးလှေများဖြင့် ဝန်ဆောင်မှုပေးကာဝင်ငွေရှာနိုင်ကြမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းကို စိတ်ဝင်စားသူ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံဘော်လီဘော ပြိုင်ပွဲကျင်းပ

**မြိတ် မတ် ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက်ရှိ မြိတ်တက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား /အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်မွန်းလွဲ ၂ နာရီခွဲက အဆိုပါတက္ကသိုလ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲကျင်းပရာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် သင်္ချာအသင်းနှင့် ဓာတုဗေဒအသင်းတို့ယှဉ်ပြိုင်ကစားကြရာ အင်္ချာအသင်းကလည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် သမိုင်းအသင်းနှင့် ဘူမိဗေဒအသင်းတို့ယှဉ်ပြိုင်ကစားကြရာ သမိုင်းအသင်းကလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့နောက်ပထမဆုရရှိသော သင်္ချာအမျိုးသမီးအသင်းနှင့် ပထမဆုရရှိသော သမိုင်းအမျိုးသားအသင်းတို့အား မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးက တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ရွာသစ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ပြုလုပ်

**ရွာသစ် မတ် ၃**

ကယားပြည်နယ် ဘော်လခဲခရိုင် ရွာသစ်မြို့ စုပေါင်းရုံးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနနှင့် NRC အဖွဲ့တို့ ပူးပေါင်း၍ မိုးပွင့်စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ပြုလုပ်ခြင်းကို ရွာသစ်မြို့ပေါ်နှင့် ဝမ်ဗလကျေးရွာအတွက် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်ခဲ့သည်။

အဆိုပါမှတ်ပုံတင်ပေးအပ်ပွဲတွင် ရွာသစ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်းခူက ပြည်သူများထံ မှတ်ပုံတင်ကတ်ပြား ၃၀ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာအလုပ်သမား လေးဦးထံမှ ဖြတ်တောက်ထားသည့် ဘတ်ငွေနှစ်သောင်းပြန်လည်ရရှိ

**ဗန်ကောက် မတ် ၃**

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ရှိ မြန်မာအလုပ်သမားများထံမှ ပတ်စ်ပို့လုပ်ပေးရန် ဖြတ်တောက်ထားသည့်ငွေများအား အလုပ်သမားများက လုပ်ငန်းရှင်သူဌေးထံမှ ပြန်တောင်းခံရာ မရရှိခဲ့ကြသဖြင့် မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီမှ ကူညီဆောင်ရွက်ပေးမှုကြောင့် မတ် ၁ ရက်က ရရှိပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)မှ သိရသည်။

ဖြစ်စဉ်မှာ မြန်မာအလုပ်သမား သက်မောင်စိုး(ခ)အစိုးနှင့် မမမျိုးတို့ထံမှ ဘတ်ငွေ ၁၁၀၀၀၊ ဇာခြည်လှိုင်နှင့် သက်သက်နွယ်တို့ထံမှ ဘတ်ငွေ ၉၀၀၀ တို့ကို ဗန်ကောက်မြို့ အယ်ကချိုင်စူဝတ် (၇၆)လမ်းတွင်ရှိသော မီးပလပ်အလုပ်ရုံမှ လုပ်ငန်းရှင်အမျိုးသမီးက ပတ်စ်ပို့လုပ်ရန်ဟုဆိုကာ ဖြတ်တောက်ထားခဲ့ခြင်းဖြစ်သည်။

မြန်မာအလုပ်သမ မဇာခြည်လှိုင်က "အန္တရာယ်များလို့ သမီးတို့အလုပ်ထွက်တာပါ၊ ဖြတ်ထားတဲ့ ပိုက်ဆံပြန်တောင်းတော့ တိုင်ချင်တဲ့နေရာတိုင်၊ ကြိုက်တဲ့လူခေါ်လာလို့ပြောတယ်ရှင့်။ ဒါကြောင့် အသိတွေကတစ်ဆင့် မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီဝင် MAT အဖွဲ့ကို အကူညီတောင်းခံခဲ့တာပါ။ ကျွန်မတို့ ပြန်တောင်းလို့မရတဲ့ငွေကို ရအောင်ပြန်တောင်းပေးတဲ့ ဦးစိုင်းအေးကို ကျေးဇူးတင်ပါတယ်ရှင့်"ဟု MAT အဖွဲ့သို့ ကျေးဇူးတင်စကားဆိုခဲ့ကြောင်း သိရသည်။

ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT မှ နိုင်ငံခြားဆက်ဆံရေးအရာရှိ ကိုစိုင်းအေးက "အင်န်ဂျီအိုနဲ့ ရှေ့နေတွေနဲ့ အဆင့်ဆင့် အချိန်ကုန်ခံစရိတ်ကုန်ကျခံလုပ်ရတာတွေရှိသလို မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင်ပါဆိုပြီး ကြားဝင်စေ့စပ်ဖြေရှင်းလို့ ရတာတွေလည်း ရှိပါတယ်။ ပြဿနာတွေ နေ့တိုင်း ရှင်းမကုန်အောင်ရှိနေတာပဲ။ ကျွန်တော်တို့ကော်မတီတွေ ကူညီတာထက်ကို အလုပ်သမားကူညီစောင့်ရှောက်မှုအတွက် တရားဝင်သံအရာရှိတစ်ဦးဦးကသာ ကျွန်တော်တို့နဲ့အတူ တကယ်ထဲထဲဝင်ဝင် ကူညီနိုင်ရင် သိပ်ကောင်းမှာပဲဗျ" ဟု ပြောသည်။

တရားဝင် နေထိုင်ခွင့်လည်းရှိ၊ မိမိလည်း မည်သည့်အမှားအယွင်းမှ မကျူးလွန်မိဘဲ ထိုင်းလုပ်ငန်းရှင်နှင့် ထိုင်းရဲများမှ မတရားမှုတစ်ခုခု ပြုလုပ်ပါက MAT အဖွဲ့သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်းနှင့် အစွမ်းကုန်ကြိုးစား ကူညီပေးမည်ဖြစ်ကြောင်း ကိုစိုင်းအေးက ပြောသည်။

**တင်လှမောင်**



**မတ် ၁ ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်၊ မြို့နယ် ၁၃ မြို့နယ်မှ အမျိုးသမီးရေးရာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ ဘလုတ်ညွှန့်အပိုင်း မီးဘေးသင့်ပြည်သူများထံ အိမ်ထောင်စုအလိုက် အသုံးအဆောင်ပစ္စည်းများလှူဒါန်းစဉ်။**

ကိုကြီးတင်

## ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအသစ် ရွေးချယ်ပွဲကျင်းပ

**မန္တလေး မတ် ၃**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၏ ကော်မတီအသစ် ရွေးချယ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ကော်မရှင်ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က အမှာစကားပြောကြားပြီး ကော်မရှင်ရုံးအဖွဲ့မှူးဌာနမှူး ဦးတင်ဝင်းမောင်က ရွေးချယ်ပုံ နည်းစနစ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရွေးချယ်ခံကော်မတီဝင်လောင်းများက အမှုဆောင်ကော်မတီဝင် ခုနစ်ဦးကို ဆန္ဒမဲပေး၍ရွေးချယ်ပြီး ကော်မတီဝင်ခုနစ်ဦးထဲမှ ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့်ကော်မတီဝင် လေးဦးတို့ကို ရွေးချယ်ကာ သဘာပတိ၏ အတည်ပြုချက်ကို ရယူသည်။

ဆက်လက်၍ ရွေးချယ်ခံရသော အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီဝင်အသစ်များက ရွေးကောက်ပွဲကော်မရှင်အဖွဲ့၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ဥက္ကဋ္ဌအသစ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**



## ဒေါင်းမြူးချောင်းကူးတံတားဖွင့်လှစ်

**ကောလင်း မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ငပွေးလေးအုပ်စု စိတ္တူကျေးရွာ ဒေါင်းမြူး ချောင်းကူးတံတားဖွင့်ပွဲကို မတ် ၂ ရက်က အဆိုပါတံတား၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင်တို့က အမှာစကားပြောကြားပြီး ဒေါင်းမြူးချောင်းကူးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် စိတ္တူကျေးရွာ ရပ်မိရပ်ဖ ဦးညဏ်တင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဒေါင်းမြူးချောင်းကူးတံတားမှာ အရှည်ပေ ၈၀၊ အကျယ် ၁၅ ပေရှိပြီး ကုန်ကျငွေကျပ် ၂၈၁ သိန်းဖြစ်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ပံ့ပိုးငွေကျပ်သိန်း ၅၀ ဖြစ်ပြီး အဆိုပါတံတားတည်ဆောက်မှုကြောင့် ကျေးရွာချင်းဆက်လမ်းများ ဆက်သွယ်မှု အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း သိရသည်။

(ဝ၉၂)

ဆောင်းပါး

# လူငယ်နဲ့စီးကရက်ပြဿနာ

ဦးသန်းထွန်း(ဥပဒေ)

အချိန်က နံနက်စောစော ၆ နာရီတောင် မခွဲတတ်သေးပါ။ ကျောင်းတက်သွားတဲ့ ကလေးတွေကတော့ လမ်းပေါ်မှာတွေ့နေရပြီ။ တစ်ဦးချင်းစီ၊ နှစ်ယောက်သုံးယောက်တစ်ဖွဲ့၊ လွယ်အိတ်ကိုယ်စီနဲ့ ကျောင်းသားဒီအရွယ် သဘာဝစကားတွေပြော စလို့နောက်လို့၊ ရယ်လို့မောလို့၊ ကျောင်းသားဘဝကို အောက်မေ့ဖွယ်ရာရှုခင်း ကွာခြားချက်တစ်ခုတော့ရှိတယ်။ ကွာတာမှ စိတ်လှုပ်ရှားဖွယ်ရာ ရှုခင်းနှင့်အတူ စိုးရိမ်ကြောင့်ကြစိတ်တွေကို နှိုးဆွပေးလိုက်တဲ့ ကွာဟမှုကြီး။

**အဲဒါကတော့ တော်တော်များများ သူတို့တစ်တွေရဲ့ လက်ကြားထဲမှာ မီးခိုးတွေသမ်းနေတဲ့ စီးကရက်ကလေးတွေပဲ။ အသက်တွေကမှ ၁၃၊ ၁၄ နှစ် ဝန်းကျင်ပဲ ရှိသေးတာဆိုတော့ အရွယ်နဲ့မလိုက်မအပ်စပ်တာ ဖြစ်နေလို့စိတ်ထဲမှာ မှတ်မှတ်ထင်ထင်မဖြစ်ဘဲမနေနိုင်။ သူတို့ကတော့ ဘာမှထူးခြားမှုမရှိသလို ပြောင်ပြောင်တင်းတင်းပဲ သောက်နေကြတာ၊ စီးကရက်လေးတွေကိုယ်စီနဲ့။ သူတို့က ပိုပြီးတောင်ပေါ်ပေါ်ထင်ထင်ရှိသေးတယ်။ ရှူဖွာနေလိုက်တာ မီးခိုးတထောင်းထောင်း။ ဆိုးလိုက်တဲ့ အတိတ်ဆိုးနိမိတ်ဆိုးမြင်ကွင်းပါလား။ စိတ်ထဲမှာ ကြောင့်ကြစိတ်တွေ၊ ဝမ်းနည်းနှမြောစိတ်တွေနဲ့ ဒေါသစိတ်ကလေးရောနေတဲ့ မခံချည့်မခံသာ ခံစားမှုတစ်မျိုးဖြစ်လာတယ်။ ဒီစိတ်မျိုးဟာ ကုသိုလ်စိတ်မဟုတ်ဘူး။ ဖျောက်ဖျက်ပစ်ရမယ်လို့ ကိုယ့်ကိုယ်ကို ဆုံးမပေမယ့်လည်း လျစ်လျူတော့မရှုနိုင်သေးဘူး။ သင့်တင့်လျောက်ပတ်စွာနှလုံးသွင်းပြီး လုပ်သင့်တာတော့လုပ်ရမှာပဲ။ လူ့အဖွဲ့အစည်း လူ့လောကမှာနေရင် အများနဲ့သက်ဆိုင်တဲ့နေရာတွေမှာ တာဝန်သိသိလုပ်ဆောင်ပေးရမှာတွေရှိပါတယ်။ တစ်ခုခုတော့ လုပ်ရမှာပဲ။**

ကျွန်တော့်စိတ်ထဲက သိနေတာတစ်ခုကတော့ ဒီလူငယ်တွေ ဒီလိုပဲ စီးကရက်ကို ဆက်သောက်နေမယ်ဆိုရင် သူတို့တစ်တွေထဲက ၃၀ ရာခိုင်နှုန်း (သို့) ၅၀ ရာခိုင်နှုန်းဟာ အသက် (၄၅/၅၀) မှာ စီးကရက်နဲ့ နှီးနွှယ်တဲ့ရောဂါကြောင့် သေကြတော့မယ်ဆိုတာ သိနေလို့ပါပဲ။ တစ်ကမ္ဘာလုံးမှာ အသက်ရှည်ကာလဟာပိုလာတယ်။ အခု မြန်မာနိုင်ငံမှာဆိုရင် အသက် ၆၂ နှစ်လောက်ရှိတယ်။ နောက်အနှစ် ၃၀၊ ၄၀ ဆိုရင် ၇၀ ကျော်လောက်ရှိမှာ သေချာသလောက်ပဲ။ အဲဒီအချိန်မှာ သူတို့တစ်တွေကတော့ စောစောသေကြရတော့မယ်။ သက်စေ့နေနိုင်ကြရမှာ မဟုတ်ဘူး။ ဒါကို သူတို့မသိကြဘူးလား။ မသိရင်တော့ သိအောင်လုပ်ပေးဖို့သင့်ပါတယ်။

အခုခေတ်လူငယ်တွေမှာစွဲတတ်တဲ့ဆေး/ပစ္စည်းသုံးတာ(Substance abuse)ဟာ သိပ်ကြီးကျယ်တဲ့ပြဿနာကြီးဖြစ်နေပြီ။ တစ်ချိန်တည်းမှာ စိတ်ရောဂါဖြစ်ပွားမှုနှုန်းများပြားလာမှု၊ ရာဇဝတ်မှုကျူးလွန်တာတွေများလာမှုဆိုတဲ့ အလားတူပြဿနာတွေကလည်း တက်နေတာပဲ။ ဒါတွေကတော့ ဖွံ့ဖြိုးမှုအရှိန်ပြင်းလာလို့ရတဲ့ ဖွံ့ဖြိုးမှုရဲ့ဘေးထွက်ဆိုးကျိုးတွေပါ။

ဒီကံဆိုးမိုးမှောင်ကြမ္မာဆိုးကြီးဟာ ကြောက်မက်ဖွယ်ကောင်းတဲ့ ဧရာမဒီရေလှိုင်းကြီးပမာ လူသားတွေအပေါ် ကျရောက်လာနေတာ။ တစ်နှစ်တစ်နှစ်မှာ သူ့အတွက်ကြောင့် သေရတာဟာ လူသုံးသန်းကျော်တယ်။ ဆက်ပြီး ဒီလိုပဲနေမယ်ဆိုရင် ၂၀၂၀-၂၀၃၀ လောက်မှာ တစ်နှစ်လျှင် လူဆယ်သန်းလောက်စီးကရက်ကသတ်လိမ့်မယ်။ အဲဒီသူတွေထဲမှာ ၇၀ ရာခိုင်နှုန်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံက ဖြစ်မယ်။ ဒီထဲမှာ မြန်မာတွေဘယ်လောက်ပါမယ်။ အခုဆေးလိပ်လက်ကြားညှပ်နေတဲ့ကလေးတွေ ဘယ်လောက်ပါမလဲ။ မတွေးဝံ့စရာပဲ။

စီးကရက်ကုမ္ပဏီကြီးတွေက ဖွံ့ဖြိုးပြီးနိုင်ငံတွေက လူတွေ ဆေးလိပ်မသောက်ရေးကို စိတ်ဝင်စားလာပြီး တချို့တွေက ဆေးလိပ်တွေစဖြတ်လာတော့ သူတို့ဈေးကွက်ချဲ့ဖို့ရာ တခြားနေရာတွေကိုရှာတယ်။ လက်ရှိမှာ သိပ်မသောက်သေးတဲ့ မိန်းမတွေနဲ့ လူငယ်ကလေးတွေကို ပစ်မှတ်ထားပြီး အင်တိုက်အားတိုက် တိုက်စစ်ဆင်ကြတယ်။

ပိုပြီးဆိုးတဲ့ ထိုးနှက်မှုတစ်မျိုးကတော့ အသက်ငယ်သထက်ငယ်တဲ့ ကလေးအုပ်စုကိုရည်မှန်းပြီး ဆွဲဆောင်မှုပရိယာယ်ကို ထွင်လိုက်တယ်။ ၁၃ နှစ်အရွယ်လောက်မှာ ဆေးလိပ်စသောက်ပြီဆိုတော့ ဒါထက်ငယ်တဲ့အသက်ပိုင်းကတည်းက ဆေးလိပ်နဲ့ယဉ်ပါးနေအောင်၊ ထိပါးပတ်သက်မှုတွေ ရှိနေအောင် သူတို့ရဲ့တံဆိပ်အမျိုးအစားတွေကိုလည်း ကလေးတွေအသိစိတ်ထဲရှိနေအောင် လုပ်လာကြတယ်။ ဒါမှသာ ဒီကလေးတွေဆေးလိပ်မြန်မြန်သောက်ဖြစ်မှာ၊ သောက်တော့လည်းသူတို့သိထားတဲ့တံဆိပ်ကို အားပေးမယ်။ ဒါနဲ့ပဲ ကလေးအကြိုက်ကာတွန်းကောင်တစ်ခုကို ဖန်တီးလိုက်တယ်။ Old Joe Camel လို့ အမည်ပေးထားတယ်။ Camel ကတော့ ကုလားအုပ်နာမည်ကျော် စီးကရက်တံဆိပ်တစ်ခု ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်မှာ အသက်ခြောက်နှစ်



အရွယ် ကလေးတွေကို ကွင်းဆင်းလေ့လာကြည့်တော့ Old Joe Camel ကာတွန်းကောင်က အရင်အစဉ်အလာ ကာတွန်းကောင် Mickey Mouse ထက် အသိများသတဲ့။ (Journal of American Association) အမေရိကန်မှာဆိုရင် တစ်နေ့တစ်နေ့မှာ စီးကရက်စသောက်သူ ကလေးပေါင်း ၃၀၀၀ အထက်ရှိတယ်။ ၁၃ နှစ်လောက်က စမ်းသောက်ပြီး ၁၄ နှစ်မှာဆို ပုံမှန်သောက်နေကြပြီ။

အမေရိကန်အခြေအနေကိုတော့ တကယ့်ကူးစက်မြန်အခြေ (epidemic)ရောက်နေပြီလို့ (National Center for Tobaccofree Kids) **"ဆေးလိပ်ဘေးကင်းစင်သော ကလေးငယ်များ အမျိုးသားစင်တာ"** ရဲ့ပြောရေးဆိုခွင့်ရှိသူက ဆိုပါတယ်။ စသောက်တဲ့လူငယ်တွေကလည်း သူတို့ခပ်ငယ်ငယ်က ကြော်ငြာတွေမှာ တွေ့ပြီးရင်းနှီးခဲ့ရတဲ့တံဆိပ်တွေက (ဥပမာ Camel) ကိုရွေးကြတယ်။ Camel စီးကရက်အရောင်းကို ဒီလို စနစ်တကျစီမံချက်တွေဆွဲပြီး လုပ်လိုက်တော့ လူငယ်တွေအတွင်း ရောင်းရတာ ၃ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ တက်သွားတယ်။ အခုဆေးလိပ်သောက်နေတဲ့ လူကြီးတွေကိုမေးကြည့်တော့ သူတို့ အသက် (၁၈ နှစ်)ကစပြီး သောက်ကြသတဲ့။ ခေတ်လူငယ်တွေကတော့ အသက် (၁၃ နှစ်)က စကြတာလို့ပြောတယ်။ ဒီတော့ ဆေးလိပ်စသောက်တဲ့အသက်ဟာ ငယ်သထက်ငယ်လာတယ်။

**မြန်မာပြည်မှာ လူငယ် ဆေးလိပ်သောက်ခြင်းအကြောင်းကို စနစ်တကျလေ့လာထားရှိပါတယ်။ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီမှာကျင်းပတဲ့ ဆရာဝန်များညီလာခံမှာ ဒေါက်တာမျိုးဦးနဲ့အဖွဲ့က ဖတ်သွားတဲ့စာတမ်းကို တင်ပြချင်ပါတယ်။ ဒီစာတမ်းက ပဲခူး၊ မန္တလေးနဲ့မကွေးတိုင်းထဲက (၂၉) မြို့နယ်အတွင်းမှာနေတဲ့ ၂၀၇၄ မျှသော မြို့နေလူငယ်နဲ့ ၁၇၈၁ မျှသော တောနေလူငယ်တွေ (အသက် ၁၅ မှ ၂၄) အတွင်း ဆေးလိပ်သောက်မှုပုံစံကို စိစစ်လေ့လာခဲ့တယ်။ တွေ့ရှိတဲ့အချက်တွေကတော့ ထိတ်လန့်တကြား ဖြစ်လောက်ပါတယ်။ ယောကျ်ားကလေး ၆၇ ဒသမ ၆ ရာခိုင်နှုန်း၊ မိန်းကလေး ၁ ဒသမ ၆ ရာခိုင်နှုန်းဟာ စစ်မေးတဲ့အချိန်မှာ ဆေးလိပ်သောက်နေကြပြီး အသက်အုပ်စုအလိုက် စိတ်ဖြာပြီးကြည့်ရင် တော့ ယောကျ်ားကလေးတွေမှာ-**

**၁၄ နှစ် အရွယ်မှာ ၃၇ ရာခိုင်နှုန်း**

**၁၇ နှစ်အရွယ်မှာ ၅၀ ရာခိုင်နှုန်း**

**၂၂ နှစ်အရွယ်မှာ ၈၀ ရာခိုင်နှုန်းအထက်ဟာ ပုံမှန်ဆေးလိပ်သောက်နေကြပြီ။ စသောက်တဲ့အရွယ် ဟာ နောက်ဘက်ပိုင်းမှာ သိသိသာသာငယ်လာတယ်။ အခုအချိန်မှာ အများစုဟာ ၁၆ နှစ်အရွယ် စသောက်သူတွေဖြစ်တယ်။ အသက် ၂၄ နှစ် အုပ်စုထဲမှာတော့ အများစုဟာ ၅၀ ရာခိုင်နှုန်း အထက်က အသက် (၁၈-၁၉) နှစ် အရွယ်လောက်ကမှ စသောက်တယ်။ ဒီလို ဆေးလိပ်သောက်ခြင်း အဟုန်မြင့်လာတာကလည်း နှစ်များမကြာခင်အတွင်းမှာဖြစ်တာ။**

ဒါထက်တိုးမလာရင်တောင် စိုးရိမ်ဖွယ်ရာအခြေလို့ သတ်မှတ်ရမှာ။ မတိုးဘူးလို့လည်းမပြောနိုင်ဘူး။ ဒါကြောင့် လူငယ်ဆေးလိပ်မသောက်ရေးကို ထိပ်သီးအရေးပေါ်ကိစ္စလို သဘောထားပြီး ကာကွယ်ရေးကိုဇောက်ချလုပ်ထိုက်လှပါပြီ။ ဆေးလိပ်သောက်ခြင်းရဲ့ဆိုးကျိုးနဲ့ အန္တရာယ်ဟာလူငယ်တွေမှာ ပိုပြီးကြီးမားလာပြီဆိုတာကို နောက်ဆုံးသုတေသန တွေ့ရှိချက်အရ သိလာရပါပြီ။ ၁၉၉၉ ခုနှစ်မှာ ထွက်လာတဲ့ဂျာနယ်တစ်ခု (Journal of National Cancer Institute 1999) မှာ ဖော်ပြထားတာကတော့ အသက် (၁၅ နှစ်)အောက်မှာ ဆေးလိပ်စသောက်တဲ့ လူတွေရဲ့ အဆုတ်က ဆဲလ်တွေကို နှစ်ပေါင်းများစွာ ကြာပြီးနောက်မှာ ကြည့်လိုက်တော့ အဆုတ်ဆဲလ်တွေထဲက မျိုးဗီဇပြောင်းပြီး ဆဲလ် (mutated) အရေအတွက်ဟာ အသက် (၂၀) ကျော်မှ စသောက်သူရဲ့ဆဲလ်တွေထက်နှစ်ဆပိုတယ်။ ဒီဆဲလ်တွေက နောင်မှာကင်ဆာဖြစ်စေတာ။ ဒီတော့ အသက် (၁၅ နှစ်)အောက်စသောက်သူဟာ (၂၀)ကျော်ပြီးမှ စသောက်သူထက် အဆုတ်ကင်ဆာဖြစ်ဖို့ရာ နှစ်ဆ ပိုသွားတယ်။ ဒါ့ပြင်ဒီ (၁၅ နှစ်) အောက်တွေထဲက ကင်ဆာအားပေးဆဲလ်တွေဟာ ကောင်းတဲ့ ဆဲလ်တွေအဖြစ် ပြန်မပြောင်းနိုင်တော့ဘူး။ ထာဝရပြောင်းသွားတာဖြစ်ပါတယ်။ ဒါဟာ ဒီလို (၁၅) နှစ်အောက်က စသောက်သူတွေရဲ့ သီးခြားထူးခြားချက်ဖြစ်တယ်။ ဆေးလိပ်ဖြတ်ပြီး အကြာကြီးရှိတာတောင် ဒီဖြစ်ရပ်ဟာရှိနေတုန်းပဲ။

အသက် (၂၀) ကျော်မှ စသောက်သူတွေမှာတော့ ပြောင်းလဲမှုရှိပေမယ့် ဒီလိုထာဝစဉ်ပြောင်းသွားတာမျိုးမဟုတ်ဘူးတဲ့။ ဒါကြောင့် အသက်ငယ်ငယ်ကစပြီး မသောက်ဖို့ရာက အရေးကြီးတာ။ ကြော်ငြာအေဂျင်စီတွေက လူအားလုံးနဲ့ကလေးငယ်တွေ စီးကရက်သောက်ရေးမှာ စီးကရက်ကုမ္ပဏီတွေနဲ့ အလိုတူအလိုပါ မဟာမိတ်ကြီးတွေ၊ အစေအပါးတွေအဖြစ် အသုံးတော်ခံခဲ့တာနှစ်ပေါင်းများစွာရှိပါပြီ။ စီးကရက်ကုမ္ပဏီတွေက ပိုက်ဆံတတ်နိုင်တာကိုး။ အခုတိုင် စီးကရက်ကြော်ငြာကရတဲ့ငွေဟာ ဒီအေဂျင်စီတွေအတွက် မနည်းပါဘူး။

ဒါပေမယ့် အမေရိကန်မှာတော့ ဖြစ်စဉ်အလားအလာကို ဆန့်ကျင်တဲ့ပုံစံတွေ ပေါ်လာနေပါပြီ။ အကြောင်းကတော့ စီးကရက်ဆန့်ကျင်ရေးအုပ်စုတွေက ငွေရှိလာတော့ ကြော်ငြာတွေကိုသုံးနိုင်ကြပြီ။ ဒါ့ပြင်လည်း စီးကရက်ကုမ္ပဏီတွေရဲ့ မသမာလုပ်ရပ်တွေကလည်း တစ်နေ့တခြား ဘူးပေါ်သလို ပေါ်ခဲ့တယ်။ စီးကရက်ကုမ္ပဏီတွေရဲ့ စာရွက်စာတမ်းမှတ်တမ်းတွေကိုထုတ်ဖော်ပြရမယ်၊ ဖတ်ရှုလေ့လာခွင့် ပေးရမယ်ဆိုတဲ့ ဥပဒေတွေကို အစိုးရကထုတ်ပေးလိုက်တော့ သူတို့ရဲ့အကွက်ဆင်လုပ်ဇာတ်တွေ၊ မုသားတွေ ပြောင်တိုက်ပြီး လူငယ်တွေကို ဆေးလိပ်မသောက်သောက်အောင် ဉာဏ်နီဉာဏ်နက်တွေ တီထွင်တာတွေကို သိလာရတော့ လူတွေကအော့နှလုံးနာကုန်ကြပြီ။ ဒါကြောင့် လူထုအတွင်း စာရင်းကောက်လေ့လာကြည့်လိုက်တော့ စီးကရက်ကုမ္ပဏီတွေဟာ လူထုရဲ့မုန်းတီးခြင်းကို ခံနေရသတဲ့။ ဒီလိုအချိန်မှာ စီးကရက်ဆန့်ကျင်ရေးဘက်တော်သားတွေက တန်ပြန်ကြော်ငြာတွေလုပ်ကြတယ်။


**ဒီလူတွေကြော်ငြာလောကမှာ စီးကရက်ကုမ္ပဏီတွေကို တုနိုင်လောက်အောင် ငွေဘယ်ကရသလဲဆိုတော့ ၁၉၉၈ ခုနှစ်မှာ စီးကရက်ကုမ္ပဏီတွေနဲ့ အမေရိကန်ပြည်ရှိ ၄၆ပြည်နယ်က ပြည်နယ်အစိုးရတွေနဲ့ သဘောတူညီမှုရခဲ့တာကစတာဖြစ်ပါတယ်။ ဒီအချိန်မှာ စီးကရက်ကုမ္ပဏီတွေက တရားစွဲခံရပြီး ရှုံးလွန်းလို့၊ သူတို့သက်သာရာမှ ရစေတော့ဆိုပြီး လူတွေတရားမစွဲဘူးဆိုရင် ကြိုတင်လျော်ကြေးငွေ သဘောမျိုးပေးဖို့ အထက်က ၄၆ပြည်နယ်နဲ့ နားလည်မှုရခဲ့တာဖြစ်ပါတယ်။ ပြည်နယ်အစိုးရတွေကရတဲ့ လျော်ကြေးကို ဆေးလိပ်သောက်လို့ နစ်နာခဲ့ရတဲ့ သူတွေကိုပေးတယ်။ ပြီးတော့ ဆေးလိပ်မသောက်ရေး စီမံချက်တွေအတွက် သုံးတယ်၊ တန်ပြန်ကြော်ငြာက ဒီစီမံချက်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။**

ကြော်ငြာတွေမှာ သုံးမယ့်ငွေပမာဏကလည်း မနည်းဘူးဆိုတော့ ကြော်ငြာအေဂျင်စီတွေကလည်း ဝိသမလောဘသားပီပီ (Client)အားပေးသူအသစ်တွေနောက်လိုက်ကြတယ်။ စီးကရက်ဆန့်ကျင်ရေးဘက်ကလည်း ၁၉၉၇ ခုနှစ်နောက်ပိုင်းမှာ စီးကရက်ကုမ္ပဏီတွေကို အသုံးတော်ခံနေသေးတဲ့ အေဂျင်စီတွေကို မသုံးဘူး။ ဒီလိုပဲတူညီသောလက်နက်နဲ့ ကုမ္ပဏီတွေကို ရင်ဆိုင်နေတယ်။ အောင်မြင်မှုအစကိုတော့ တွေ့နေရပြီဆိုပါတော့။

နောက်ကြော်ငြာလောကကို ဝင်လာမယ့်ငွေရပေါက်တစ်ခုကတော့ စီးကရက်ဖြတ်ရာမှာ သုံးမယ့်ဆေး၊ ပစ္စည်းကြော်ငြာတွေဖြစ်မယ်လို့ တွက်နေကြတယ်။

ဒီတော့ စီးပွားရေးလောက၊ ကြော်ငြာလောကဟာ အမှန်တရားသစ္စာတရားတို့နဲ့ ယှဉ်တွဲမှုမရှိတဲ့ ဗလောင်းဗလဲလောကလို့ ဆိုရတော့မှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကိုယုံဖို့ မထိုက်ဘူး။

အထက်ပါအတိုင်း **"လူငယ်နဲ့စီးကရက်ပြဿနာ"** ကိုစုံစုံစေ့စေ့လေ့လာပြီးတဲ့နောက် ဘယ်ပုံဘယ်နည်းကာကွယ်ကြမလဲဆိုတာ စနစ်တကျစီမံချက်များ ရေးဆွဲပြီး ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ပါတယ်။




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ သမစိတ္တလမ်း၊ တိုက်အမှတ်(G-၁၈၊ ၁၉၊ ၂၄)၊ နှစ်ခန်းတွဲ (၃½)ထပ်တိုက်မှ ငါးလွှာ(ဒါဘ)(ခြေရင်းခန်း) တိုက်ခန်းကို ကန်ထရိုက်တာဖြစ်သူ ဦးနေစိုးနိုင် HLG-၀၄၀၁၇၃ထံမှ ဒေါ်မီမီဝင်း ၁၂/လမန(နိုင်)၀၀၃၇၆၂က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၊ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလာ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၈၂၀

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်သီတာဦး၏သား မောင်ဝေဖြိုးအောင်သည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်သီတာဦး
၁၂/ဥကတ(နိုင်)၀၈၀၉၅၂

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀တောင်၊ မြေကွက်အမှတ် ၉၁၇/ခ၊ မြေကွက်တည်နေရာအမှတ် ၉၁၇/ခ၊ ပိတောက်ရွှေဝါလမ်း၊ ၁၀ တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်စိန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးတင်စိန်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မြကျင် ၁၂/သကတ(နိုင်)၀၆၂၀၄၃ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၄၃/၂၀၁၅)ရသူ ဦးဇင်မိုးအောင် ၁၂/သကတ(နိုင်)၁၆၀၁၃၉မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း

အမိ ဒေါ်ခင်အေး ၁၂/ဥကတ(နိုင်)၀၂၆၃၆၉ ၏သား ဦးသန်းဇော် ၁၂/ဥကတ(နိုင်)၀၀၀၀၆၁ သည် မိခင်၏ဆိုဆုံးမမှုကို အကြိမ်ကြိမ်မနာယူပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်း။

**မိခင်-ဒေါ်ခင်အေး**

ပြည်တွင်းသတင်း

# ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်းမပေါ်ရှိ တံတားအား ကြံ့ခိုင်မှုရှိစေရန်ပြုပြင်



**မော်လူး မတ် ၃**

ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်းမ ဖြတ်သန်းသွားရာ နန့်စီးအောင် - ပေကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအနီးရှိ တံတားအမှတ် (၁၆၈ /၄) အား ကြံ့ခိုင်မှုရှိစေရန် ပြုပြင်ခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါတံတားသည် ချဉ်းကပ်လမ်း မြေသားများပြိုကျနေခြင်း၊ တံတားကြမ်းခင်း ပျက်စီးနေခြင်းကြောင့် ကြံ့ခိုင်မှုအားနည်းနေသဖြင့် ဖြတ်သန်း သွားလာလျက်ရှိသော မော်တော်ယာဉ်များ အန္တရာယ်နှင့် ကြုံတွေ့နိုင်သဖြင့် ဖြတ်သန်းသွားလာ မောင်းနှင်နေကြသည့် မော်တော်ယာဉ်များ ၊ မော်တော်ဆိုင်ကယ်များ၊ ခရီးသွားများအတွက် စောင့်ဆိုင်းစရာမလိုဘဲ အဆင်ပြေစွာ မောင်းနှင်သွားလာနိုင်ရန် လမ်းလွှဲပြုလုပ်ပေးကာ လမ်းအထူးစီမံကိန်းကြီးအဖွဲ့ (၁) မှ တံတားခေါင်း ဦးသာခု ဦးဆောင်ကာ အလုပ်သမားများက ကြံ့ခိုင်မှုအားနည်းလျက်ရှိသည့် တံတားအား နေ့ချင်းပြီးပြုပြင်ခဲ့ရာ ညနေပိုင်းတွင် ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များ တံတားပေါ်မှ အန္တရာယ်ကင်းစွာ သွားလာမောင်းနှင်နေနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# အလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပ

**ဖယ်ခုံ မတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်တွင် ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး(ဖလား)အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို မတ် ၁ ရက်က မြို့နယ်အားကစားကွင်းတွင် ကျင်းပသည်။

အဆိုပါပွဲစဉ်တွင် ဝမ်းတူးဖိုက်အသင်းနှင့် နောင်လိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝမ်းတူးဖိုက်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ အဆိုပါဘောလုံးပွဲစဉ်များကို ဇန်နဝါရီ ၂၁ ရက်မှ မတ် ၁ ရက်အထိ ရပ်ကွက်၊ ကျေးရွာများမှ ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကို၊ ဖယ်ခုံမြို့နယ် အမှတ်(၁)မဲဆန္ဒနယ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန်၊ အမှတ်(၂)မဲဆန္ဒနယ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာပြာဟန်နှင့်အဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အားကစားသမားများနှင့် ပရိသတ်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

# ဆိုလာမီးလင်းရေးဖွင့်ပွဲကျင်းပ

**ကျောက်ပန်းတောင်း မတ် ၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းတံတားတည်ဆောက်ခြင်းနှင့် ရေ၊ မီးရရှိရေးလုပ်ငန်းများကို နေရာဒေသအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်ပြစ်ကျေးရွာတွင် ဆိုလာမီးလင်းရေးဖွင့်ပွဲအခမ်းအနားကို အဆိုပါကျေးရွာယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းက ကြက်ပြစ်ကျေးရွာ ဆိုလာမီးလင်းရေးဆိုင်ရာ အချက်အလက်များကို မီးလင်းရေးကော်မတီဥက္ကဋ္ဌထံ ပေးအပ်ပြီး ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် ဆိုလာမီးလင်းရေးဆိုင်းဘုတ်ကို ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

**နေအောင်(iprd)**



# ကူးတို့ကျေးရွာ၌ ကတ္တရာလမ်းသစ်ဖွင့်

**ထားဝယ် မတ် ၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကူးတို့ကျေးရွာ ရွှေသာလျောင်းဘုရားလမ်း ကတ္တရာလမ်းသစ် (၀/၆ ဒသမ ၈၂) ဖာလုံဖွင့်လှစ်ပွဲနှင့် ရောင်းမော်ကျေးရွာအဝင် ကတ္တရာလမ်းသစ် (၂/၅) မိုင် ဖွင့်လှစ်ပွဲအခမ်းအနားကို မတ် ၂ ရက် နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အဆိုပါလမ်းအဝင်၌ ကျင်းပသည်။

ရှေးဦးစွာ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးငွေသိန်းက လမ်းဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဦးသန်းအောင်၊ ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးသိန်းအောင်တို့အား တိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသက်ပိုင်က ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်ကာ ကျေးရွာသူ ကျေးရွာသားများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး၊ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသက်ပိုင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့် ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုကြကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း

**ကွမ်းလုံ မတ် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော ပြည်သူများနှင့် တပ်မတော်သားများအတွက် ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းခြင်းနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ဗျူဟာအဖွဲ့(အခြေချ) (ကွမ်းလုံ) စစ်ဗျူဟာမှူး ဒုတိယ ဗိုလ်မှူးကြီးအောင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက လုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူငွေများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများကို လှူဒါန်းကြရာ ကမ္ဘာ့ရတနာဘဏ်လီမိတက် ကိုယ်စားစစ်ဗျူဟာမှူးကြီးက ကျပ်သိန်း ၃၀ တန်ဖိုးရှိဆေးနှင့်ဆေးပစ္စည်း များ၊ ရွှေဆံပင်ဆရာတော်မှ ကွမ်းလုံပြည်သူ့ဆေးရုံအတွက် ငွေကျပ် ၁၀ သိန်း နှစ်သောင်းတန်ဖိုးရှိ မီးစက်၊ ရပ်ရှင်သရုပ်ဆောင် ဝေဠုကျော်နှင့် ပရိသတ်များက ဆေးနှင့်ဆေးပစ္စည်းများနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကွမ်းလုံပြည်သူ့ဆေးရုံအတွက် ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် ငွေကျပ် ၁၀ သိန်း၊ စစ်ကိုင်းမြို့ သုခကာရီကျန်းမာရေး၊ လူမှုရေးအသင်းနှင့် မြို့သူမြို့သားများက အလှူငွေကျပ် ၁၀ သိန်း၊ မန္တလေးမြို့နေကိုအောင်ကျော်စိုးနှင့်အဖွဲ့က ကွမ်းလုံပြည်သူ့ဆေးရုံအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန်အတွက် အလှူငွေကျပ် ၆၅၁၈၀၀၊ ကွမ်းလုံမြို့ ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က မြို့နယ်ကြက်ခြေနီအဖွဲ့အတွက် ငွေကျပ်လေးသိန်း၊ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်နှင့် ပရိသတ်များက ကွမ်းလုံမြို့နယ် ကြက်ခြေနီအဖွဲ့သို့ ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

**(မြို့နယ်ပြန်/ဆက်)**



## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် -၃၃၇**

ဦးစောငြိမ်း **နှင့်** ဦးငွေဦး ပါ ၆

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂။ ဦးလွင်စိုး၊ ၅။ ဒေါ်မာမာဆိုင်း၊ ၆။ ဦးဇော်ထွန်း၊ အကွက်(၀၀-၈)၊ ဦးပိုင်(၁၀)၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးစောငြိမ်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ မကြီး ၇၂၇/၂၀၁၁တွင် ၇-၁၀-၂၀၁၄ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ် မတ် ၁၃ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) နံနက် ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**

**ဒုတိယညွှန်ကြားရေးမှူး**

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**



[illegible]






## အကျိုးတစ်ရပ်တည်းတွင် သက်ဆိုင်သူအားလုံးကိုယ်စား တစ်ဦးတစ်ယောက်က တရားစွဲဆိုရန် (သို့မဟုတ်) ခုခံချေပနိုင်ရန် ချအပ်သည့်နို့တစ်စာ

**(အမိန့်အမှတ် ၁၊ နည်းဥပဒေ ၈)**

**မန္တလေးခရိုင်တရားရုံး**

**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၃**

ဦးထွန်းနိုင်ဝင်း **နှင့်** ဦးတင်မောင်ဦး(ဥက္ကဋ္ဌ) အမ်ပိုရီယမ်သမဝါယမအသင်းစုလီမိတက်

**တရားလို** **တရားပြိုင်**

အမ်ပိုရီယမ် သမဝါယမအသင်းစုလီမိတက်၊ မန္တလေးမြို့အဖွဲ့ဝင်များနှင့် အကျိုးသက်ဆိုင်သူအားလုံး သိစေရမည်။

တရားလို ဦးထွန်းနိုင်ဝင်းက ဦးတင်မောင်ဦး(ဥက္ကဋ္ဌ)အမ်ပိုရီယမ်သမဝါယမအသင်းစုလီမိတက်အပေါ်တွင် အထက်ပါတရားမမှု တရားလိုသည် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂)ရပ်ကွက်၊ အကွက်အမှတ်(လလ-၆၉)၊ ဦးပိုင် အမှတ်(၈၇+၈၈)ဟုခေါ်တွင်သော ပေ(၄၀×၆၀)အကျယ်ရှိ မြေနှစ်ကွက်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းစွဲဆိုသည်ဖြစ်၍ အငြင်းမပွားသည့်အကြောင်းအရာအရပ်ရပ်ကို ရုံးတော်က ကောင်းမွန်စွာအပြည့်အစုံ (စီရင်ဆုံးဖြတ်) ရှင်းလင်းရန်။

၂၀၁၅ ခုနှစ် မတ် ၂၀ ရက်တွင် သို့မဟုတ် ၄င်းရက်နေ့မတိုင်မီ ဤကဲ့သို့ အကျိုးတစ်ရပ်တည်းတွင် သက်ဆိုင်သူအားလုံးကိုယ်စား ထည့်သွင်းရန်သဘောတူ၊ မတူကို ရုံးတော်တွင် လျှောက်ထားရမည့်အကြောင်း နို့တစ်စာချအပ်ပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ယခုရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းချို)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**မန္တလေးခရိုင်တရားရုံး**

ပြည်တွင်းသတင်း

# (၁၄၂)ကြိမ်မြောက် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော် တပေါင်းဘုရားပွဲတော်ကြီးတွင် မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပွဲများဖြင့် စတင်ဖျော်ဖြေ

**နေပြည်တော် မတ် ၃**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ (၁၄၂)ကြိမ်မြောက် ဆုတောင်းပြည့် လောကမာရဇိန် တပေါင်းဘုရားပွဲတော်ကြီး၌ မြန်မာ့ရိုးရာ ခြင်းလုံးအားကစားကို ဂုဏ်ပြုသောအားဖြင့် မီးရထားရပ် ဆွေသဟာမျိုးဆက်သစ် ခြင်းလုံးအဖွဲ့မှ ဦးဆောင်၍ ဘုရားဗောဓိညောင်ပင်ကွင်း၌ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက်အထိ ညနေ ၅ နာရီမှ ည ၁၁ နာရီအထိ ခြောက်ညတိုင်တိုင် မြို့ပေါ်ခြင်းဝိုင်းများအပြင် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အပါအဝင် အမြို့မြို့အနယ်နယ်မှ ရွှေတံဆိပ်ဆုရှင် အကျော်အမော်များဖြင့် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပွဲဖြင့် ပွဲတော်လာဧည့်ပရိသတ်များအား ဧည့်ခံဖျော်ဖြေလျက်ရှိကြောင်း ပွဲဖြစ်မြောက်ရေး တာဝန်ခံ ဦးခင်မောင်အေးထံမှ သိရသည်။

ခြင်းပွဲ စတင်ဖျော်ဖြေသည့် ဖေဖော်ဝါရီ ၂၈ ရက် ညနေက ဆွေသဟာ မျိုးဆက်သစ်အဖွဲ့မှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ် ၂၆ ဦးမှ ခြေဖျားတော့ငါးမိနစ်ခတ်ပြိုင်ပွဲ ကျင်းပရာ နောက်ဆုံးအကြိမ်ရေ ၃၂၀၀ ကျော်၊ ၁၅ မိနစ်ကြာ တော့နိုင်သူ ခုနစ်ဦးတို့အား မြို့နယ်ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးသိန်းဟန်က ဆုများချီးမြှင့်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၁၁ ရက်အထိ ကျင်းပမည့် လောကမာရဇိန် တပေါင်းဘုရားပွဲတော်ကြီးတွင် ပျဉ်းမနားမြို့ခံ ခြင်းဝိုင်းများဖြစ်သည့် ဆွေသဟာမျိုးဆက်သစ်၊ ခြင်းချစ်သူ၊ အိုင်စောက်၊ မန်းညွှန့် နွယ်၊ ရွှေခြင်းလုံး၊ ဝါသနာလုလင်၊ နဝရတ်၊ ဇော်ဇော်အောင်၊ အာရှလက်ရွေးစင်၊ အေးချမ်းဖြိုး၊ နွယ်နီအောင်၊ နီနီမာနှင့် စုတွယ်တာ၊ နေပြည်တော်တိုင်း လက်ရွေးစင် ကိုကို၊ မျိုးမင်းဇော်၊ ဝင်းမေတ္တာ၊ ဖြူဟ္မစိုရ် ကိုစိုင်း၊ ရွှေရည်၊ PK၊ ရွာတော်၊ မီးရထား၊ ရောင်ကြီးဗွေ ခြင်းဝိုင်းများအပြင် လယ်ဝေး၊ ရဝေအောင် (ရေနံချောင်း)၊ ဝရဇိန်ဒိုးလုံး၊ ကောင်းကောင်း(ဧရာဝတီ)၊ ငြိမ်းအိမ္ဘန်(ဧရာဝတီ)၊ မင်းမင်းစိုး (အပြည်ပြည်ဆိုင်ရာ ခြင်းလုံးဒိုင်)၊ အူဝဲ(တပင်တိုင်) ခြင်းအဖွဲ့များ သာမက အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်လည်းဖြစ်သည့် ဦးစိုးနိုင်၊ အတွင်းရေးမှူးများဖြစ်သည့် ဦးကိုကိုအောင်-၂၊ ဦးဇော်ဇော်မြင့်တို့ကလည်း လာရောက်ဖျော်ဖြေ ခတ်ကစားကြမည်ဖြစ်ကြောင်း သိရသည်။



**ကိုကြီးကျော်(ပျဉ်းမနား)**

## ဥယျာဉ်ခြံသီးနှံ အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာသင်တန်းဆင်း

**နေပြည်တော် မတ် ၃**

Korea နိုင်ငံ KOICA ၏ အထောက်အပံ့ဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မုတ်ပိုအမျိုးသားတက္ကသိုလ်တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၃ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ ဥယျာဉ်ခြံ သီးနှံအော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာ သင်တန်းဆင်းပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ မတ် ၁ ရက် ညနေ ၃ နာရီက တက္ကသိုလ်ဘွဲ့နှင်းသဘင် အစည်း အဝေးခန်းမ(၁)၌ ကျင်းပခဲ့သည်။

"သင်တန်းဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်ကတော့ မြန်မာပြည်မှာ သီးနှံတွေက ပိုးသတ်ဆေးတွေကြောင့် အဆိပ်အတောက်ဖြစ်စေမယ့် အန္တရာယ်ကနေ ကြိုတင်ကာကွယ်ခြင်းဖြစ်ပါတယ်။ သီးနှံတွေ စိုက်ပျိုးတဲ့အခါ ပိုးသတ်ဆေး၊ အဆိပ်အတောက်ဖြစ်စေတဲ့ ဓာတုပစ္စည်းများမပါဘဲ အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်နဲ့ စိုက် ပျိုးတဲ့နည်းတွေကိုစာတွေ့လက်တွေ့သင်ကြားပြသပေးပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

အဆိုပါသင်တန်းသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၂ ဦး တက်ရောက်သင်ကြားခဲ့သည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာနန်းဆိုင်ဟွမ်၊ ပါမောက္ခများနှင့် ကိုရီးယားနိုင်ငံ မုတ်ပိုအမျိုးသားတက္ကသိုလ်မှ Dr.Kim Ki In၊ Mr.Moon Yong Sik နှင့် Mr.Mun Tae Yang တို့က တက်ရောက်၍ ထူးချွန်သင်တန်းသားများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရူလိုင်မိုး**

## ချင်းပြည်နယ် တရားလွှတ်တော်ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**ကလေး မတ် ၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ အဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများ၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဟားခါးမြို့ ပြည်နယ်တရားလွှတ်တော်ရုံး၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်က ထပ်ဆင့်ရှင်းလင်းပြီး ပြည်နယ် တရားလွှတ်တော် တရားရေးဦးစီးမှူး ဦးတဲရင့်စ်စံမွိုင်းနီက လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ရုံးအဖွဲ့မှူးများ၊ ခရိုင်/မြို့နယ်တရားရုံးမှ တရားသူကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သျှင်နေမင်း**

စာပေမြင့်မှ လူမျိုးတင့်မည်

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၅) ဖွင့်

**တပ်ကုန်း မတ် ၃**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနအမှတ်(၆၈) စက်မှုလယ်ယာစခန်း တပ်ကုန်းမြို့မှ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ စက်မှုလယ်ယာ ကူးပြောင်းရေးလုပ်ငန်းများတွင် လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာမောင်းနှင် ထိန်းသိမ်းနိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၅) ကို မတ် ၂ ရက် နံနက် ၈ နာရီခွဲက အဆိုပါ စက်မှုလယ်ယာစခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အမှာစကားပြောကြားပြီး မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသန်းဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတက်ရောက်သည့် သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

သင်တန်းသို့ တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများဖြစ်သည့် ဒဟတ်ကုန်း၊ ရေအင်း၊ ညောင်လွန့်၊ မကျီးပင်၊ ချာတော၊ ကြက်ချောင်း အစရှိသည့် ကျေးရွာများမှ တောင်သူသင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၂ ရက်မှ ၁၂ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



**မင်းမင်းလတ်**
**(မန်းတက္ကသိုလ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း**

ယာဉ်အမှတ် ၁၉ယ/၄၉၅၉၁ Andbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးရှန်ဒိတ်ထန် ၅/ကလထ(နိုင်)၁၂၅၄၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြ ပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ဟသ်္ခတ)

**အောင်လံဆရာတော်အရှင်စန္ဒိမာ၏ (၉)ရက်အဓိဋ္ဌာန် အထူးတရားစခန်း ပြည်မြို့၌ကျင်းပမည်**

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ၏ ပဓာနနာယကဆရာတော် (သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းပြု)၏ (၉)ရက်အဓိဋ္ဌာန်အထူးတရားစခန်းကို ပြည်မြို့၊ နဝဒေးစခန်းခွဲ၊ နဝဒေးလမ်း၊ အောင်တော်မူဘုရားအနီးတွင် ကျင်းပမည်။ တရားစခန်းဝင်မည့် ယောဂီများသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံတွင် စာရင်းပေးသွင်းနိုင်ပါသည်။

၁။ ဦးကျော်မိုး ဖုန်း-၀၅၃၂၉၁၁၀၊ ၀၉-၄၂၃၇၄၄၆၁၁
၂။ ဦးသုမန ဖုန်း-၀၉-၄၂၁၁၇၆၃၀၉
၃။ ဦးငွေထွန်း ဖုန်း-၀၉-၂၅၀၉၉၈၀၅၀၀

(၃)ကြိမ်နှင့်အထက်ဝင်ပြီးသော ယောဂီများအား လုံးဝလက်မခံပါ။
တရားစခန်းဝင်မည့်ရက်နှင့်အချိန် - ၂၄-၃-၂၀၁၅ရက် မွန်းလွဲ၁း၀၀ နာရီ
တရားစခန်းထွက်မည့်ရက်နှင့်အချိန် - ၃-၄-၂၀၁၅ ရက် နံနက် ၇း၀၀ နာရီ
**မှတ်ချက်။** ယောဂီဦးရေကန့်သတ်ထားပါသည်။

စခန်းဝင်မည့်ယောဂီများသည် မိမိတို့၏မှတ်ပုံတင်မူရင်းများယူဆောင်၍ မိမိတို့၏ ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းများနှင့်အတူ လာရောက်ကြရန်ဖြစ်ပါသည်။

**ပြည်မြို့ဥပဋ္ဌာကအဖွဲ့**

**(၃၆)နှစ်ပြည့် မင်္ဂလာရက်မြတ်မှ**

**ရွှေရတု၊ စိန်ရတုတိုင်အောင် မင်္ဂလာဆုတောင်း**

တယ်တယ် ဦးဟန်တင်နှင့် မေမေ ဒေါ်မြင့်မြင့်သန်း (မောင်ဟန်တင်-စိန်ရွှေရတနာဆိုင်) (မော်လမြိုင်)တို့၏ ၄-၃-၂၀၁၅ရက်တွင် ကျရောက်သော(၃၆)နှစ် ပြည့်မင်္ဂလာနှစ်ပတ်လည်မှ နောင်လာမည့် မင်္ဂလာနှစ်ပတ်လည်ပေါင်းများစွာကို သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် သား၊ သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**သမီးကြီး** - **ကိုမျိုးမင်းထွန်း (B-Arch)-**
**မဟန်မိုးမိုးခိုင် (B-Arch)**
**ချစ်မြေးများ** - **မမျိုးမြတ်နိုးခိုင်၊ မောင်ညီညီမိုးထွန်း**
**သား** - **ကိုဟန်ဦးမော်(B.Sc Chem)-**
**မဇင်ဇင်ထွေး(B.Sc Phy)**
**ချစ်မြေးများ** - **မောင်ဟန်အုပ်စိုး၊ မဟန်မေသက်ထား**
**သမီးငယ်** - **ဒေါက်တာဟန်သီရိဇင် Project Research Officer,Department of Medical Research(Lower Myanmar) Ministry of Health.**

**စေတီတော်တည်ဆောက်နေကြောင်း အသိပေးကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ စဉ့်မြင့်ကျေးရွာ (အဘ ဘိုးတော်အောင်မင်းခေါင်၏ မြစ်)၊ စဉ့်မြင့်ကျေးရွာ၊ ပဓာနနာယက ဆရာတော် ဦးသောဘိတ၏ ဩဝါဒအရ စဉ့်မြင့်ကျေးရွာ၊ သောဘိတရာမ ကျောင်းတိုက်၊ ဘုရားဝင်းအတွင်း ယခင်တည်ထားမည့် ဝတစ်လုံးနဝင်းစေတီအား ပြည့်ဝစေတီတော်ဟု ဘွဲ့အမည်ပြောင်း၍ ၂၈-၁၁-၂၀၁၄ရက်မှ စတင်တည်ဆောက်နေပြီဖြစ်ကြောင်းကို ယခင်လှူဒါန်းထားကြသော အလှူရှင်၊ ဓမ္မမိတ်ဆွေအပေါင်းအား အသိပေးကြေညာအပ်ပါသည်။

**ဦးတင့်ဆွေ**
**ဖုန်း-၀၉-၅၁၂၆၂၂၅၊ ၀၉-၇၉၄၉၅၁၃၄၉၊**
**ပြည့်ဝစေတီတော်တည်ထားရေးအကျိုးတော်ဆောင်**

**ကန့်ကွက်နိုင်ပါကြောင်း**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃အေ^၃၊ မြေကွက်အမှတ် V၁၀၂၊ မြေကွက်တည်နေရာအမှတ် ၃၈၊ ၁၅၂လမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ဦးကျော်ရင်နှင့် နှမဒေါ်သောင်း အမည်ပေါက်၊ နှစ် ၉၀ဂရန်မြေအား အမည်ပေါက် နှစ်ဦးအနက် ဦးကျော်ရင်(အဘိုး)၊ ဒေါ်သိန်းမြ(အဘွား)တို့၏ တစ်ဦးတည်းသောသမီးနှင့် သမက် ဒေါ်ညွန့်လှိုင်(မိခင်)၊ ဦးစိန်ဝင်း(ဖခင်) တို့အသီးသီး ကွယ်လွန်သဖြင့် ဦးကျော်ရင်၏အစုအတွက် (၁)ဒေါ်ကြင်ဌေး ၁၂/တမန(နိုင်) ၀၃၂၆၁၇၊ (၂)ဒေါ်သန်းဌေး ၁၂/စခန(နိုင်)၀၃၂၄၆၆၊ (၃)ဒေါ်တင်တင်ဌေး ၁၂/တမန(နိုင်) ၀၃၂၄၇၁၊ (၄) ဒေါ်သိန်းသိန်းဌေး ၁၂/တမန(နိုင်)၀၃၂၅၄၉တို့မှလည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သောင်းသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ကိတ္တိမမွေးစားစာချုပ်၃၄၀/၈၇(၁-၄-၈၇)အရ ဒေါ်ကြင် ဌေး ၁၂/တမန(နိုင်) ၀၃၂၆၁၇နှင့် ဒေါ်သိန်းသိန်းဌေး ၁၂/တမန(နိုင်)၀၃၂၅၄၉တို့မှလည်းကောင်း မြေများနှင့် ကိတ္တိမမွေးစားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာ


ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်လိုင်စင်အမှတ် (ကက - ၁၃/၁၀/၀၇၈) ၁၉၉၈ ခုနှစ်မှ စတင်တည်ထောင်သည့်
AUNG ACADEMY PRIVATE SCHOOL
A A P S
ဒေါက်တာအောင်ငြိမ်း(၁)ဆရာကြီး
ဦး : စီ : ဝေ သ ၁
အောင်အကယ်ဒမီ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းထိ
ကိုယ်ပိုင်အထက်တန်းကျောင်း
စာသင်ဝိုင်း နှင့် အဆင့်မြင့်ဘော်ဒါ
၂၀၁၃ - ၂၀၁၄ တက္ကသိုလ်ဝင်တန်းဘာသာစုံဂုဏ်ထူးရှင်များ
မောင်သော်တင့်တယ်ထွန်း
ဘာသာစုံဂုဏ်ထူး
ဆရက - ၂၅၉
မအိမြတ်မွန်
ဘာသာစုံဂုဏ်ထူး
ဆရက - ၅၈၇
မောင်ဝေယံထွန်း
ဘာသာစုံဂုဏ်ထူး
ဆဗထ - ၄၈၂
မောင်စစ်ပိုင်ထွန်း
ဘာသာစုံဂုဏ်ထူး
ဆဒဂ - ၁၉၇
မမြတ်ဖြိုးမြင့်သက်
ဘာသာစုံဂုဏ်ထူး
ဆဒဂ - ၄၆၈
ကျောင်း - အမှတ် (၉၉)၊ အောင်ဇေယျလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၇၀၆၄၉၊ ၅၇၇၅၆
စာသင်ဝိုင်း - အမှတ် (ဂ၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၄၀၉၄၆


CAPITAL
hypermarket
7th
ANNIVERSARY
1st March- 5th April, 2015
GRAND PRIZE
ငွေကျပ် ၂၀,၀၀၀ ဖိုးနှင့်အထက်
ဝယ်ယူသူတိုင်း
ကံထူးနိုင်မည့် အခွင့်အရေး
Anniversary
Birthday Show
5th April, 2015
6:00 PM
Capital Idol Final Singing Contest
Miss Capital Final list Choice
ကံထူးရှင်ရွေးချယ်ပွဲ
2nd Pirze
3rd Prize
CAPITAL ၏ ဆိုင်ခွဲများ အားလုံးတွင် ဝယ်ယူကံစမ်းနိုင်ပါသည်။
Yangon
No.14-E, Min Nandar Road, Dawbon Township, Yangon.
Nay Pyi Taw

ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်တဲ့အခြေခံများကို ကြိုးပမ်းတည်ဆောက်နေတာဖြစ်ပါတယ်။ ဒီဖြစ်စဉ်တစ်ခုချင်းစီရဲ့ အောင်မြင်မှုကို အသုံးအဖြစ်ပေးနိုင်မယ့် အရေးကြီးတဲ့အချိန်ကာလများကိုလည်း ရောက်ရှိနေပြီဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဒုတိယသမ္မတ ဦးညဏ်ထွန်း လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

သတင်း၊ စာမျက်နှာ » ၃

## ယနေ့ မာတိကာ

ဘရာဇီးနိုင်ငံသား၏ သေဒဏ်စီရင်မှုကို အင်ဒိုနီးရှားရှေ့ဆိုင်း
စာ ၄

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ
စာ ၁၆

ဘီလမ်းမ၊ ဖန်သားပြင်နှင့် ပြည်တော်ဝင်အလွမ်း
စာ ၂၂

## မြန်မာအမျိုးသမီးအသင်းယှဉ်ပြိုင်မည့် အိုလံပစ်ခြေစစ်ပွဲ မန္တလေး၌ ကျင်းပမည်

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် မတ် ၃**

၂၀၁၆ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် နွေရာသီအိုလံပစ်ပြိုင်ပွဲ၏ အာရှဇုန် အမျိုးသမီးဘောလုံးခြေစစ်ပွဲ ပထမအဆင့်ပွဲစဉ်များကို မတ် ဒုတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပထမအဆင့် ခြေစစ်ပွဲများကို မြန်မာအမျိုးသမီးအသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် အာရှဇုန်ခြေစစ်ပွဲများကို အဆင့်သုံးဆင့်ခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ပထမအဆင့်တွင် အသင်း ၁၀ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး အုပ်စု (က)တွင် အိန္ဒိယ၊ သီရိလင်္ကာတို့နှင့် အတူပါဝင်နေသည်။ ခြေစစ်ပွဲအုပ်စု (ခ)တွင် ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ ဟောင်ကောင်၊ ပါလက်စတိုင်း၊ အုပ်စု(ဂ) တွင် တရုတ် (တိုင်ပေ)၊ အီရန်နှင့် လာအိုတို့ပါဝင်ကာ

စာမျက်နှာ ၇ ကော်လံ ၁ ❀



မြန်မာအမျိုးသမီးအသင်းနှင့် ဟာနွိုင်းအသင်းတို့ ခြေစမ်းနေစဉ်။

## လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများအား ကိုးကန့်သောင်းကျန်းသူအဖွဲ့များက နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် မတ် ၃**

လောက်ကိုင်ဒေသတွင် တပ်မတော်စစ်ကြောင်းများက ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၄ နာရီခွဲခန့်တွင် လောက်ကိုင်မြို့တောင်ဘက်ရှိ ယန္တရားဝင်းအတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့က လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တပ်မတော်စစ်ကြောင်းက ပြန်လည်ခုခံတိုက်ခိုက်ရှင်းလင်းခဲ့သဖြင့် သောင်းကျန်းသူများသည် အရှေ့တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✻



## M.V Crystal Symphony ကမ္ဘာလှည့်အပျော်စီးသင်္ဘော ဆင့်မအကြိမ်မြောက် ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် မတ် ၃**

အမေရိကန်နိုင်ငံ အခြေစိုက် M.V Crystal Symphony ကမ္ဘာလှည့် အပျော်စီးသင်္ဘောသည် စင်ကာပူနိုင်ငံမှတစ်ဆင့် မတ် ၂ ရက် ညနေ ၃ နာရီက ရန်ကုန် သီလဝါ ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သည်။

အဆိုပါ သင်္ဘောပေါ်၌ နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ခရီးသည် ၅၂၄ ဦး၊ သင်္ဘောဝန်ထမ်း ၅၄၉ ဦး လိုက်ပါလာကြသည်။ ခရီးသည်များသည် ရန်ကုန်မြို့တစ်ဝိုက်နှင့် ပဲခူး၊ ပုဂံနှင့် မန္တလေးမြို့သို့ သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။ မတ် ၄ ရက် ညနေ ၃ နာရီတွင် M.V Crystal Symphony သင်္ဘောသည် ရန်ကုန် သီလဝါဆိပ်ကမ်းမှ တစ်ဆင့် မလေးရှားနိုင်ငံ ပီနန်းဆိပ်ကမ်းသို့ ပြန်လည် ထွက်ခွာမည် ဖြစ်ကြောင်း သိရှိရသည်။

ဖင်လန်နိုင်ငံမှ တည်ဆောက်ထားသော အဆိုပါသင်္ဘောသည် အလျား ၂၃၈ မီတာ၊ အနံ ၃၂ ဒသမ

စာမျက်နှာ ၁၃ ကော်လံ ၅ ■




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488